မုံရွာမြို့ မဟာလယ်တီတိုက် ကျမ်းပြုအကျော်

**လယ်တီဆရာတော်ဘုရားကြီး**

ပြုစုတော်မူသော

# ဓရုကဏ္ဍရုဒီပနီ

# ဂေါကသုရာဒိဒီပနီ

## မိုးကမ္မဝါစာ၊ မိုးအမိန့်တော်ပြန်တမ်း




လယ်တီဆရာတော်ဘုရားကြီး
ပြုစုတော်မူသော
ရောဂန္တရဒီပနီ

# ရောဂန္တရဒီပနီ

## မာတိကာ


ရှေးဦးအမှာစကား

၁-ကပ်ရောဂါ တိတ်နိမိတ်ထူးများ သရုပ်ပြစကား

၂-ဘီးလူးသားဘက်တို့အကြောင်း

၃။ အန္တရာယ်ကိုကာကွယ်နည်းအမျိုးမျိုး

၄-အစိုးရမင်းတို့၏ တန်ခိုးအာဏာ
လွတ်ငြိမ်းဖွယ်

၅- ဆရာဝန်တို့၏တန်ခိုးအာဏာ
ပျောက်ငြိမ်းဖွယ်

၆-မြို့သူကြီးစသည်တို့၏ တန်ခိုးအာဏာ
ကင်းလွတ်ဖွယ်

၇-ကာလသားတို့၏တန်ခိုးအာဏာ
ပျောက်ငြိမ်းဖွယ်

၈-ရဟန်းတော်များ၏တန်ခိုးအာဏာ
ပျောက်ငြိမ်းဖွယ်

၉-မကောင်းနိမိတ် ပျောက်အောင်လုပ်နည်း
အကျယ်ပြဆိုချက်

၁၀-ကပ်ရောဂါ ပျောက်ဖူးသည့်အရပ်များ

၁၁-ဂါထာ, အင်း, ဆေးအမျိုးမျိုး

၁၂။ ကပ်ကြီး ၃-ပါးအကြောင်း
မြတ်စွာဘုရားဟောကြားပုံ

၁၃-အမိန့်တော်ပြန်တမ်း
လယ်တီဆရာတော် မိန့်ကြားချက်

နိဂုံး

ရောဂန္တရဒီပနီကျမ်း မာတိကာ ပြီးပြီ။

--------- ✳ ---------

# ရောဂန္တရဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ရှေးဦးအမှာစကား

[မော်လမြိုင်မြို့ ရတနာဘုံမြင့် ဆရာတော်, မုံရွာမြို့ လယ်တီ ဆရာတော်, ၎င်းဆရာတော်ကြီး ၂-ပါးတို့သည် သဘောတူ တိုင်ပင်လျက် အသက်ထက်ဆုံး မိမိတို့ တွေ့ကြုံ စုံစမ်း၍ လာခဲ့ကြသော ကပ်ရောဂါ အကြောင်းအရာများကို သေချာစွာဖော်ပြထားသည်]

ဤကျမ်းစာကို နိုင်ငံမြို့ရွာ နှံ့ပြားအောင် အားထုတ်သော သူသည် နိုင်ငံမြို့ရွာ၏အသက်ကို ကယ်ဆယ်သူ ဖြစ်၏၊ အသိန်းမကသော လူသူ, ကျွဲ, နွား သတ္တဝါတို့အား ဇီဝိတဒါနကို ပေးလှူသူမည်၏၊ ဤကျမ်းစာကို ကြည့်ရှုသူတို့သည်လည်း အမှတ်မဲ့ရှုန်ကာ မကြည့်ကြ ရကုန်၊ အသက်မှု ကြီးဖြစ်ချေသည်၊ ကြပ်ကြပ်ကြီး ဂရုစိုက်၍ ကြည့်ရှုကြကုန်ရမည်။

## ၁-ကပ်ရောဂါ တိတ်နိမိတ်ထူးများ သရုပ်ပြစကား

မြို့ရွာတို့၌ ကပ်ဥပဒ် ဆိုက်ရောက်လိမ့်မည်ကို တင်ကူး၍ သိနိုင်ရာသော တိတ်နိမိတ်ထူးများမှာ-

၁။ ခွေးသတ္တဝါတို့ အထူးဆူအူခြင်း။
၂။ နေ့အခါ၌ ကျီးသတ္တဝါတို့ အထူးဆူညံခြင်း။
၃။ ညအခါ၌ အိမ်နေရာသစ်ပင်တို့မှ ကျီးသတ္တဝါတို့ ထကြွလှုပ်ရှားခြင်း။
၄။ ညအခါ၌ "ကုပ်ကရှူး" ခေါ်သော ငှက်ဆိုးတို့မည်တွန်ခြင်း။

၅။ မြစ်ရိုးမြစ်စဉ် မြို့ရွာတို့မှာ မိမိတို့ မြို့ရွာဆိပ်ကမ်းသို့ တပ်လှေ့, တပ်သင်္ဘော ဆိုက်ကပ်လာသည်ဟု အိမ်မက် မြင်မက်ခြင်း။

၆။ ကုန်းမြို့ကုန်းရွာတို့မှာ မိမိတို့ရွာသို့ ကပ်ဆိုက်လာသည်ဟု မြင်မက်ခြင်း။

၇။ အချို့သော မြို့ရွာတို့၌ နေဝင်ရီတရောအခါမှာ မိမိတို့ မြို့ရွာသို့ တပ်ချီ၍လာသည်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကြခြင်း။

၈။ မိမိတို့မြို့တွင်းရွာတွင်းသို့ သူရဲခေါ်သော လူနီကြီးများ ဝင်လာသည်, ဘီလူးခေါ်သော လူနက်ကြီးများ ဝင်လာသည်, သားဘက်ခေါ်သော လူဖြူကြီးများ ဝင်လာသည်, ဝက်ကောင်ကြီးများဝင်လာသည်, နွားမတန်းခန့်ရှိသော ခွေးကောင်ကြီးများဝင်လာသည်, တစ်ထွာတစ်မိုက်ခန့် အမွေးရှိသော ရေသားဘက်ကောင်ကြီး, ကုန်းသားဘက်ကောင်ကြီးများ ဝင်လာသည် ဟုမြင်မက်ခြင်း။

၉။ မည့်သည်အိမ်ပေါ် တိုက်ပေါ်သို့၎င်း, မိမိအိမ်ပေါ် တိုက်ပေါ်သို့လည်းကောင်း၊ ထိုအကောင်ကြီးများ တက်သည်ဟု မြင်မက်ခြင်း။

၁၀။ ညအခါ၌ မိမိတို့မြို့တွင်းရွာတွင်းမှာ ထိုအကောင်ကြီးများ သွားလာ၍နေသည်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကြခြင်း, မိမိတို့ဝင်းထဲ ခြံထဲမှာ တိုက်နောက်ဖေး အိမ်နောက်ဖေး များ၌ ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကြခြင်း။

၁၁။ နေဝင်စအခါ မြို့ ရွာအနီးမှာ တွေ့မြင်ကြခြင်း။

၁၂။ ညအခါ မြစ်ရေထဲ, အင်းရေထဲမှတက်လာ၍ မြို့တွင်း ရွာတွင်းသို့ ဝင်ကြသည်ကိုလည်းကောင်း, အိမ်ပေါ် တိုက်ပေါ်သို့ တက်ကြသည်ကိုလည်းကောင်း မြင်မက်ခြင်း။

၁၃။ မြစ်ဆိပ်များ လှေနှင့်နေကြရာ နေဝင်စအခါ မြစ်ရေထဲမှ ဖွားခနဲ ဖွားခနဲ ပေါ်ကြ၍ မြို့တွင်း ရွာတွင်းသို့ ဝင်ကြသည်ကို ဒိဋ္ဌ တွေ့မြင်ကြခြင်း။

၁၄။ ရေထဲမှ ပေါ်လာ၍ မိမိတို့လှေပေါ်သို့ တက်လာသည်ကို လည်းကောင်း, သူတစ်ပါးလှေပေါ်သို့ တက်လေသည်ကို လည်းကောင်း ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကြခြင်း။

၁၅။ မြို့တွင်း ရွာတွင်း, ဝင်းတွင်းခြံတွင်းတို့၌ မိန်းမနက်ကြီး များကို တွေ့မြင်ကြခြင်း။

၁၆။ လူနည်းပါးသော အိမ်ကြီး, တိုက်ကြီး, ကျောင်းကြီးများ၌ အိမ်အောက်, အိမ်ပေါ် တိုက်အောက်, တိုက်ပေါ် ကျောင်း အောက်, ကျောင်း ပေါ်တို့မှာပင်တွေ့မြင်ကြခြင်း။

၁၇။ မြို့တွင်း ရွာတွင်းသို့ ဆင်တွေဝင်သည်, ကျားတွေဝင် သည်, နွားတွေဝင်သည်, ကျွဲတွေဝင်သည် ဟုမြင်မက်ခြင်း။

၁၈။ မြို့တွင်း ရွာတွင်းမှာ မီးလောင်သည်ဟု မြင်မက်ခြင်း, ဓားပြတိုက်သည်ဟု မြင်မက်ခြင်း, ရုပ်သေးပွဲ, ဇာတ်ပွဲခံ သည်ဟု မြင်မက်ခြင်း။

၁၉။ နေ့အခါ၌ မြို့တွင်း, ရွာတွင်းသို့ ကျားဝင်ခြင်း, သစ်ဝင်ခြင်း, တောယုန်ဝင်ခြင်း, သမင်, ဒရယ်စသော တောတိရစ္ဆာန် တို့ ဝင်ခြင်း, တောကြက်တွေဝင်ခြင်း။

၂၀။ ညောင်တုန်းမြို့များမှာကဲ့သို့ အိမ်ပေါ်, တိုက်ပေါ်မှာ အခိုး တလူလူ ထသည်ကို မြင်ရခြင်း။
၂၁။ ဟသ်ာတမြို့များမှာကဲ့သို့ ညအခါ၌ မြို့တွင်း ရွာတွင်းမှာ အပုပ် အနံ့လှိုင်ခြင်း။
၂၂။ မြို့ပေါ် ရွာပေါ်မှာ ကျီး, လင်းတ များစွာတို့ဝဲခြင်း။
၂၃။ မြို့ပေါ် ရွာပေါ်မှာ မိုယ်းတိမ်နီ, မိုးတိမ်ဝါတို့တောက်ခြင်း။
၂၄။ မြို့တွင်းရွာတွင်းမှာ ယင်ကောင်ကြီး, ယင်ကောင်ငယ်တို့ အထူး များပြားခြင်း။
၂၅။ အိမ်တွင်းတိုက်တွင်းမှာ အိမ်မြှောင်, ယင်ကောင်, ကြွက် သတ္တဝါတို့ကျ၍ ရုတ်တရက် သေဆုံးသည်ကို တွေ့မြင် ကြခြင်း အသေ ကောင်များစွာကို တွေ့မြင်ကြခြင်း။
၂၆။ နွား, ကျွဲ သတ္တဝါတို့၌ကပ်ရောဂါ ကျရောက်လိုသော် ည အခါ၌ နွားခြံ, ကျွဲခြံတို့မှ နွား, ကျွဲတို့တ ရှန်းရှန်းရှိခြင်း, နေ့အခါ တောအရပ်၌ တောချုံရှိရာတို့မှ တရှန်းရှန်း လန့်ခြင်း။
၂၇။ မြင်းတို့၌လည်းကောင်း၊ သိုး, ဆိတ်တို့၌လည်းကောင်း၊ ကပ်ဥပဒ် ကျရောက်လိုသော် ထို့အတူ တစ်စုံတစ်ခု ဖေါက်ပြန်မှု ပေါ်လာခြင်း။

[ဤတိတ်နိမိတ်ထူးများ ပပျောက်အောင် ပြုလုပ်နည်း အကျယ်ကို ၉-အမှတ် အကျယ်ပြခန်းတွင် ပြဆိုလတ္တံ့။]

ဤအလုံးစုံသော တိတ်နိမိတ်ထူးများသည် ကပ်ရောဂါ ဆိုက် ရောက်လိုသော် ရှေးရှေးအခါတို့၌လည်း အရိုးအစဉ် ထင်ရှား၍လာ ခဲ့ကြ၏။

ယခု ပလိပ်ရောဂါ ပေါ်ပေါက်လာရာ၌လည်း ထိုထိုမြို့ရွာတို့မှာ ထင်ရှားစွာတွေ့မြင် သိရှိ၍နေကြသော နိမိတ်များပေတည်း၊ မိမိတို့ မြို့ရွာတို့၌ ဤနိမိတ်များ တစ်စုံတစ်ခု ဖြစ်ပေါ်တွေ့မြင်ကြသည်ရှိသော် ငါတို့မြို့ရွာသို့ ဘီလူးသားဘက်တို့ လာရောက်ကြကုန်ပြီး၊ ယနေ့လား, မနက်ဖြန်လား ငါတို့မြို့ရွာမှာ ကပ်ရောဂါဖြစ်ချေတော့မည်ဟု အမှန်သိကြကုန်ရာ၏၊ ရပ်ကွက်, တိုက်, အိမ်တို့မှာ ထင်မြင်ခဲ့သော် ထိုရပ်ကွက်, ထိုတိုက်, ထိုအိမ်တို့မှာ သိကြကုန်ရာ၏။

ကပ်ရောဂါ တိတ်နိမိတ်ထူးများ ပြီး၏။

-----*----

## ၂-ဘီးလူးသားဘက်တို့အကြောင်း

## အစိမ်းသရဲ

လောက၌ တစ္ဆေ, မှင်စာခေါ်ကြသော နတ်ယုတ် နတ်ညံ့မျိုးတို့လည်း များစွာရှိကြကုန်၏၊ အကြီးအကျယ် အန္တရာယ်ကို မပြုနိုင်ကြကုန်၊ ခြောက်ရုံ, လှန့်ရုံ, ခေါင်းမူးရုံ, သူငယ်ကလေးများကို အငိုတိုက်ရုံ တတ်နိုင်ကြကုန်၏၊ အကောင်သဏ္ဌာန်လည်းငယ်ကြကုန်၏၊ သားစိမ်းစား, ငါးစိမ်းစား မဟုတ်ကြကုန်၊ လူတို့၏ စားနုပ်ပေါက်ကို ရှာကြံကောက် ယူ၍ စားသောက်နေ ထိုင်ကြကုန်၏၊ အစိမ်းသရဲ သားဘက်ခေါ်သော ဘီလူးမျိုးတို့သည်သာလျှင် အကြီးအကျယ် အန္တရာယ် ကပ်ဥပဒ်ကို ပြုနိုင်ကြကုန်၏။

ထိုဘီလူးတို့သည်-

၁။ ကုန်းဘီလူး,

၂။ မြေဘီလူး,

၃။ ရေဘီလူး,

ဟူ၍ ၃-မျိုးရှိကြကုန်၏၊ ထိုတွင်-

## ၁။ ကုန်းဘီလူး

ကုန်းဘီလူးဆိုသည်ကား- မြို့တွင်း, မြို့ပြင် ရွာတွင်း, ရွာပြင် သစ်ပင်ကြီး, ဝါးပင်ကြီး, ထန်းပင်ကြီး, ပေပင်ကြီးတို့၌လည်းကောင်း၊ ဂူဟောင်း, လိုဏ်ဟောင်း, ဇရပ်ဟောင်း, ကျောင်းအို ကျောင်းပျက် ဘုရားပျက် စသည်တို့၌လည်းကောင်း၊ တောကန္တာရ, တောင်ကန္တာရ, သဲကန္တာရတို့၌ လည်းကောင်း၊ များသောအားဖြင့် သုသာန်သင်းချိုင်းတို့၌ နေကြကုန်သော ဘီလူးတို့ကို ကုန်းဘီလူးဆိုသည်။

## ၂-မြေဘီလူး

မြေဘီလူးဆိုသည်ကား-မြေထဲ၌နေကြကုန်သော မြေဘုတ်ဟူ၍ ခေါ်သော ဘီလူးမျိုး,မြေထဲမှာ တွင်းလိုဏ်ရှိ ရာ၌မြို့ ရွာတည်ထောင်၍ နေကြကုန်သော ကျတ်ခေါ်သော မြေဘီလူးတို့ကို ဆိုသည်။

## ၃-ရေဘီလူး

ရေဘီလူးဆိုသည်ကား-ပင်လယ်ထဲ၌၎င်း, မြစ်ထဲ အင်းထဲ အိုင်ထဲ ရေတွင်းအို ရေကန်အိုတို့၌၎င်း, သမုဒ္ဒရာအလယ် ကျွန်းငယ်တို့၌ နေကြကုန်သော ဘီလူးတို့ကိုဆိုသည်၊ ရံခါရံခါ ပင်လယ်၌ သွားလာကြကုန်သော လှေသင်္ဘောတို့ကို နှောက်ယှက်တတ်ကြကုန်၏၊ အာဋ္ဌာနာဋ္ဌ မြို့ အစရှိကုန်သော ကောင်းကင်မြို့တို့၌ နေကြကုန်သော ကောင်းကင် ဘီလူးတို့လည်း ရှိကြကုန်သေး၏။

ထိုတွင်-

၁။ တန်ခိုးငယ်သော ဘီလူးတို့သည် ဝမ်းရောဂါမျှကိုသာ ပြုလုပ်နိုင်ကြကုန်၏။

၂။ တန်ခိုးကြီးသော ဘီလူးတို့သည်မူကား ပလိပ်ရောဂါ, ဝမ်းရောဂါနှစ်ပါးတို့ကို ပြုလုပ်နိုင်ကြကုန်၏။

## ရေဘီလူးတို့၏ နေရာနှင့်အလေ့

ရေဘီလူးတို့သည် လူတို့၏အသွေးအဆီ, ကျွဲနွားတို့၏ အသွေးအဆီတို့ကို စားသောက်ခြင်းငှာ ပင်လယ်မှ တက်လာကြကုန်၍ မြစ်ရိုးမြစ်စဉ်တစ်လျှောက် မြို့ရွာတို့၌ကပ်ဥပဒ်ကို ပြုလုပ်ကြကုန်၏၊ ယခုအခါ၌မူကား မီးရထားလမ်းတစ်လျှောက်ကိုလည်း လျှောက်ကြကုန်ရိပ်ထင်၏၊ မြို့ရွာရှိ ကုန်းဘီလူး, မြေဘီလူးတို့သည်လည်း ရောနှောလျက်လိုက်ကြကုန်၏ ညအခါ၌ ရပ်စုကွက်စု ဝတ်တက် အသင်းများသော မြို့ရွာ ရဟန်းသံဃာတို့ ကျောင်းတိုက်မှ နံနက်စောစောထ၍ ဝတ်တက်ခြင်းများသော မြို့ရွာတို့ကို ရှောင်ကွင်းတတ်ကြကုန်၏။

အကြင် မြို့ရွာတို့မှာ ညအခါ၌လည်းကောင်း နံနက်စောစောလည်းကောင်း ပရိတ်တော်ကြီး ဂုဏ်တော်ကြီး မေတ္တာပို့ကြီးများ ရွတ်သံ, ဖတ်သံဆိတ်၏၊ ရှင်ရှင်, လူလူ လင်းအောင်အိပ်၏၊ ထိုမြို့ရွာတို့သို့ ရောက်ကြကုန်သည် ရှိသော် နေ့အခါ မြို့ပြင်, ရွာပြင်မှာ သုသာန်သချိုင်းများ၌လည်းကောင်း, လူသူအရောက်အပေါက်နည်းပါးရာ ဇရပ်ဟောင်း, တန်ဆောင်းဟောင်း, ကျောင်းအို ကျောင်းပျက် သစ်ပင်တောချုံတို့၌လည်းကောင်း နေကြကုန်၏။

## ညအလေ့

ရေဘဲလူးတို့သည် မြစ်ရေထဲ, အင်းရေထဲမှာလဲ နေကြကုန်၏၊ ညအခါလူနည်းပါးသော တောမြို့ တောရွာ ဖြစ်ခဲ့သော်နေ၀င်၍ မှောင်ရီလျှင် မြို့တွင်း, ရွာတွင်းသို့ ၀င်ရောက်ကြကုန်၏၊ ခွေးတို့သည် အရိပ်အသွင် မြင်ကြကုန်သဖြင့်ဆူအူ ကြကုန်၏၊ လူသူထူထပ်သော မြို့ကြီး ရွာကြီးတို့၌မူကား လမ်းကြီး လမ်းငယ်တို့၌ လူသူ ရထား အသွားအလာ ပြတ်စဲရာ ၁၀-နာရီ, ၁၁-နာရီစီ တစ်ခိုမှာမြို့တွင်း ရွာတွင်းသို့ ၀င်ရောက်ကြကုန်၏။

## နေ့, ညအလေ့

နေ့အခါမှာလည်း မြို့ပြင်ရွာပြင်မှာ တွေ့ရှိကြသော နွား, ကျွဲ, လူသူတို့ကို မှီတွယ်၍ မြို့တွင်းရွာတွင်းသို့ ၀င်တတ်ကြကုန်၏၊ လက်၌ ဒုတ်ဓားလက်နက် ဆူးခက် မီးစ ပါရှိသော သူများကို မမှီတွယ်ဝံ့ကြကုန်၊ မိန်းမ, ယောကျ်ားအကြီး, အငယ်မဆို မောင်းချဓားငယ်ကို အသွား ထုတ်ဖော်၍ စွဲမြဲကြကုန်ရမည်၊ ညအခါ၌ မြို့တွင်းရွာတွင်းသို့ ၀င်ရောက်ကြကုန်ပြီးလျှင် မီးအလင်းမရှိဘဲ မှောင်မဲမဲနှင့် အိပ်ပျော်၍နေကြသော ၀င်းခြံတိုက်အိမ်ကို ရှာကြကုန်၏၊ တွေ့ရှိကြသောအခါ အကာအရန် မလုံခြုံသော တိုက်အိမ် ဖြစ်ခဲ့သော် တိုက်ပေါ်အိမ်ပေါ်သို့ တက်ကြကုန် ပြီးလျှင် အိပ်ပျော်၍နေကြသောသူတို့ကို ကိုယ်တွင်း ကိုယ်ပတို့၌ တွယ်ကပ်ကြကုန်လျက် ပလိပ်ဖျားရောဂါ, ၀မ်းရောဂါ တို့ကိုပေး၍ အသွေးအဆီတို့ကို စုတ်ယူ မျိုသောက်ကြကုန်၏၊ အိပ်မပျော်သော်လည်း ထိတ်လန့်အောင်ပြု၍ ထိတ်လန့်ခြင်းဖြစ်သောသူကို ဖမ်းနိုင်ကြကုန်၏၊ အိပ်ပျော်သောသူငယ်တို့၌လည်းကောင်း, လူနာတို့၌

လည်းကောင်း၊ ခံတွင်းပေါက်မှ အသည်းအအူတို့ကို နုတ်ယူတတ်ကြကုန်၏။

[လည်ဖွဲ့အင်း ဝတ်ထားခြင်း၊ လည်ပင်း၌ ပရိတ်ချည်၊ မန္တန်ချည် ဝတ်ထားခြင်းများသည် ကွယ်ကာတတ်၏။]

အကာအရံ လုံခြုံလှ၍ အိမ်ပေါ်တိုက်ပေါ်သို့မတက်နိုင်ရှိခဲ့သော် အိမ်အောက် တိုက်အောက်တို့၌လည်းကောင်း၊ နောက်ဖေး နောက်ဖီရှိ တဲအုံကျိုကျ အိမ်သာစသည်တို့၌လည်းကောင်း၊ သစ်ပင် ထန်းပင်တို့၌ လည်းကောင်း နေကြကုန်၍ ညအခါ၌ အခိုးလွှတ်ခြင်း၊ အနံ့လွှတ်ခြင်း၊ ကိုယ်တိုင်ပြခြင်း၊ အိပ်မက်၌ပြခြင်းတို့ဖြင့် အိမ်သူအိမ်သားတို့ကို ဖမ်းယူတတ်ကြကုန်၏။

[ဝင်းတွင်း ခြံတွင်း၌ ပရိတ်ရေ၊ မန္တန်ရေ၊ ပရိတ်သဲ၊ မန္တန်သဲ ကြဲထားခြင်းများသည် ကွယ်ကာတတ်၏။ သစ်ပင်ထန်းပင်များ၌ "ဟေတုပစ္စယော" စသည်တို့ကို ပတ်မိအောင် ရေးသားထားခြင်း၊ အင်းအိုင်ဂါထာများကပ်ထားခြင်းသည် ထိုသစ်ပင် ထန်းပင်တို့အပေါ်မှာ မနေနိုင်အောင် ကွယ်ကာတတ်၏။]

## အခိုးလွှတ်ခြင်း

ဤစကား၌ အခိုးလွှတ်ခြင်းဆိုသည်ကား- မိမိတို့ကိုယ်မှ မိမိတို့ တန်ခိုးဖြင့် အခိုးတို့ကို လွှတ်ကြကုန်၏၊ ထိုအိမ်၌ ထိုအခိုး ထိခိုက်သမျှသော သူတို့သည် အိမ်မြှောင်၊ ယင်၊ မှက်၊ ကြွက်သတ္တဝါတို့မှစ၍ ရောဂါဥပဒ် ကဒ်ရောက်ကြကုန်၏၊ ပင်လယ်ကမ်းနား၊ အင်းကြား အိုင်ကြား တောတောင်များ၌ သွားလာနေကြကုန်သော သူတို့သည် ထိုအခိုးမျိုးကို သရဲခိုးဟူ၍ ခေါ်ရိုးအစဉ် ရှိကြကုန်၏၊ သွားရာလာရာ၌ မြေမှလည်းကောင်း၊ သစ်ပင်တော ချုံများမှလည်းကောင်း အခိုးတလူလူ တက်ကြွ၍နေကြသည်ကို မြင်ရလျှင် လွတ်လွတ် ရှောင်ကွင်း၍ သွားကြရ

မည်၊ ထိုအခိုး ထိခိုက်လျှင် ဥပဒ်ဖြစ်တတ်သည် ဟူ၍ သားစဉ်မြေးဆက် ပြောဆိုဆုံးမရိုး ရှိကြောင်းကို ငါတို့အား လျှောက်ထား ကြားသိရဘူး၏။

မန္တလေးမြို့မှာ ပလိပ်ရောဂါ ဖြစ်နေစဉ်အခါ မန္တလေးမြို့နေ မိတ်ဆွေများထံသို့ အနောက်နိုင်ငံမှ ပေးလိုက်သည့် စာတစ်ခုမှာလည်း မန္တလေးမြို့၌ ပလိပ်ရောဂါ ဖြစ်နေသည် ကြားပါသည်၊ ရန်ကုန်မြို့ မျက်မှန် တိုက်ဆိုင်များမှာ ၁၅-ကျပ်တန် မျက်မှန်တစ်မျိုး ရှိပါသည်၊ ဝယ်ယူ ထားကြပါ၊ လမ်းလျှောက်သည့် အခါလည်းကောင်း မျက်မှန်နှင့် ရှေ့သို့ မျှော်ကြည့်၍ ရှောက်ကြပါလျှင် အခိုးတလူလူထ၍ နေသည်ကို မြင်ကြ ပါလိမ့်မည်၊ ထိုအခိုးထိမိလျှင် ပလိပ်ရောဂါ ဖြစ်တတ်ပါသည်၊ လွတ် အောင် ရှောင်ကြပါလေဟုပါရှိ၏၊ ဆရာဝန်မင်းများသည်လည်း ဤ ကဲ့သို့သော အခိုးများကို အထူးကြောင့်ကြစိုက်ကြပေကုန်၏။

[မြေမှထွက်သော အခိုးမျိုးသည် မြေဘီလူး, မြေနဂါးတို့၏ အခိုးမျိုးပေတည်း၊ ခြေစွပ်မြဲခြင်း, ဘိနပ်မြဲခြင်းများသည် ထိုအခိုးအန္တရာယ်ကိုကာကွယ်နိုင်၏။]

ထိုအခိုးမိသောသူကို မြေဘီလူး, မြေနဂါးတို့သည် ခြေမှ လျှောက်၍ ဝမ်းတွင်း, ရင်တွင်းတိုင်အောင် ဝင်ရောက်ကြကုန်၍ အသည်း, အဆုတ်တို့မှ အသွေး, အဆီတို့ကိုစုတ်ယူ မျိုသောက် ကြကုန်၏။

[ခြေချင်းဝတ်၌ ခြေဖွဲ့အင်းဝတ်ထားခြင်း, ခြေစောင့်ဆေးထိုးထားခြင်း, ချည်မန်း ကွင်း ဝတ်ထားခြင်းများသည် ကွယ်ကာနိုင်၏။]

## ကျမ်းဂန်အဆို

ဤပလိပ်ရောဂါကို ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ “ **အဟိဝါတ ရောဂါ”** ဟူ၍ခေါ်၏၊ မြေနဂါးတို့၏ လေအခိုးသင့်၍ဖြစ်သော ရောဂါဆိုလိုသည်၊ **“ကာဠရောဂါ”** ဟူသောစကား၌ ကာဠသဒ္ဒါကား

မည်းနက်သော အနက်ကို ဟော၏၊ မည်းနက်သော အဆင်းရှိသော ဘီလူးကောင်ကြီးတို့ ပြုလုပ်၍ဖြစ်သော ရောဂါမျိုးဆိုလိုသည်၊ ယခု နောက်ကာလမှ ပေါ်ပေါက်လာသော ရောဂါမျိုးဖြစ်၍ ကာလရောဂါ ဆိုသည်ဟု ထင်တတ်ကြ၏။

## သရဲ ၂ - မျိုး

မီးသရဲ, အခိုးသရဲ ၂-မျိုးရှိကြသည်တွင် မီးသရဲမျိုးသည် အညာဒေသမှာပင် တွေ့မြင်ထင်ရှားကြ၏၊ ပင်လယ်ကမ်းနား တလျှောက်မှာ သရဲ ၂- မျိုးလုံးပင် ထင်ရှားကြ၏၊ မြေ ရေတို့၌ရှိသော ဓာတ်တို့၏ ဖောက်ပြန်ခြင်း ကြောင့်ဖြစ်သော အခိုးအမျိုးမျိုးလည်း ရှိကြ၏၊ ဆေးဝါးကုသ၍ လွယ်၏၊ ဘီလူးတို့သည် အဖျားဆေး, အနာဆေးတို့ကို လူတို့ခံတွင်းမှ ထည့်သွင်းသော အရိပ်လည်းထင်၏၊ လူ့ဘဝ၌ ဗေဒင်ပညာ, ဆေးပညာ, အင်းပညာ, ဂါထာမန္တရား ပညာများကို တတ်ကြကုန်သော သူတို့သည် သေလွန်၍ နတ်ဘဝ, ဘီလူးဘဝသို့ ရောက်ကြကုန်သည်ရှိသော် ထိုဘဝ၌လည်း တတ်မြဲတတ်ကြကုန်၏။

## ပလိပ်ဆေးနည်းအညွှန်း

စိန် ၁-ကျပ်၊ ဘင်ခေါ်သော ဆေးကျောက် ၃-ကျပ်၊ ညက်စွာကြိတ်၊ ပလိပ်ရောဂါဖြစ်သူကို နှာခေါင်းနှစ်ဘက်၌ မှို့စေ့ခန့် နှာနှတ်၊ အကျိတ် ပေါ်ခဲ့သော် လဘက်ခြောက်ကို ကျက်ကျက်ကျို၍ ထိုအရည်နွေးနွေးနှင့် ကြပ်ကြပ် နယ်ရမည်၊ လူနာ၏ ခေါင်းရင်း၌နေ၍ စက်ကြီး ၁၃-ပါး မန္တရားကို အခေါက်များစွာ နာနာရွတ်ရမည်၊ ဤကား တစ်ဦးသောသူ အိပ်မက်၌ရသော နည်းသုံးပါးတည်း။

နှာခေါင်းမှာ အိပ်မက်တွင်း၌ ကိုယ်တိုင်ပြ၍ သင်-ဘယ်သူလဲဆိုသော် ငါ-မြေဘီလူးဆို၍ ပလိပ်ရောဂါ ဖြစ်နေသူကို မသေစေလိုသော် ဤနှာကိုနှပ်ရမည်ဟုပြော၍ မြေတွင်းသို့ဝင်လေ၏၊ ပလိပ်ရောဂါကို ထိုသုံးနည်း နှင့်ကုသ၍ လူနှစ်ကျိပ်မျှ ချမ်းသာရကြောင်းကို ပျောက်ငြိမ်း သူများနှင့်တကွ ငါတို့အား လျှောက်ထား ကြားသိရဘူး၏။

ပြောလျှင် ယုံလွယ်သောသူသည် လမ်းလွဲလမ်းမှားလည်း များတတ်၏၊ ပညာလည်းပွားတတ်၏၊ နည်းမှန်နည်း ကောင်းကိုလည်း များစွာတွေ့တတ်၏၊ ပြောလျှင် မယုံတတ်သောသူသည် လမ်းလွဲ လမ်းမှားလည်းနည်းပါး၏၊ ပညာလည်းမပွား၊ နည်းမှန် နည်းကောင်း ကိုလည်း မတွေ့၊ မိမိအိမ်မှာရောဂါရေး အနာရေးနှင့် တွေ့ကြုံခဲ့လျှင် မလုပ်တတ် မကြံတတ်ပြီ၊ မိမိသား, မယားများမှာ ကပ်ဥပဒ် ဖြစ်လာခဲ့သော် ကိုးကွယ်ရာမဲ့ ဖြစ်၍နေကြ၏၊ သတိရှိကြပါစေကုန်။

## အခိုးတို့၏တန်ခိုး

အိမ်အောက်၌ ခိုကပ်၍ လွတ်အပ်သော အခိုးတို့၏ ထိပါး ခြင်းဖြင့် အပူအပြင်း ဖျားသောအခါ ထိုသူ၏ကိုယ်မှ သိမ်မွေ့လှစွာသော ပိုးတို့နှင့်တကွ ထွက်ကြသော အခိုးတို့၏ ကူးစက်ခြင်းဖြင့် ထိုအိမ်မှာ ကျန်ရှိသော သူတို့ကိုလည်း ထိုရောဂါမိတတ်၏၊ ထိုအိမ်သို့ ခိုကပ် မိကြသောဘီလူးတို့သည် ထိုအိမ်၌ လူကုန်မှ ထွက်သွားတတ်ကြကုန်၏၊ ရောဂါဖြစ်သောသူကို ကြည့်ရှုပြုစု၍မနေဘဲ အိမ်နောက်ဖေးကိုဖောက်၍ အမြန်ထွက်ပြေးသူတို့သာ လွတ်နိုင်ကြ ကုန်သည်ဟု ဓမ္မပဒအဋ္ဌကထာ ကျမ်း၌လာ၏၊ ကြည့်ရှုပြုစု၍ နေခဲ့ပြန်လျှင် လက်၌ ဓားလက်နက် ကိုင်စွဲ၍ ကြည့်ရှုပြုစုကုန်ရမည်၊ ကိုယ်၌လည်း အကာအကွယ်ရှိသူတို့မှ

ကြည့်ရှုပြုစုကုန်ရမည်၊ လူနာသည် ကြည့်ရှုသောသူတို့ကို မျက်လုံးကိုပြူး၍ ပါးစပ်ကိုဖြဲ၍, လျှာကိုထုတ်၍, ရုတ်ရုတ်သံမြည်၍ ခြောက်လှန့်တတ်၏၊ ကြောက်လန့်ခြင်း အနည်းငယ်ရှိခဲ့လျှင် ကြည့်ရှုသူကို ထိုဘီလူး ဖမ်းမိပြန်၏။

လူနာရှိစဉ်အခါ ထိုအိမ်၌ အိပ်ပျော်အောင် မအိပ်ကြရကုန်၊ အိပ်ပျော်သူကိုလည်း ဖမ်းတတ်၏၊ တစ်ခြားအိမ်သို့ သွား၍သော်လည်း အိပ်ရမည်၊ **“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”** ကိုအမြဲရွတ်၍ ပရိတ်ချည်, မန္တန်ချည်များကိုဝတ်၍ ကြည့်ရှုပြုစုကြကုန်ရမည်၊ သူနာက ခြောက်ခဲ့သော် ခါးကိုပြ ကြကုန်ရမည်။

အပူတပြင်းဖျားသောအခါ တစ်ကိုယ်လုံးမှာ အသွေး, အဆီတို့သည် ပွက်ပွက်ဆူကြ ထကြကုန်၏၊ စုပ်ယူခြင်းငှာ လွယ်ကုန်၏၊ အကြောဆုံကိုမှ စုပ်ယူမျိုသောက်ကြကုန်၏၊ နှလုံးတွင်း, အသည်းတွင်း, အဆုတ်တွင်းတို့မှ သွေးများစွာ ပါရှိသောအခါ ထိုသူသေရ၏၊ လည်ကုပ်မှ စုပ်ယူသည် လည်းများ၏၊ လည်ကုပ်မှ သွေးကုန်လျှင် သေရ၏။

အသက် ၉-နှစ်ရွယ် ၁၀-နှစ်ရွယ်တို့မှစ၍, ၂၀-ရွယ်, ၂၅-နှစ်ရွယ်တို့၏ အသွေး, အဆီတို့ကို သာ၍ အလိုရှိကြကုန်၏၊ အပျိုအရွယ် သူငယ်မကလေးတွေကို သာ၍ကြောင့်ကြရ၏၊ မိမိတို့မြို့ရွာ၌ ထိုရောဂါ ပေါ်ပေါက်ခဲ့သော်သမီးပျို, သားပျိုတို့ကို ထိုရောဂါကင်းရှင်းရာ မြို့ရွာ တစ်ပါးသို့ အမြန်ပို့ဆောင်၍ထားကြကုန်ရမည်၊ ထိုကဲ့သို့ပို့ဆောင်၍ မထားနိုင် ရှိခဲ့ကြသော် အထက်၌ပြဆိုခဲ့ပြီးသော အကွယ်အကာတို့ကို လုံလောက် စွာပြုလုပ်၍ ထားကြရမည်၊ သားစိမ်း, ငါးစိမ်းစားမှုများကိုလည်း ရှောင်ကြစေရမည်။

## ဘီလူး ဖမ်းစားပုံ

အချို့သော ဘီလူးတို့သည် ညအခါ၌ လူတို့သွားရာ ထိုထိုနေရာမှ ချောင်းမြောင်းခြောက်လှန့်၍ ကပ်ရပ်ကြကုန်၏၊ မြေဘီလူးတို့သည် အမှိုက်သရိုက်, ရွှံ့ပုပ်, ရေပုပ်ထူထပ်ရှုပ်ထွေး၍ လူသူအရောက် အပေါက် နည်းပါးရာမြေ၌နေလျက် အခိုးလွှတ်၍ ဖမ်းခြင်း, ခြောက် လှန့်၍ ဖမ်းခြင်းတို့ဖြင့် ဖမ်းကြကုန်၏၊ ညအခါ၌ အိမ်ပေါ်, တိုက်ပေါ်မှ ဆင်းသူ, တက်သူ, ထွက်သူ, ဝင်သူမရှိကြစေရာ၊ အဖျားမတိုက်ဘဲ ဝမ်းတွင်း ရင်တွင်းသို့ဝင်ရောက်၍ အသွေး, အဆီတို့ကို စုပ်ယူရာ၌မူကား အိပ်ချင် မူးတူးဖြစ်၍ အိပ်ရာမှသေဆုံးတတ်၏၊ သွေးမကုန်၍ ထိုအခါ မသေခဲ့ သော် စုပ်ယူရာဌာန၌ အသည်းနာ, အဆုတ်နာဖြစ်၍ နောက်မှ သေဆုံး တတ်၏၊ ဆေးကောင်းလှ၍ ဆေးကုဆရာ လိမ်မာပါလျှင် ချမ်းသာ တတ်၏၊ ယခုအခါ ဆရာဝန်မင်းတို့သည် ဤကဲ့သို့သော အနာမျိုးများ၌ အကုအသအလွန် လိမ်မာကြပေကုန်၏။

ရေဘီလူးတို့သည် မြစ်ရေထဲ, အင်းရေထဲ, အိုင်ရေထဲ, တွင်းရေ ထဲမှလည်း ဖမ်းတတ်ကြကုန်၏၊ မိမိတို့မြို့ရွာ၌ ကပ်ဥပဒ် ရှိနေသောအခါ မြစ်ရေထဲ, အင်းရေထဲ, အိုင်ရေထဲသို့ဆင်း၍ ရေခပ်ခြင်း, ရေချိုးခြင်းများ ကို ဆင်ခြင်ကြကုန်ရမည်၊ ရေ၌သော်လည်း ပရိတ်သဲ, မန္တာန်သဲများကို ပစ်ကြဲ၍ထားကြရမည်။

အချို့သော မြေဘီလူးတို့သည် ဝမ်းတွင်းသို့မရောက်မူ၍ အောက် အဖို့၌ သွေးတို့ကိုစုပ်ယူကြ၏၊ မထနိုင်, မသွားနိုင် အချိနာရောက်ခြင်း, အဆစ်အရင်းဖောရောင်ခြင်း, အဆစ်အမြစ် ကိုက်ခဲခြင်းတို့ဖြင့် တဖြေး ဖြေး သေဆုံးတတ်၏။

[ဥဏှာလုံ ဂါထာတော်ကြီးနှင့် ရေပြည့်အိုးကို ၃၇-ခေါက်မန်း၍ နေ့စဉ်ရေချိုးရာ ၃-ရက်မျှနှင့် ပျောက်ငြိမ်းသူကို တွေ့ဘူး၏၊ "ဩောင်း ဟေဟော၊ တိသျှတ္တ၊ တိသျှတ္တ" ချီသော ဂါထာကို ဥဏှာလုံဂါထာ ဆိုသည်။]

## ကုစားနည်း

ကောက်ညှင်းဆန်ကိုချက်၍ နွားချေးနှင့် နိုင်းချင်းစပ်၊ ထန်းလျှက် အတန်ငယ်ထည့်၊ ဖောရောင်ရာ, ကိုက်ခဲရာဌာနတို့၌ ထူထူအုံ၍ ပိန်းရွက်အုပ်၊ ၎င်းအထက်၌ အဝတ်စည်း၊ နံနက်တစ်ခါ, ညတစ်ခါလဲ၊ လူတစ်ဦးမှာ အိပ်မက်၌ရသော ဆေးတည်း၊ ဤဆေးနှင့် ၈-လုပ်၍ အမြန်ပျောက်ဖူးသူ ယခုထင်ရှားရှိ၏။

လူနာ၏ကိုယ်မှ အပ၌နေ၍ အကြောဆုံတို့မှ အသွေး, အဆီတို့ကိုစုပ်ယူကြသောအခါ စုပ်ယူရာဌာနတို့၌ အကျိတ် အဖု အလုံး အခဲတို့သည် ဖြစ်ပေါ်ကုန်၏၊ နောက်၌ဖော်ပြလတ္တံ့သော သတ္တကုတ္တံုဆေးကို ရေနံနှင့် ဖျော်၍နယ်လိမ်းလိမ်း၊ အလယ်၌ အမာအဆံကျန်ရှိခဲ့သော် အုံထား၍၊ လဘက်ရည် နွေးနွေးနှင့်သော်လည်း နယ်ရ၏။

## ကိုယ်တိုင်မြင်အောင် လက်တွေ့စမ်းသပ်နည်း

ထိုဘီလူးသားဘက်တို့ကို မိမိတို့ကိုယ်တွေ့ဒိဋ္ဌ မြင်လိုကြသည်ရှိသော် ကပ်ဥပဒ်အားကြီးစွာ ဖြစ်နေသော အရပ်မှာအများတို့ အိပ်ပျော်၍နေကြသောအခါ တစ်ညလုံးမအိပ်မူ၍ အရပ်တွင်း၌ လှည့်လည် ချောင်းမြောင်း၍ ကြည့်ရှုကြပါလျှင် ခွေးအထူး ဆူအူရာဌာန၌လည်းကောင်း, လမ်းဆုံ လမ်းမ လမ်းမြောင်တို့၌လည်းကောင်း, ဝင်းတွင်းခြံတွင်း အိမ့်အောက် အိမ့်နောက်တို့၌၎င်း ၅-တောင် ၆-တောင်ခန့်အရပ်မြင့်သော လူနီကြီး လူနက်ကြီး, လူဖြူကြီး, မိန်းမနက်ကြီး အဝတ်တန်ဆာ

ဆင်ယင်၍ ပကတိမြန်မာ လူမိန်းမအသွင်နှင့် ဆံပင်ဖားလျားချလျက် သွားလာ၍နေကြသော မြန်မာအစိမ်းမ သူရဲမများ, ဝက်နှင့်တူသော အကောင်ကြီးများ, ခွေးကြီးနှင့်တူသော အကောင်ကြီးများ သွားလာ၍ နေသည်ကို ရှေ့လသာ လျှင်ထင်ရှားစွာ တွေ့မြင်တတ်ကြ၏၊ ရှေ့လမသာ လျှင် မထင်မရှားသာ မြင်တတ်ကြရ၏၊ မြင်ကြသည်ရှိသော် အသာ ကြည့်ရှု၍ မနေကြရ၊ အတင်းလိုက်၍ ပစ်ခတ် နှင်ထုတ်ကြပြီးလျှင် လမ်းစဉ်တလျှောက် ဝင်းပေါက်ဝင်းခြံ အိမ်တံခါး ပေါက်တို့၌ ထင်းအမိုက် တို့ကို မီးထည့်၍ ထားကြကုန်ရမည်။

ပလိပ်ရောဂါ, ဝမ်းရောဂါနှင့် သေဆုံး၍သွားကြကုန်သော သူတို့သည်လည်း ဘယ်လိုအကောင်ကြီးကို မြင်ပါသည်ဟု ထွေထွေ လာလာပြောဆို၍ သေဆုံးရှာကြသူ အများပင်ရှိကြကုန်သည်၊ အချို့သူတို့ နစ်မျော၍ သွားရာမှ လည်၍လာကြသောအခါ ထွေထွေလာလာ တွေ့မြင်ခဲ့ကြသည်ကို ပြောဆိုနိုင်သူတို့လည်း အများပင် ရှိကြကုန်၏။

လောက၌ ပလိပ်ရောဂါ, ဝမ်းရောဂါများနှင့်စပ်လျက် သူရဲ သားဘက်စကားကို ပြောဆိုခဲ့သော်အချို့သောသူတို့ မယုံကြည်ကြကုန်၊ မယုံကြည်သူ, မသိတတ်သူ, အမှတ်တမဲ့ နေကြသူများလေလေ ဘီလူး သားဘက်တို့ ပြုချင်တိုင်း ပြုခွင့် ရလေလေဖြစ်၏။

## နှိုင်းယှဉ်ချက်

ဥပမာကား။ ။တစ်ခုသောရပ်ရွာ၌ခိုးတတ်သော သူတစ် ယောက် ရှိ၏၊ ညတိုင်းလျှင် အရပ်ထဲမှာ လှည့်လည်၍ခိုး၏၊ သိသောသူ တစ်ဦးတစ်ယောက်က အရပ်ထဲမှာ ပျောက်ပျက်သမျှ သင်း၏ အတတ် ချည်း ဖြစ်သည်ဟု ပြောဆိုရာ၏၊ ထိုသူ၏ စကားကို မယုံကြည်သူ, မသိတတ်သူ, အမှတ်မဲ့နေကြသူ များခဲ့အံ့၊ ထိုသူခိုး အခွင့်သာ၏၊

ခိုးချင်တိုင်းခိုးယူနိုင်၏၊ ယုံကြည်သူ, သိတတ်သူ, ကြောင့်ကြစိုက်သူများခဲ့အံ့၊ ထိုသူခိုးမလုပ်သာပြီ၊ ဤဥပမာအတိုင်း ဘီလူးသားဘက်တို့ကို မယုံကြည်သူ, မသိတတ်သူ, အမှတ်တမဲ့ နေကြသူတို့သည် ဘီလူးသားဘက်တို့၏အမှုကို ဖုံးဖွက်ကြကုန်၍ ဘီလူး သားဘက်တို့ကို ကူညီကြသကဲ့သို့ ရှိကုန်၏၊ ယုံကြည်သူ, သိတတ် သူ, ကြောင့်ကြစိုက်သူ, ပြောဆိုသူများခဲ့လျှင် ဘီလူးသားဘက် တို့သည် ထိုမြို့ ရွာကိုဝေးစွာ ရှောင်ကွင်းကြကုန်လတ္တံ့။

ဘီလူးသားဘက်တို့အကြောင်းပြီး၏။

----- * -----

## ၃။ အန္တရာယ်ကိုကာကွယ်နည်းအမျိုးမျိုး တုတ်, ဓားစသောလက်နက်

ထိုဘီလူး သားဘက်တို့သည် မိမိတို့တန်ခိုးဖြင့် မိမိတို့ကိုယ်ကို လူတို့ကမမြင်ရအောင် ကွယ်ဖျောက်နိုင်ကြ ကုန်ငြားသော်လည်း တုတ်လက်နက်, ဓားလက်နက်, လေးလက်နက်, မြားလက်နက်တို့၏ အထိအခိုက်ကို မကွယ်ကာနိုင်ကြကုန်၊ ခဲ, ကျောက်ခဲ, လောက်လေး, သားရေပတ်လေးတို့၏ အထိအခိုက်ကို မကွယ်နိုင်ကြကုန်၊ သေနတ်, အမြောက်အစရှိသော လက်နက်ကြီးတို့၏ အထိအခိုက်ကိုမူကား ဆိုဘွယ်မရှိ။

လောက၌ တန်ခိုးရှိသော ဂါထာမန္တရား, ဆေးဝါး, အင်းအိုင်တို့၏အရှိန်အဝါကိုလည်း မကွယ်နိုင်ကြကုန်၊ စိတ်မာန်တင်း တင်းနှင့် ပြင်းထန်စွာရွတ်ဖတ်ကြသောပရိတ်တော်, ဂုဏ်တော်, ပါဠိတော်တို့၏ အရှိန်အဝါကိုလည်း မကွယ်နိုင်ကြကုန်။

ပြဒါးခာတ်, သံခာတ်, စိန်ခာတ်, ဆေးဒါန်းခာတ်, ယမ်းခာတ်, ကန့်ခာတ်, ဒုဠ္ဌာခာတ်, ဟင်းရိုင်းခာတ် အစရှိသော ခာတ်ဆေးတို့ကို လည်းကောင်း၊ ထိုခာတ်ဆေးတို့၏ အခိုးအရှိန်ကိုလည်းကောင်း အလွန် ကြောက်ကြကုန်၏၊ မီးခဲ, မီးတောက်, မီးပေါက်, မီးပွား အထိ အခိုက် ကိုလည်း အလွန်ကြောက်ကြကုန်၏။

## ကာကွယ်ပုံ

မိမိတို့အရပ်၌ ကပ်ဥပဒ်နှင့် ကြောင့်ကြစိုးရိမ် ရှိနေကြသောအခါ အိမ်တွင်း, တိုက်တွင်းမှာ ကန့်ခိုး, ယမ်းခိုး, ဆေးဒန်းခိုးများကိုပေး၍၎င်း၊ နေဝင်လျှင် ဝင်းခြံတံခါးတို့၌ ထင်းအမှိုက်တို့ကို မီးထည့်၍ ယောက်ျား ဖြစ်သူတို့က တစ်ညလုံးမအိပ်ကြဘဲ ဓားလက်နက်ကိုစွဲ၍ မိမိတို့၏ ဝင်းခြံထဲမှာ သွားလာလှည့်လည်၍ နေကြသော်လည်းကောင်း, အိမ်ပေါ် တိုက်ပေါ်မှ နေ၍ လောက်လေး, သားရေပတ်တို့နှင့် ဝင်းထဲ ခြံထဲမှာ တုံး,တိုင်စသည်တို့ကို တပြုတ်ပြုတ် တဖျတ်ဖျတ် ပစ်ခတ်သံပေး၍ နေကြ သော်လည်းကောင်း ထိုဝင်းထိုခြံတွင်းသို့ သူခိုး, ဓားပြတို့လည်း မဝင်နိုင် ကြကုန်၊ ဘီလူး သားဘက်တို့လည်း မဝင်ဝံ့ကြကုန်။

အဆူးထက်သော ခရာခက်, ဆီးခက်, ရှားစောင်းခက် အစရှိ သောသစ်ခက်, ဝါးခက်တို့၏ အထိအခိုက်ကိုလည်း ကြောက်ကြကုန်၏၊ မလုံခြုံသောအကာအရံ, နံရံကြမ်းပြင်, ဝင်းတံခါး, အိမ်တံခါးတို့မှာ ထိုအခက်များကပ်၍ ထားကြကုန်ရမည်၊ အိမ်မှထွက်သွားကြသောအခါ လက်၌ဆူးခက်များကို ကိုင်သွားကြရမည်၊ ဆူးခက်ကို ရမ်း၍ သွားလျှင် မကပ်ဝံ့ကြကုန်၊ နေဝင်၍မှောင်ရီလျှင် ဝင်းထဲ ခြံထဲ တိုက်ထဲ အိမ်ထဲမှာ တုတ်, ဓားနှင့်ရမ်းခြင်း, မီးစနှင့်ရမ်းခြင်း, ဆူးခက်နှင့်ရမ်းခြင်း, များကို ပြုလုပ်ကြကုန်ရမည်။

ပရုပ်, ရှိန်းခို, ရေနံ, ကတ္တရာစေး, အစရှိသော အလွန်ပြင်းသော အနံ့ကိုလည်း မခံနိုင်ကြကုန်၊ ထို့ကြောင့် အစိုးရမင်းတို့သည် အိမ်တို့၌ ဆေးရည်ပက်မှု, ရေနံသုတ်မှုတို့ကို အားထုတ်ကြပေကုန်၏။

ပြင်းထန်စွာ တီးနက်သော မောင်းကြီးသံ, ဘင်ကြီးသံ, ကြေးသံ, သံသံ, ရိုက်သံ, နှက်သံ, သေနတ်သံ, မီးပေါက်သံ, အမြောက်သံတို့ကိုလည်း မခံနိုင်ကြကုန်၊ ကြားဖန်များ၍ ကြားနေကျ ဖြစ်ခဲ့မူကား အတော်အတန်ခံနိုင်ကြပြန်၏၊ အနံ့မျိုးတို့၌လည်းကောင်း, ပရိတ်ဂါထာ ကမ္မဝါတို့၌လည်းကောင်း ထို့အတူတည်း၊ လက်နက်, ဆေးဝါး, ဓါတ်ခိုးများ ထိခိုက်မှု၌ နာလောက်အောင် ထိခိုက်လျှင် နာကုန်၏၊ သေလောက်အောင် ထိခိုက်လျှင် သေကုန်၏။

[တောင်းပန်ကျွေးမွေးလျက် မလွတ်ခဲ့သော် အပ်ချည်ကြိုးကို မာမာကျစ်၍ "နာညတြဗောဇ္ဈ" ဂါထာနှင့် ၃၇-အုပ်မန်း၊ လူနာ၏ လည်ပင်း, လက်, ခြေတို့၌ ကြပ်ကြပ် ဖွဲ့ချည်ထားပြီးလျှင် ဤလူနာ သေလျှင် နင်လည်းသေရလိမ့်မည်၊ ဤကြိုးကို မဖြေဘဲ မီးရှို့မည်, မြေမြှုပ်မည်ဟု ခြိမ်းခြောက်ရမည်၊ ထွက်သွားပါတော့မည်ဆိုမှ ဖြေ၍လွတ်။]

## ရောဂါကာကွယ်ရန်နည်းလမ်း

ဤလောက၌ ဘီလူးသားဘက် အစိမ်းသူရဲ စုန်း နတ် တစ္ဆေ မြေဘုတ်တို့သည် လူသတ္တဝါမျှမက ပေါများကြကုန်၏၊ စစ်ပွဲ၌ ကျဆုံးကြကုန်သော သူတို့နှင့် သတ်၍သေဆုံးကြသူ, ကပ်ရောဂါနှင့် သေဆုံးကြသောသူတို့သည် ထိုဘဝတို့သို့ ရောက်တတ်ကြကုန်၏၊ သူတို့ကြောင့်ဖြစ်ရသော ရောဂါဥပဒ်မျိုးတို့လည်း အလွန်ပေါများကုန်၏၊ သူတို့ကိုကွယ်ကာရန်, နှိမ်နှင်းရန်, နှင်ထုတ်ရန် နည်းလမ်းမျိုး

သူတို့ပြုလုပ်သော အနာရောဂါတို့ကို ကုသရန် နည်းလမ်း မျိုးတို့သည် လည်း ကမ္ဘာပေါ်မှာ အစဉ်အဆက်အားဖြင့် အလွန်များပြားစွာ ရှိကြ ကုန်၏၊ သို့ရာတွင် ပလိပ်ရောဂါ, ဝမ်းရောဂါ လူနာရှင်တို့မှာ သရဲ, သားဘက်တို့အား အစာကျွေးမှုကို ရှေးဦးစွာ ဂရုစိုက်ကြကုန်ရမည်၊ အစာကျွေးပြီးမှ ကုသ၍ လွယ်မည်။

## ရှေးကာလ ကာကွယ်ပုံ

ရှေးကာလ၌ ရှေးသူဟောင်းတို့သည် သားငယ်, သမီးငယ် ရှိကြ ကုန်သည်ရှိသော် ထိုသားငယ်, သမီးငယ်တို့အား ဖွားမြင်စ ကာလမှ စ၍ ထိုအန္တရာယ်မျိုးတို့ကို ကွယ်ကာရန် အမိဖြစ်သူတို့က မြို့စောင့်နတ်, ရွာစောင့်နတ်, အိမ်စောင့်နတ်, ဝင်းတွင်း ခြံတွင်းရှိ သစ်ပင်စောင့်နတ်, မိရိုးဖလာ နတ်တို့အား မပြတ်ပူဇော် ပ-သခြင်း၊ အဘဖြစ်သူတို့က သူငယ်တို့၏လည်ပင်း, လက်ခြေတို့၌ လည်ဖွဲ့, လက်ဖွဲ့, ခြေဖွဲ့ ပြုလုပ်၍ ပေးခြင်း, သားငယ် သမီးငယ်တို့ကို ဆွေထဲမျိုးထဲဝယ် အသက် အရွယ်ကြီး ရင့်သောသူတို့အား ရံခါရံခါ ရှိခိုးပူဇော် ကန်တော့စေခြင်း, သားငယ်, သမီးငယ်ရှိစဉ်အတွင်း အစားအသောက်, အညော်အသင်းမှစ၍ ရှောင် ကြဉ်အပ်သော အမှုတို့ကို မိဘဖြစ်သူတို့က ရှောင်ကြဉ်ကြခြင်းများကို ပြုလေ့ရှိကြကုန်၏၊ သူငယ်တို့ အသေအပျောက် နည်းပါးကြကုန်၏၊ မြို့ရွာများ အလွန်စည်ကားကြကုန်၏။

## ယခုကာလ ကာကွယ်ပုံ

ယခုကာလ၌မူကား မိဘဖြစ်သူတို့မှာ ထိုအလိမ္မာမျိုး မရှိကြ ကုန်ပြီ၊ သားငယ်, သမီးငယ်တို့ကို အန္တရာယ်ဥပဒ် ကင်းရှင်းကြစေရန် ဉာဏ်ဝီရိယ မျိုး, လိမ်မာယဉ်ကျေးရှိကြစေရန် ဉာဏ်ဝီရိယမျိုး မရှိကြကုန်ပြီ၊

မသင်ဘဲနှင့် တတ်နိုင်ကြသော ကမ္မဿကာ တရားနှင့်သာ လွှတ်ထားကြကုန်၏၊ အန္တရာယ်လာလျှင် အလွယ်တကူ ယူသာ ငင်သာရှိ ကြအောင် မိမိတို့အသက်, သားငယ်, သမီးငယ်တို့အသက်တို့ကို မကွယ်မကာ ဗလာပစ်ထားကြကုန်၏၊ ပရိတ် မေတ္တာ စာပေ ပရိယတ် အဖတ် အရွတ်နည်းပါးကြကုန်သဖြင့် အန္တရာယ်၏လာလမ်းကို ရှင်းလင်း၍ ထားကြကုန်၏၊ အမဲ, သားငါးတို့ကို မပြတ်စားကြခြင်း, အပျော်အပါးလိုက်စားခြင်း, အမူးအယစ်များခြင်းတို့ဖြင့် အန္တရာယ်တို့၏အကြိုက် အမိုက်တရား လက်ဆောင် ပဏ္ဏာများကိုသာ ကြိုးစားအားထုတ်ကြကုန်၏။

ဤစကားရပ်၌ မြို့စောင့်နတ်, ရွာစောင့်နတ်, အိမ်စောင့်နတ်, ရုက္ခစိုး, ဘူမစိုး, မိရိုးဘလာနတ်တို့အား မပြတ်မလပ် ပူဇော် ပသခြင်း အမှုသည် လူတို့အား အသက်ရှည်ရာ ရှည်ကြောင်း ကောင်းမြတ်သော အလေ့ ဖြစ်သည်ဟူ၍ ငါတို့မြတ်စွာဘုရား များစွာ ဟောတော်မူသည်၊ အချို့သော သူတို့သည်နတ်တို့ကို မရှိမသေ ပြောဆိုပြုလုပ်ကြကုန်၏၊ ထိုသူများ မကျန်းမမာရှိကြသောအခါ သေအောင်ပြုတတ်ကြကုန်၏၊ သားငယ်, သမီးငယ်ကလေးများတို့ကို ပေါ်လာတိုင်း သေအောင်ပြုလုပ်တတ်ကြကုန်၏။

## အန္တရာယ်ကာကွယ်ရေး- အရေးကြီးပုံ

ယခုအခါ၌ အလွန်ကြမ်းကြုတ်စွာသော ရောဂါဥပဒ် ထူထပ်များပြား၍နေကြ၏၊ စီးပွားရေး, ဥစ္စာရေး, ပညာရေးများထက် ကပ်ဥပဒ် အန္တရာယ်ကို ကာကွယ်ရန် အရေးသည် အကြီးဆုံးသော အရေးဖြစ်၏၊ ဆရာကောင်း သမားကောင်းများနှင့် ပေါင်းဖော် ဆက်ဆံ၍ကြံ အားထုတ်ပြုလုပ်စီမံ၍ လက်ကိုင်လက်စွဲ အမြဲကိုယ်စီရှိကြစေရမည်၊ ထိုသို့မရှိခဲ့သော်

မိမိတို့မြို့ရွာ၌ ဥပဒ်အန္တရာယ် ပေါ်ပေါက်လာလျှင် စောစောက တင်ကူး၍ အန္တရာယ်ကင်းရှင်းရာ မြို့ရွာတစ်ပါးသို့ တိမ်းရှောင်ကာနေကြရမည်၊ ထိုသို့မတိမ်းရှောင်နိုင်ခဲ့သော် နေ့အခါ၌သာ မြို့တွင်း ရွာတွင်းမှာနေ၍ ညအခါ၌ မြို့ရွာမှထွက်ပြီးလျှင် တောဥယျာဉ်, တောအရပ်များမှာ နေကြကုန်ရမည်။

ထိုသို့နေသော်လည်း တောသမင်များကဲ့သို့ အမှတ်တမဲ့ဖြစ်၍ နေခြင်းငှာမသင့်၊ တောသမင်တို့မည်သည် မိမိတို့ အသင်း၌ ဘေးရန်ထိ၍ သေဆုံးသည်ကိုမြင်ခဲ့သော် နှလုံးညှိုးငယ်ရှိကြကုန်၏၊ ပြီးလျှင် မေ့ကြကုန်၏၊ နောက်ကိုကျန်ရှိသော သမင်တို့သည် ဤကဲ့သို့သော ဘေးရန်မှ အစဉ်လွတ်ကင်းကြရန် အကြံအစည် လုံ့လဝီရိယ မရှိကြကုန်ပြီ၊ ထို့အတူ ယခုအခါ၌လည်း ကပ်ဥပဒ်ဖြစ်ဆဲအခါ၌သာ ညှိုးညှိုးငယ်ငယ်ရှိကြကုန်၏၊ ပြီးလျှင် ပျောက်ကြကုန်၏၊ နောက်ကို ငါတို့မြို့ရွာသို့ ဤကဲ့သို့သော ကပ်ဥပဒ်မလာရအောင် ဘယ်လိုကြံကြ, လုပ်ကြမည်ဟူသော လုံ့လဝီရိယ မရှိကြကုန်ပြီ၊ တောသမင်များကဲ့သို့ နေလိုက်ကြကုန်၏၊ ထိုသို့ နေကြခြင်းငှာ မသင့်၊ မသိ မလိမ်မာသူတို့နှင့် သေအတူ-ရှင်အတူ သဘောတူ လိုက်လျော၍ကြောင့်ကြမဲ့နေခြင်းငှာ မတော်၊ အန္တရာယ်ကို ကာကွယ်ရန် နည်းမှန်လမ်းမှန်ကိုပင် ရရှိပါသော်လည်း ပြုလုပ်သူက ပြုလုပ်ပုံညံ့ဖျင်း၍ နေပြန်လျှင် အန္တရာယ် မကင်းတတ်။

## နှိုင်းယှဉ်ချက်

**ဥပမာကား**။ ။ လက်နက်ကိရိယာ ဘယ်လိုပင်ကောင်းသော်လည်း လက်နက်ကိုင်ယူ ပစ်ခတ်သူညံ့ဖျင်း နေခဲ့လျှင် ရန်သူကို မနိုင်သကဲ့သို့တည်း ၊ ပရိတ်တော်, ဂုဏ်တော်, ပါဠိတော်, ဂါထာမန္တရား, ဆေးဝါး အင်းအိုင်များသည်၊ လက်နက်ကိရိယာမျိုးဖြစ်ကြ၏၊ ရွတ်ဖတ်

သုံးစွဲကြသူများသည် လက်နက်ကိုင်ယူ ပစ်ခတ်သူများဖြစ်ကြ၏၊ အန္တရာယ်ကင်းမှု၏ အင်အားကိုသိ၍ မိမိတို့ပြုလုပ်သော အန္တရာယ်ကင်းမှု၏ အင်အားကို အဆများစွာ သာလွန်လေအောင် ကြံဆောင်ပြုလုပ်တတ်ကြပါမှ အန္တရာယ်ကိုကွယ်ကာ ခုခံနိုင်ကြမည်၊ လောက၌ ပရိတ်တော်, ဂုဏ်တော်များကို ဘတ်ရွတ်ကြပါလျက် အန္တရယ်မကင်းရှိနေကြသည်မှာ ပရိတ်တော်, ဂုဏ်တော်များအတွက်မဟုတ်၊ ဖတ်ရွတ်ကြသူ ရှင်လူတစ်စု၏ အလုပ်အကြံညဏ်, ဝီရိယ ညံ့ဖျင်းမှု အတွက်သာမှတ်ရမည်။

ဆေးဝါးဘယ်လိုပင်ကောင်းပါသော်လည်း ဆေးတိုက်သူ ညံ့ဖျင်းလျှင် အနာမပျောက်သကဲ့သို့တည်း၊ အနာကြီးလှ၍ ဆေးတစ်ကျပ်သားတိုက်မှ ပျောက်ငြိမ်းမည်ကို တစ်မူးသားတိုက်၍ရပ်နေအံ့၊ အနာမပျောက်၊ ဆေးအတွက်မဟုတ်၊ ဆေးတိုက်သူ ညံ့ဖျင်းမှုအတွက်သာတည်း၊ ဤနည်းတူမှတ်။

## သီဟိုဠ်ကျွန်း၌ ပရိတ်ရွတ်ပုံ

သီဟိုဠ်ကျွန်းများမှာ အစဉ်အဆက် ယခုထက်တိုင် အန္တရာယ်ကင်းပရိတ်ရွတ်ပုံကား-မြို့ရွာ၌ ကပ်ဥပဒ် ပေါ်ပေါက် လာခဲ့သော် မြို့လုံး ရွာလုံးတညီတညာတိုင်ပင်၍မြို့တွင်းရွာတွင်းမှာ သင့်တင့်ရာဌာနတို့၌ မဏ္ဍပ်ကနား ဆောက်လုပ်ပြီးလျှင် မြို့ရွာရှိ သဃ်ာတော်များကို လျှောက်ကြားပင့်ဖိတ်ကြကုန်၏ မြို့ရွာရှိ သဃ်ာတော်ရှိသမျှတို့သည် အကုန်လာရောက်ကြကုန်၍ ပရိတ်ကြီးစာကို ကိုင်ကြကုန်ပြီးလျှင် ၇-ရက်ပတ်လုံးနေ့မစဲ ညမစဲ အလဲအလှယ်နှင့် ကမ္မဝါဖတ်သကဲ့သို့ ဖတ်ရွတ်ကြကုန်၏။

အဆုံးနေ့၌ အာဋာနာဋိယ သုတ်ကြီးကိုဖတ်ကြကုန်၏၊ မြို့ရွာနေသူ တို့သည် ထို-၇-ရက်အတွင်းမှာ, အလုပ်အကိုင်မရှိကြရ၊ ပရိတ်ရေ,

ပရိတ်ချည်, ပရိတ်ပန်း, ပရိတ်သဲတို့ကို ပြုလုပ်ကြကုန်၍ အိမ်ရာဝင်းခြံတို့ကို ကာရံခြင်း, မိမိတို့မြို့ရွာကို ကာရံခြင်း, ရပ် ကွက်စုကိုကာရံခြင်း, နတ်များကို ပူဇော်ပသခြင်း, ပရိတ်တော်ကို အလှည့်အလည်နာခံခြင်း, သဃ်ာတော်များကိုကျွေးမွေး လှူဒါန်းခြင်းတို့နှင့်သာ နေကြရကုန်၏၊ မြို့ရွာရှိ ဆေးဆရာတို့ကလည်းမိမိတို့၏ တတ်သိလိမ်မာရှိသမျှ မြို့ရွာအကွယ်အကာ, ရပ်ရွာအကွယ်အကာတို့ကို စီရင်ပြုလုပ်ကြကုန်၏၊ အန္တရာယ်မကင်း သည်ဟူ၍မရှိ။

သီဟိုဠ်ကျွန်းမည်သည် နဂိုရင်း၌ဘီလူးကျွန်းသက်သက်ဖြစ်၏၊ ငါးပါးသီလကို ဂရုပြုကြခြင်း, သားငါး စားသောက်မှု နည်းပါးခြင်း, ပရိတ်ရွတ်ပုံ နေရာကျခြင်းတို့ကြောင့် ယခုအန္တရာယ်များပြားကြသည့် ခေတ်အခါမှာပင် အန္တရာယ်ကင်းရှင်းပေ၏၊ ၇-ရက်ပတ်လုံး နေ့, ညမစဲ အလဲအလှယ်နှင့် ပရိတ်ရွတ်နည်းသည် ဓမ္မပဒအဋ္ဌကထာ ဒီဃာယုဝတ္ထုမှာ လာပေသည်။

## အရှင်အာနန္ဒာ ပရိတ်ရွတ်နည်း

ဝေသာလီပြည်မှာ ကပ်ဥပဒ်ဖြစ်စဉ်အခါ အရှင်အာနန္ဒာ ပရိတ်ရွတ်နည်းကား-ဝေသာလီပြည်တွင်းမှာ လူသန်လူမြန် ကာလသား ပေါင်းထောင်သောင်းများစွာ ခြံရံလျက် လမ်းစဉ်တလျှောက် ရောက်သွား ၍ နေဝင်သည်မှ အရုဏ်တက်သည်တိုင်အောင် ရွတ်ပေ၏၊ အရှင်အာနန္ဒာက တိုင်၍ လူသန်လူမြန် ဝေသာလီပြည်သား ကာလသားတို့က တညီတညာ ရွတ်ဆိုကြရကုန်၏၊ **"လိစ္ဆဝီကုမာရေဟိ ပရိဝုတော"** ဟူသော အဋ္ဌကထာပါဌ်၏ နေယျတ္ထ အဓိပ္ပါယ်။

အန္တရာယ်ကို ကာကွယ်နည်း အမျိုးမျိုးပြီး၏။

------*------

# ၄-အစိုးရမင်းတို့၏ တန်ခိုးအာဏာ လွှတ်ငြိမ်းဖွယ်

နိုင်ငံမြို့ရွာတို့၌ ကျရောက်ပေါ်ပေါက်၍နေသော ကပ်ရောဂါသည် နိုင်ငံမြို့ရွာ အစိုးရမင်းများ၏ အစွမ်းဖြင့်လည်း ပျောက်ငြိမ်းတတ်၏။

ပျောက်ငြိမ်းရန်အဘယ်သို့ ပြုအပ်သနည်းဟူမူကား-အစိုးရမင်းတို့သည် မိမိတို့အုပ်ချုပ်ရာမြို့ရွာကို သူခိုးဓားပြတို့ လာရောက်တိုက်ခိုက်ကြလိမ့်မည်ဟု ကြောင့်ကြစိုးရိမ်ခြင်း ရှိခဲ့သော်လည်းကောင်း, လာရောက် တိုက်ခိုက်၍ နေသည်ဟုကြားသိခဲ့သော်လည်းကောင်း၊ အဘယ်သို့စီမံအားထုတ် ပြုလုပ်ကြလိမ့်မည်နည်း၊ ထိုနှင့်ထပ်တူ စီမံအားထုတ်ပြုလုပ်ကြပါလျှင် သူခိုးဓားပြအခိုးအတိုက်လည်း လွှတ်ငြိမ်းလတ္တံ့၊ ဘီလူးသားဘက်တို့ ထကြွ သောင်းကျန်းမှု ကပ်ဥပဒ် အန္တရာယ်လည်း အမှန်လွှတ်ငြိမ်းလတ္တံ့။

## စီမံပြုလုပ်နည်း

၁။ တောမြို့ တောရွာတို့၌ မြို့ရွာအရံ ဆူး စည်း တံခါး, ဝင်းခြံ အရံဆူး စည်း တံခါးလုံခြုံစေရမည်။

၂။ အန္တရာယ်ဖြစ်ရန် နိမိတ်တစ်စုံတစ်ခု ပေါ်လာခဲ့သော်လည်းကောင်း, အနီးအစပ်မြို့ရွာ၌ ကပ်ဥပဒ် ဖြစ်နေရာ မိမိတို့မြို့ရွာသို့ ကူးလာမည်ကို စိုးရိမ်ခွင့် ရှိခဲ့သော်ငင်း မြို့တံခါး, ရွာတံခါးတို့၌ ကင်းအိပ် ကင်းစောင့်ထားကြစေရမည်။

၃။ နေဝင်လျှင် မှောင်မလာမီ တံခါးတို့ကို လုံစွာပိတ်စေ၍ တံခါးအတွင်း၌ ထင်းအမှိုက်တို့ကို မီးထည့်၍ တံခါးတစ်ခုတစ်ခုလျှင် လက်နက်စွဲကိုင်သူ လူ ၂-ယောက် ၃-ယောက်ကို နံနက်အရုဏ်တက်သည် တိုင်အောင် မအိပ်ကြကုန်မူ၍တံခါးတွင်း၌ စန္ဒရီသွား၍ နေကြရမည်။

[မြို့ပြင်ရွာပြင်မှာရှိနေကြသော
ဘီလူးသားဘက်တို့သည်မြို့တွင်းရွာတွင်းသို့မဝင်ဝံ့ကြကုန်။]

၄။ မြို့တွင်းရွာတွင်းမှာရှိနေကြကုန်သော ဘီလူး သားဘက်တို့ကို လည်း မြို့ရွာနေလူတို့နှင့် မြို့ရွာအစိုးရမင်းများ ကြီးကြပ်၍ သေနတ်လက်နက် အချက် ၃-ရာတန်သည် ၅-ရာတန်သည် ပစ်ဖေါက် တီးခေါက် ခြိမ်းခြောက် နှင့် ထုတ်ကြရမည်။

[ညအခါ၌ မြို့တွင်းရွာတွင်းမှာ နေ့အခါ၌မြို့ပြင်ရွာပြင်မှာ
သုံးည, သုံးနေ့ နှင့်ထုတ် ပါလျှင် ဝေးရာဌာနသို့ ထွက်သွားကြကုန်လတ္တံ့။]

၅။ မြို့တွင်း ရွာတွင်း၌လည်းကောင်း, မြို့ပြင် ရွာပြင်၌ လည်းကောင်း, မသင်္ကာရာ ဌာနတို့သည် ရှိတတ်ကြကုန်၏၊ သည်နေရာမှာ မသင်္ကာပါ, သည်သစ်ပင်မှာ မသင်္ကာပါဟု ပြောဆိုကြရာ မသင်္ကာရာဌာနတို့၌ သုသာန် သင်းချိုင်းမှ စ၍ အထူးအားထုတ် ခြိမ်းခြောက်နှင့် ထုတ်ကြရမည်။

## အမိန့်တော်ပြန်တမ်း

ထိုမြို့ရွာ ဆိုင်ရာအရေးပိုင်မင်း, မြို့ပိုင်မင်းများကိုယ်တိုင် မသက်ဆိုင်ရာ ဌာနများသို့ သွားရောက်ကြပါ၍-

"ဤမြို့ ဤရွာသည် ငါတို့အုပ်ချုပ်ဆိုင်ပိုင်သော မြို့ရွာဖြစ်သည်၊ နင်တို့ဘီလူးမျိုး, သားဘက်မျိုး, သူရဲမျိုး, နတ်ဆိုး, နတ်ဝါးတို့သည် မြို့ရွာကို ဖျက်ဆီးသူများဖြစ်ကြကုန်သည်၊ ငါတို့ မြို့ ရွာ နယ်ပယ်မှ အမြန် ထွက်သွားကြကုန်ရမည်၊ မထွက်မသွား မခန့်ငြားတုံ နေကြကုန်သည်ရှိသော် သေနတ်လက်နက် အချက် ၉-ရာ မိုးကြိုးရွာသကဲ့သို့ ရှစ်မျက်နှာ ဝိုင်းအုံလျက် တဟုန်တည်း ပစ်ခတ်ကြကုန်လိမ့်မည်" -

ဟူ၍ ၃-ခေါက်ပြန်ကာအမိန့်နှင်ထုတ်စာ ဖတ်ကြားကြကုန်ရမည်၊ ၎င်းစာကိုလည်း ထိုမသက်ဆိုင်ရာ အရပ်တို့၌ကပ်ထားကြကုန်ရမည်။

[ဤကဲ့သို့ အားကြီးစွာ ပစ်ခတ်မည်ကို အလွန်ကြောက်ကြကုန်၏၊ ဧကန်ထွက်သွားကြကုန်လတ္တံ့၊ "အင်္ဂလိပ်လူမျိုး"တို့ အမိန့် နှင်စာဖြစ်လျှင် သာ၍ကောင်း၏၊ ဤစကားကို အင်္ဂလိပ်မင်း အုပ်စိုးစဉ်ဖြစ်၍ဆိုသည်၊ ယခုအခါမူကား တိုင်းပြည်အုပ် ချုပ်သောအစိုးရမင်းတို့ အမိန့် နှင်စာမှသာ ကောင်းနိုင်ဖွယ်ရာရှိ၏။]

## တောထုတ်နည်း

ကပ်ရောဂါ ကျရောက်ဖြစ်ပွား၍နေသော မြို့ရွာတို့၌လည်း အစိုးရမင်းတို့သည် စစ်သည်တပ်သား အမြောက် အမြားတို့နှင့် တကွ တိုက်စည် တိုက်မောင်း အတွင်ဆော်လျက်သေနတ်လက်နက် အချက်များစွာ ပစ်ဖေါက်လျက် တမြို့လုံးတရွာလုံး အုန်းအုန်းညံညံ ဩသံကြွေးကြော် ဟစ်အော်ဆူလှိုက် ရိုက်နှက်တီးခေါက် ခြိမ်းခြောက် နှင်ထုတ်ကြပါလျှင် နေ့ခြင်းညခြင်း အမှန်ပျောက် ငြိမ်းလတ္တံ့၊ ရောဂါ ဖြစ်နေသူလူနာ

များရှိခဲ့ပါလျှင် အကြောင်းအရာကို ပြောကြား၍ နားပေါက်နှစ်ဖက်၌ ဝါဂွမ်းကို မာမာလိပ်၍လုံ စွာပိတ်ထားစေရမည်၊ ကျမ်းဂန်တို့၌ ပဲမှုန့်ကို နားတွင်း၌ ဆို့ထားရမည်ဟုလာ၏။

## တစ်နည်း ဗလိနတ်စာကျွေး၍တောထုတ်နည်း

ရန်ကုန်မြို့, မန္တလေးမြို့များကဲ့သို့ မြို့ကြီး ရွာကြီးများ ဖြစ်ခဲ့လျှင်မြို့တွင်းမှာပင် ဘီလူး သားဘက်တို့ ခိုကပ်နေထိုင်ရန် အလွန်များ၏၊ လူမျိုးကွဲလည်း အလွန်များ၏၊ အန္တရာယ်ကို နှင်ထုတ်မှု၌ တစ်မြို့လုံး စိတ်ရောကိုယ်ပါ ညီညွတ်စွာဖြစ်ခဲ၏၊ ထို့ကြောင့် ထိုကဲ့သို့သော မြို့ကြီးများ၌ ရှေးဦးစွာ ဘီလူး သားဘက်တို့ ကြိုက်တတ်သော ဗလိနတ်စာတို့ကို လုံလောက်စွာ စီစဉ်ပြီးလျှင်-

"ယခုအခါ ဤမြို့ ဤရွာ၌ ရှိနေကြကုန်သော ဟေ-ဘီလူး သားဘက်တို့. . နက်ဖြန်အခါ မည်သည့် အချိန်, နာရီမှစ၍မည့်သည့် အရပ်ဌာနမှ ဘီးလူးသားဘက်တို့အားမြို့ သူမြို့သားတို့က ဗလိနတ်စာ ကောင်းမွန်စွာ ကျွေးမွေးကြကုန်လိမ့်မည် ၊ နက်ဖြန်အခါ မည်သည့်နာရီ အချိန်တွင် မည်သည့်အရပ်ဌာနသို့ သင်တို့လာ ရောက်ကြကုန်ရမည်"-

ဟု စည် မောင်းလှည့်လည်စေ၍ ၃-ရက်တိုင်တိုင် ကျွေးမွေးပြီးမှ နှင်ထုတ်ကြကုန်ရမည်၊ သူခိုးဓားပြ တိုက်ခိုက်မှုနှင့်ထပ်တူ ထိုထိုမြို့ရွာနယ်ပယ်ကို အုပ်ချုပ်ကြကုန်သော အစိုးရမင်းတို့သည် အသီးအသီးကြောင့်ကြ စိုက်ထုတ်ကြပါကုန်မူကား ဤကပ်ဥပဒ် အန္တရာယ်သည် ဤနိုင်ငံမှ အမြန်ထွက်သွားလတ္တံ့။

ယခု ကပ်ဥပဒ် ဖြစ်ကြရာမှာလည်း အိမ်တို့ကို သန့်ရှင်းစေခြင်း, ရေနံသုတ်ခြင်း, ဆေးရည်ဖျန်းပက်ခြင်း, မြို့ပြင်သို့ထုတ်ခြင်း, ပလိပ်ဆေး

ထိုးခြင်းတို့ဖြင့် အစိုးရမင်းတို့ ကြောင့်ကြစိုက်ကြပေကုန်သည့်အတွက် သက်သာရာ အပုံကြီးရကြပေကုန်သည်။

## ကပ်ကြီး ၃- ပါး

လောက၌ ကပ်ကြီး ၃- ပါးရှိကြ၏၊ ထိုတွင်-

၁။ လူတို့အချင်းချင်း တိုက်ခိုက်သတ်ဖြတ်မှု ကပ်ကြီး တစ်ပါး,

၂။ မိုးခေါင်၍အစာရေစာ ငတ်မွတ်ခေါင်းပါးမှု ကပ်ကြီး တစ်ပါး,

၃။ ကပ်ရောဂါကျရောက်မှု ကပ်ကြီးတစ်ပါး,

ထို ၃-ပါးတို့တွင် ကပ်ရောဂါ ကျရောက်မှုသည် နိုင်ငံသူ နိုင်ငံသား တို့အပေါ်မှာ အကြီးဆုံးသော ကပ်ကြီးဖြစ်၏၊ အကြောင်းမူကား တစ် နိုင်ငံလုံး၏ အသက်အန္တရာယ်ကြီး ဖြစ်သတည်း၊ ထို့ကြောင့် နိုင်ငံရှင် အစိုးရမင်းတို့သည် ထိုကပ်ဥပဒ်ကြီးအတွက် နတ်ဆိုးတို့ကြောင့် ဖြစ်သည်ဟူသော အယူစကားကိုလည်း အမှတ်တစ်ခုထား၍ နတ်ဆိုး တို့နှင့် စပ်ဆိုင်သော အမျိုးမျိုးသော ကပ်ရောဂါငြိမ်းရာငြိမ်းကြောင်း နည်းလမ်း များကို စုံစမ်းကြကုန်ရာသတည်း။

[ဤကား နိုင်ငံရှင်အစိုးရမင်းတို့၏ တန်ခိုးအာဏာ အလိမ်မာ ဝီရိယတို့၏ အစွမ်း ဖြင့် နိုင်ငံမြို့ရွာတို့၌ ကပ်ရောဂါ ကင်းရှင်းရာသော နည်းလမ်းများကို ပြဆိုခန်းတည်း။]

အစိုးရမင်းတို့၏ တန်ခိုးအာဏာပြီး၏။

----*----

# ၅- ဆရာဝန်တို့၏တန်ခိုးအာဏာ ပျောက်ငြိမ်းဖွယ်

နိုင်ငံမြို့ရွာတို့၌ ကျရောက် ပေါ်ပေါက်လျက်ရှိနေသော ကပ်ရောဂါမျိုးသည် ဆရာဝန်မင်းများ၏ အစွမ်းဖြင့်လည်း ပျောက်ငြိမ်းတတ်၏။

ဘီလူး သားဘက်တို့မည်သည် လူတို့၏ ပကတိမျက်စိဖြင့် မြင်ကောင်းကြသည် မဟုတ်၊ မိမိတန်ခိုးဖြင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍ နေသောအခါ များ၌သာ မြင်ကြရကုန်၏၊ ပကတိမျက်စိဖြင့် မမြင်ကောင်းသော်လည်း ဘီလူးသားဘက် အစိမ်းသူရဲ နတ်ဆိုး နတ်ဝါးတို့၏ ဆိုင်ရာဆေးဝါး ပညာများနှင့် ပြုလုပ်သည်ရှိသော် ထိခိုက်၏၊ နာလောက်အောင်ထိခိုက်လျှင်နာ၏၊ သေလောက် အောင်ထိခိုက်လျှင် သေ၏၊ သို့ရာတွင် ဥရောပတိုက်သား ဆရာဝန် မင်းများတို့သည် နတ်ဆိုး နတ်ဝါးတို့နှင့် စပ်သော ဆေးဝါးပညာမျိုးများကို အလေ့အကျက် အစုံအစမ်း မရှိကြကုန်သေးသည်ဖြစ်၍ ပလိပ်ရောဂါ, ဝမ်းရောဂါတို့အတွက် အကြံအဖန် ကျပ်လျက်ရှိနေကြကုန်၏။

"ဤပလိပ်ရောဂါသည် နှစ်ပေါင်းနှစ်ထောင်ကျော် လောက် ဆီကပင် ရောမနိုင်ငံကအစပြု၍ ဥရောပတိုက်တွင် ဖြစ်ခဲ့ဘူးသည်၊ ကြာရှည်လှလေပြီ၊ စောစောက တင်ကူး၍ တရပ်တကျေး ထွက်ပြေးတိမ်းရှောင်မှု, အိမ်ရာတိုက်တာများကို သန့်ရှင်းစေမှု, ထိုမှတစ်ပါး ယခုထက်တိုင် ဆေးမတွေ့နိုင်ကြကုန်သေး"-

ဟူ၍ အနောက်နိုင်ငံဖြစ် မှတ်စုကြီးများမှာ ဖတ်ရှုတွေ့မြင်ရဘူး၏၊ ဘီလူးသားဘက်တို့ကြောင့် ဖြစ်သည်ဟူ၍ အယူမရှိကြသောကြောင့်

ယခုထက်တိုင် ဆေးမတွေ့နိုင်ရှိနေကြကုန်သည်၊ လည်းကောင်း မှတ်စုကြီးများမှာပင် အချို့သူတို့က နတ်ဆိုးတို့ပြု၍ ဖြစ်သည်ဟု အယူရှိကြကြောင်းကို မှာဆိုသော စကားများလည်း ပါရှိ၏။

ဗုဒ္ဓဘာသာကျမ်းဂန်, ဟိန္ဒူဘာသာ ကျမ်းဂန်တို့၌ နတ်ကောင်းမျိုး, နတ်ဆိုးမျိုးဟူ၍ ၂-မျိုးလာရှိ၏၊ ဤကမ္ဘာပေါ်မှာ နှစ်သက္ကရာဇ်ပေါင်း အသောင်းများစွာက ဖြစ်ပေါ်၍ လာခဲ့ကြကုန်သော ဗေဒင်ကျမ်းဟောင်း, နက္ခတ်ကျမ်းဟောင်း, ဆေးကျမ်းဟောင်းတို့မှာလည်း များစွာလာရှိ၏။

# ဗုဒ္ဓကျမ်းဂန်အဆို

ဗုဒ္ဓဘာသာ ကျမ်းဂန်တို့မှာမူကား- လူ့ဘုံမှအထက် ကောင်းကင်အရပ်၌ နတ်ပြဟ္မာတို့နေရာ ကောင်းကင်ဘုံကြီး, ကောင်းကင်နိုင်ငံကြီးပေါင်း ၂၆ဘုံ-၂၆-နိုင်ငံလာရှိ၏၊ နေ, လတို့သည်လည်း နတ်တို့နေရာ ဘုံဗိမာန်ပေတည်း၊ နက္ခတ်ပေါင်း ကြယ်အပေါင်း တို့သည်လည်း နတ်တို့နေရာ ဘုံဗိမာန်တို့ပေတည်း၊ စတုမဟာရာဇ် နတ်ပြည်ခေါ်၏၊ ထိုမှအထက်၌ အဆင့်ဆင့် တည်ရှိကြကုန်သော နတ်ပြည်ကြီးပေါင်း ငါးပြည်ထောင် ရှိကြကုန်၏၊ ဘုရားကိုခုခံသော မာရ်နတ်မျိုးသည် အထက်ဆုံးနတ်ပြည်မှာ ရှိနေ၏။

ထိုမှအထက်၌ ပြဟ္မာဘုံပေါင်း ၂၀-ရှိ၏၊ ထို၂၀-တွင် ပဌမစျာန် ၃-ဘုံခေါ်သော အောက်ဆုံးပြဟ္မာပြည် ၃-ပြည်ကို အုပ်စိုးသော မဟာပြဟ္မာမင်းကြီးကို နတ်လူအများ အောက်ဘုံသားတို့က ထာဝရဘုရားဟူ၍ နှစ်ပေါင်းအသိန်းများစွာ ကမ္ဘာဦးအခါမှစ၍ ယခုတိုင် ကိုးကွယ်ရှိုးပြုကြကုန်၏၊ အထက်ပြဟ္မာပြည်တို့ကိုမူကား စျာန် အဘိညာဉ်ရှိသော ရသေ့ ရဟန်းတို့မှသာ သိနိုင်ကြကုန်၏။

လူတို့၌ ဥပဒ်အန္တရာယ်ကို ပြုတတ်ကုန်သော နတ်ဆိုးတို့သည်လည်း ကောင်းကင်ရေမြေတို့၌ အနှံ့အပြား ရှိနေကြကုန်၏၊ မြန်မာလူမျိုးတို့မှာ နတ်ကောင်းမျိုးတို့ကို သမ္မာဒေဝနတ်ခေါ်၏၊ နတ်ဆိုးမျိုးတို့ကို မိစ္ဆာ နတ်မျိုးခေါ်၏၊ နတ်မိစ္ဆာမျိုးခေါ်၏၊ ဘီလူးခေါ်၏၊ သားဘက်ခေါ်၏၊ အစိမ်းခေါ်၏၊ သူရဲခေါ်၏၊ တစ္ဆေခေါ်၏၊ မြေဘုတ် ခေါ်၏၊ ကျတ်ခေါ်၏။

## ခရစ်ယာန်စသော ကျမ်းစာအဆို

ခရစ်ယာန် ဘာသာကျမ်း, ဘရင်ဂျီဘာသာကျမ်း, ပသီဘာသာကျမ်းတို့၌ အထက်ကောင်းကင်ဘုံတို့မှာ နေကြသော နတ်ကောင်းမျိုးတို့ကို ကောင်းကင်တမာန်ခေါ်၏၊ ကောင်းကင်ဗိုလ်ခြေခေါ်၏၊ ထာဝရဘုရားကို ကောင်းကင်ဗိုလ်ခြေအရှင်ခေါ်၏၊ ထာဝရဘုရားသည် အမြင့်ဆုံးသော ကောင်းကင်ဘုံမှာ နေသည်ဟု မှတ်ယူ ကြကုန်၏၊ ထိုကျမ်းတို့၌ နတ်ဆိုးမျိုးကို နတ်ဆိုးခေါ်၏၊ အကြီးဆုံးသောနတ်ဆိုးကို မာရ်နတ်ခေါ်၏၊ စာတန်ခေါ်၏၊ နတ်ဆိုးတို့သည် လူတို့၌ အမျိုးမျိုးသော ရောဂါဥပဒ်တို့ကို ဖြစ်စေတတ်ကြောင်းသည် ဓမ္မဟောင်းကျမ်း, ဓမ္မသစ်ကျမ်း ခရစ်ဝင် ကျမ်းတစ်ခွင်မှာ အလွန်ထင်ရှားစွာလာ၏။

ခရစ်တော်၏ ဘုန်းတန်ခိုးတို့သည် နတ်ဆိုးတို့ကိုနှိမ်နင်းမှု, နှင်ထုတ်မှု နတ်ဆိုးတို့ပြုလုပ်၍ ဖြစ်သော အနာမျိုးတို့ကို ခဏချင်း ပျောက်ငြိမ်း စေမှုတို့တွင် ထင်ပေါ်ကုန်၏၊ ယခုအခါ၌ ခရစ်တော် ဆရာရှိခဲ့ပါမူကား ကမ္ဘာပေါ်မှာ ကပ်ရောဂါတို့ကိုမြန်စွာ ပျောက်ငြိမ်းအောင် ပြုပေရာ၏။

# ဆရာဝန်များနည်းလမ်းရှာပုံ

ဆရာဝန်မင်းတို့သည် လောက၌ နတ်ဆိုးတို့ ရှိ-မရှိ, နတ်ဆိုးတို့ကြောင့် ကပ်ရောဂါမျိုးဖြစ်တတ်သည် ဟူသောစကားဟုတ်-မဟုတ်ကို အမှန်သိနိုင်ကြရန် စုံစမ်းခြင်းအမှုကို ဂရုစိုက်ကြဖို့ ကောင်းလှပြီ ထင်မိပေသည်၊ အကြောင်းမှုကား ရှေးရှေးကပင် ဆရာဝန်များ နည်းလမ်းမျိုးတို့နှင့် ကြံဖန်၍ဆေးမတွေ့ဘဲ လွန်ခဲ့သည်လည်း နှစ်ပေါင်း ရှည်ကြာလှလေပြီ၊ လောက၌ တစ်ခြားတစ်ပါးသော အကြောင်းတို့ကြောင့် အနာရောဂါဖြစ်ကြမှုသည် အနည်းငယ်မျှကဲ့သို့ရှိချေသည်၊ နတ်ဆိုးတို့ကြောင့်ဖြစ်မှုသည်ကား အလွန်ကြီးကျယ်၏။

ရှေး၌ အင်္ဂလိပ်နိုင်ငံများမှာ ပလိပ်ရောဂါဖြစ်စဉ်အခါ မြို့ကြီးများမှာ လူအရေအတွက် ၃-ပုံ ၁-ပုံမျှသာကျန်ရှိ၏၊ တော မြို့တောရွာများမှာ အိမ်လုံးကျွတ်-အိမ်လုံးကျွတ် သေကြသဖြင့် အမွေခံပြတ်ဆုံးသော လယ်မြေ, ယာမြေများကို သာသနာပြု ဆရာတို့က သိမ်းယူကြသည်ဟု မှတ်စုကြီးများတွင် ဖတ်ရှုတွေ့မြင်ရဘူးသည်၊ နတ်ဆိုးတို့ကြောင့် လူတို့၌ အနာရောဂါဖြစ်မှုသည် ဤမျှလောက် ကြီးကျယ်လျက်ရှိချေသည်၊ ဤအိန္ဒိယ နယ်ပယ်တို့မှာလည်း ရှေ့သို့ထိုကဲ့သို့ ဖြစ်လာမည်များကို စိုးရိမ်ဖွယ်ရှိချေသည်၊ သို့သော်လည်း ယခုအခါ ဆရာဝန်မင်းတို့သည် ရှေးအခါထက် ဒိဋ္ဌသုတလည်း တိုးပွားကြပေကုန်၏၊ အလုပ်အကြံဉာဏ်ဝီရိယလည်း ကြီးမားကြပေကုန်၏။

ရှေးအခါ၌ ကမ္ဘာပေါ်မှာ ထိုရောဂါများသည် ရံခါ ရံခါသာ ပေါ်ပေါက်လာသည်၊ ယခုအခါ၌ နိုင်ငံမြို့ရွာတို့မှာ ဆက်ခါ ဆက်ခါ လှည့်လည်၍နေတော့သည်၊ ထို့ကြောင့် အကြံဝီရိယ ကြီးမြင့်ကြပေကုန်သော ဥရောပတိုက်သား ဆရာဝန်မင်းများတို့သည် အထက်ပါ အန္တရာယ်

ကို ကာကွယ်နည်းအခန်းတွင် ငါတို့ဖော်ပြခဲ့သော နတ်ဆိုးတို့ကို နိုင်တတ်သော ကိရိယာမျိုးများကို ပြုလုပ် စုံစမ်းကြပါလျှင် ကပ်ရောဂါမျိုးများကိုလည်း မကြာမီ နိုင်နင်းကြပေလိမ့်မည်ဟု မြော်လင့်ပါ၏၊ ယခုလည်း ဆရာဝန်မင်းတို့ အားထုတ်ကြပေသည့်အတွက် နိုင်ငံပေါ်မှာ ပလိပ်ရောဂါ ဝမ်းရောဂါများ သက်သာရာရကြကုန်၏။

[ဤကား ဆရာဝန်မင်းများ၏ အသိအလိမ်မာ ဉာဏ် ပညာ ဝီရိယ၏ အစွမ်းဖြင့် နိုင်ငံမြို့ရွာတို့၌ ကပ်ရောဂါကင်းရှင်းရာသော နည်းလမ်းများကို ပြဆိုချက်းတည်း။]

ဆရာဝန်တို့၏ တန်ခိုးအာဏာပြီး၏။

----------

## ၆-မြို့သူကြီး စသည်တို့၏ တန်ခိုးအာဏာ ကင်းလွတ်ဖွယ်

နိုင်ငံမြို့ရွာတို့၌ ကျရောက် ပေါ်ပေါက်လျက်ရှိသော ကပ်ရောဂါမျိုးသည် မြို့သူကြီး ရွာသူကြီး ကော်မတီလူကြီး မြူနီစပယ်လူကြီး သမာဓိမြို့ဝန်မင်း အရပ်အုပ် အကွက်အုပ် အရပ်ခေါင်း ဆယ်အိမ်ခေါင်း အရပ်လူကြီး လူကောင်းများတို့၏ အစွမ်းဖြင့်လည်း ကင်းလွတ်တတ်၏။

## မဟာဝင်ကျမ်းအဆို

မိမိတို့မြို့ရွာ၌ ခြုံနွယ်ပိတ်ပေါင်း ဖုံးအုပ်မှေးယှက် တောခြုံ တက်၍ နေသော ဘုရားအို ဘုရားပျက်, ကျောင်းအို ကျောင်းပျက်, တန်ဆောင်းအို တန်ဆောင်းပျက်, ဇရပ်အို ဇရပ်ပျက်, တံတားအို တံတားပျက်, ရေတွင်း ဟောင်း ရေကန်ဟောင်းတို့ကို ရှင်းလင်းသုတ်သင် ပြင်ဆင်ခြင်း အမှုမျိုးသည် မြို့သက် ရွာသက်ရှည်ကြောင်း, မြို့ရွာနေသူ လူတို့အသက်ရှည်ကြောင်း ဖြစ်သည်ဟု မဟာဝင်ကျမ်းများမှာလာ၏။

## ဘုရားဟောအစစ်

မြို့တွင်းမြို့ပြင် ရွာတွင်း ရွာပြင်ရှိ နတ်စင် နတ်ကွန်း နတ်နန်း တို့ကိုပြိုပျက်ယိုယွင်းခြင်းမရှိရအောင် ပြုပြင်ခြင်း, ပူဇော်ပသမြဲ အရိုး အစဉ်အတိုင်း နှစ်စဉ်ပူဇော် ပသခြင်း, ကုသိုလ်အဘို့ကို အမျှဝေကြခြင်း များသည်မြို့ရွာအန္တရာယ် ကင်းရှင်းကြောင်း, မြို့ရွာစည်ကားကြောင်း ဖြစ်သည်ဟူ၍ ငါတို့မြတ်စွာဘုရား များစွာဟောတော်မူပေ၏။

အရိုးအစဉ်မရှိသော လူမျိုးဖြစ်ခဲ့သော် မပူဇော်သော်လည်း ကိစ္စမရှိ၊ အရိုးအစဉ်ရှိသော လူမျိုးဖြစ်ခဲ့သော် အရိုးစဉ်မပျက် ပူဇော်လျှင် ကြည့်ရှု စောင်မတတ်ကြကုန်၏၊ မပူဇော်လျှင် အန္တရာယ်ကို ပြုတတ်ကြ ကုန်၏၊ ကြည့်ရှုစောင်မမှုဆိုသည်ကား မြို့ရွာတို့၌ ခိုးသူ ဓားပြ အန္တရာယ်, ဘီလူး သားဘက် အန္တရာယ်, မီးလောင်မှု အန္တရာယ်စသည် ဖြစ်မည်ရှိခဲ့ သော် နတ်တို့သည် မိမိတို့အစွမ်းအားဖြင့် ပယ်ရှားနိုင်လျှင် ပယ်ရှားကြ ကုန်၏၊ မပယ်ရှားနိုင်လျှင် အိပ်မက်ပြခြင်း, တိတ် နိမိတ်ပြခြင်းတို့ဖြင့် လူတို့သိအောင် ပြတတ်ကြကုန်၏၊ အချို့လူတို့၌ ပူးကပ်၍ပင် ပြောတတ် ကြကုန်၏၊ သိကြ၍ လူတို့က အန္တရာယ် အားလျော်စွာ ကွယ်ကာ ခုခံမှု, နှင်ထုတ်မှုများကို မြို့ရွာမှာ ညီညွတ်စွာ ပြုလုပ်ကြသည်ရှိသော် နတ်တို့ လည်း ဝိုင်းဝန်းကူညီကြကုန်၏၊ လူတို့က မလုပ်ကြသည်ရှိသော် မိမိ တို့ချည်း မတတ်နိုင်ကြ၊ ကြည့်၍ နေကြရကုန်၏။

## ဒါယိကာမ တစ်ယောက်အကြောင်း

မြို့တစ်ခုမှာ တကာမတယောက်ရှိ၏၊ သူ့ရဲကြီးတဦး စောင်မ၏၊ စောင်မပုံကား ထိုမြို့မှာ ပလိပ်ရောဂါ ဖြစ်မည်ရှိလျှင် တင်ကူးပူးကပ်၍ ပြောလာ၏၊ နင်တို့မြို့မှာ ပလိပ်ဘီလူးတွေ ရောက်ကုန်ပြီ၊ ပလိပ်

ရောဂါဖြစ်တော့မည်၊ အိမ်ပေါက် ခြံပေါက်တို့၌ ဆူးကပ်ကြ, ညအခါ အိမ်ပတ်လည်၌ မီးထည့်ကြ, အိမ်တွင်း၌ မီးထွန်းကြစသည်ဖြင့်ပြော၏၊ ဒန့်သလွန်မြစ်များကို ဂါထာမန်း၍ပေး၏၊ အခန့်မတော်ဖြစ်လာခဲ့သော် ဤဆေးကိုတိုက်၊ မလွန်လျှင်ရလိမ့်မည်ဟုဆို၏၊ ရေများကိုလည်း မန်း၍ထားခဲ့၏၊ ငါတို့ကား ဝမ်းရောဂါသမားတို့တည်း၊ ဝမ်းရောဂါ သမားတို့ကို ငါနိုင်၏၊ နင်တို့အရပ်မှာ ဝမ်းရောဂါအတွက် ငါ့တာဝန်ရှိစေ၊ မဖြစ်စေရဘူး ပလိပ်သမားတို့ကား ဘီလူးကြီးတွေဖြစ်၍ ငါတို့မနိုင်ဘူးဟု ပြော၍ခွါသွား၏၊ ထိုမြို့မှာ ပလိပ်ရောဂါ ဖြစ်တိုင်းဖြစ်တိုင်း လာ၍ပြော လာ၏၊ ထိုအရပ် အကွက်မှာ ရောဂါလည်းကင်းလွတ်ကြ၏။

တရံယောအခါ သူဘဝပြောင်း တော့မည်ရှိရာလာ၍ ငါဘဝ ပြောင်းရတော့မည်၊ ကောင်းကောင်းနေရစ်ကြဟု နှုတ်ဆက်လာ၏၊ အနီး၌ ရှိနေသူတို့က **“ဦး”** မရှိလျှင် ငါတို့မှာ ခတ်ပါပြီဟူ၍ ညီးညူ ကြရာ သူရဲတစ်ယောက်ကို ငါအပ်ခဲ့မည်ဟုဆို၍ ခွါသွား၏၊ ယခုအ ကြောင်းရှိလျှင် နောက်သူရဲလာ၍ ပြော၏၊ ထိုအကြောင်းကို ငါတို့အား လျှောက်ထား၏၊ ရှက်တတ်သူဖြစ်၍ နာမည်, နေရပ်ကို မဖေါ်လိုက် သည်၊ ယခုအခါ၌ ဤသူကို နတ်ပူးသည်, သူရဲပူးသည်ဆိုလျှင် အရှုး ထင်ကြ၏၊ နတ်စကား, သူရဲ စကားပြောလျှင် လူပေ့ါထင်ကြ၏၊ ပူးကပ် သူများ ဖုံးဖွက်ကြရ၏၊ ဘီလူး သားဘက်တို့ အခွင့်ကောင်းဖို့ဖြစ်၏။

[ဤကား မြို့စောင့်နတ် ရွာစောင့်နတ်များကို မဆိုထားဘိ၊ မေတ္တာရှိခဲ့လျှင် သူရဲသားဘက်များပင်သော်လည်း ကြည့်ရှုစောင်မသေးသည်ဟု သက်သေထုတ် ပြချက်ပေတည်း။]

# အကာအကွယ်လုပ်နည်း

ထိုမှတစ်ပါးလည်း မြို့အကွယ် အကာ, ရွာအကွယ်အကာ, ရပ်အကွယ်အကာ, အိမ်ဝင်းခြံ အကွယ်အကာ ပြုလုပ်နည်းတို့သည် လောက၌ အများပင်ရှိကြကုန်၏၊ ရပ်စု ကွက်စုတို့၌ ဘုရားဝတ်တက် အသင်းတို့ကို များစွာတည် ထောင်၍ မြို့တွင်းရွာတွင်းတို့မှာ ဘုရား ရှိခိုးကြသံ, ပရိတ်တော် ဂုဏ်တော် ရွတ်ဆိုကြသံ, ပဌာန်းပါဠိတော် သတိပဋ္ဌာန်ပါဠိတော် ဓမ္မစကြာပါဠိတော်စသော ပါဠိတော်ကြီးများ ရွတ်ဆိုကြသံ ဆူညံ အုတ်ကျက်ရှိနေကြအောင် လူကြီးသူကြီးများက ခေါင်းတည်ပြု၍ အားထုတ်ကြကုန်ရမည်။

မြို့ရွာတို့၌ သာသနာတော်အရှိန်အဝါ မွေးမြှန်ခြင်း ဆိုသည်ကား မြို့တွင်းရွာတွင်းမှာ ထိုအသံမျိုးများ ဆိတ်ကင်းသည်ကို ဆိုသည်၊ သာသနာတော်အရှိန်အဝါ မွေးမြှန်သည့်အတွက် ဘီလူးသားဘက်တို့ ရဲရင့်ရောင့်တက် သောင်းကျန်းလျက်ရှိနေကြသည်၊ မြို့တွင်းရွာတွင်းမှာ သာသနာတော် အရှိန်အဝါ မွေးမြှန်မှု, ဆုတ်ယုတ်မှု, ကွယ်ပမှုသည်လည်း မြို့ရွာရှိ လူကြီးသူကြီးများ ပျင်းရိသည့်အတွက် သက်သက်တည်း၊ ရပ်စုကွက်စုတို့၌ အရပ်လူကြီးများ ပျင်းရိသည့်အတွက်, ထိုထိုအိမ်တို့၌ အိမ်ရှင်လူကြီးများ ပျင်းရိသည့်အတွက်, ကျောင်းတိုက်၌ သာသနာ အရှိန်အဝါ မွေးမြှန်မှုသည် တိုက်ရှင်ကျောင်းရှင်ပုဂ္ဂိုလ်များ ပျင်းရိသည့် အတွက် သက်သက်တည်း။

လူကြီးသည်-

၁။ လူကြီးကြီး,

၂။ လူကြီးကလေး,

ဟူ၍ ၂-မျိုးရှိ၏။ ထိုတွင်-

၁။ ကပ်ဥပဒ်အတွက် လူငယ်နောက်သားတို့မကြံတတ်, မလုပ်တတ် ရှိနေကြရာ၌ လောကဓမ္မ နည်းနိဿယကို ဖော်ပြသွန်သင်နိုင်သော လူကြီးသည် လူကြီးကြီးမည်၏။

[နောက်သားများထက် အသက်အရွယ်လည်းကြီး, အသိအလိမ်မာ လည်းကြီးသောသူဆိုလိုသည်။]

၂။ ထိုကဲ့သို့သွန်သင်ရန်မရှိသော လူကြီးသည် လူကြီးကလေးမည်၏။

[အသက်အရွယ်သာကြီး၍ အလိမ်မာ သေးငယ်သောသူ ဆိုလိုသည်။]

လူကလေးသည်လည်း-

၁။ လူကလေးကြီး,

၂။ လူကလေးကလေး,

ဟူ၍ ၂-မျိုးရှိ၏။ ။ သိသာပြီ။

## ဝေဖန်ချက်

လူကြီးကြီး, လူကလေးကြီး များသောမြို့ရွာသည် အနှစ်ရှိသော သစ်ပင်တောနှင့်တူ၏၊ လူကြီးကလေး, လူကလေးကလေး များသော မြို့ရွာသည် အနှစ်မရှိသော ကိုင်းတော, ကျူတော, မြက်တော, ဝါးတောနှင့်တူ၏၊ မြို့ရွာတို့၌ သာသနာ ဆုတ်ယုတ်မှု, အန္တရာယ်များပြားမှုများသည် လူကြီးကလေးများ အတွက်သတ်သတ်မှတ်။

ရဟန်းတို့မှာလည်း-

၁။ မထေရ်ကြီးကြီး,

၂။ မထေရ်ကြီးကလေး,

၃။ ရဟန်းငယ်ကြီး,
၄။ ရဟန်းငယ်ကလေး,
ဟူ၍ ၄- မျိုး၊ ၄-စားပင် ရှိ၏။

## ဝေဖန်ချက်တစ်နည်း

အကြင်နိုင်ငံမြို့ရွာတို့၌ ကလေးမျိုးထွန်းကား၏၊ ထိုနိုင်ငံ မြို့ရွာတို့၌ ကပ်ကြီး ၃-ပါးပေါ်ပေါက် ကျရောက်ခဲ့သော် ခြောက်သွေ့ သောကိုင်းတော, ကျူတော, မြက်တော, ဝါးတောတို့၌ မီးကျသကဲ့သို့ ဖြစ်တတ်၏၊ အကြင်နိုင်ငံမြို့ရွာတို့၌ အကြီး ၄-မျိုးထွန်းကား၏၊ ထိုနိုင်ငံမြို့ရွာတို့၌ ကပ်ကြီး ၃-ပါး ပေါ်ပေါက်ကျရောက်ခဲ့သော် အနှစ်ရှိသော သစ်ပင်တော တို့၌ မီးကျသကဲ့သို့ ဖြစ်တတ်၏။

ငယ်ရွယ်စဉ်အခါ၌ လောကဓမ္မ ဗဟုသုတ ဆည်းပူးလေ့ရှိကြ ကုန်သော လူကလေး, လူကြီးတို့သည် ကျွန်းပင်ပေါက် ကလေးတို့နှင့် တူကုန်၏၊ နောက်၌ လူကြီးကြီးဖြစ်ကြကုန်လတ္တံ့၊ ထိုလူကြီးကြီးတို့သည် ကျွန်းပင် ကြီးကြီးတို့နှင့် တူကြကုန်၏၊ ငယ်ရွယ်စဉ်အခါ၌ ထမင်းစားဖို့ ကိုသာ လုပ်တတ်ကြကုန်၍ လောကဓမ္မဗဟုသုတ မလေ့ကျက်ကြ ကုန်သော လူကလေးကလေးတို့သည် ကိုင်းပင်ပေါက်, ကျူပင်ပေါက်, ဝါးပင်ပေါက် ကလေးတို့နှင့် တူကုန်၏၊ နောက်၌လူကြီးကလေးဖြစ်ကြ ကုန်လတ္တံ့၊ ထိုလူကြီး ကလေးတို့သည် ကိုင်းပင်အို, ကျူပင်အို, ဝါးပင် အိုတို့နှင့် တူကြကုန်၏၊ ရဟန်းတို့၌လည်း ဤနည်းတူ သိမြင်ကြကုန် ရာ၏။

[ဤကား မြို့ ရွာ လူကြီး သူကြီးဟူသော စကား၏ အချက်ကို ပြဆိုခြင်းတည်း။]

## နတ်ကနားပွဲနှင့် ဗလလိနတ်စာကျွေးပွဲ

မိမိတို့မြို့ရွာ၌ ရောဂါဥပဒ် ပေါ်ပေါက်ခဲ့သော် ရှေးဦးစွာ ရောဂါဥပဒ်မငြိမ်းမီအတွင်း၌ သားစိမ်း, ငါးစိမ်းစားသောက်ခြင်းများကို ရှောင်ကြကုန်ရမည်၊ မြို့ရွာကို ဆော်သြ၍ မြို့စောင့်နတ်, ရွာစောင့် နတ်တို့အား နတ်ပွဲ နတ်ကနားပြုလုပ် ပူဇော်ပသခြင်း, ဘီလူး သားဘက်တို့အား ဗလိနတ်စာ ကောင်းစွာကျွေးမွေးခြင်းကို ပြုလုပ်ကြကုန်ပြီးလျှင်-

### ဖတ်ကြားပုံ

"အို-အကျွန်ုပ်တို့၏ အရှင် နတ်မင်းအပေါင်းတို့ . မြို့နေရွာသား လူအများတို့က အရှင်နတ်မင်း တို့အားလည်း ကနားနတ်ပွဲပြုလုပ်၍ ပူဇော်ကြပါကုန်ပြီ၊ ဘီလူးသားဘက် အစိမ်းသူရဲ အပေါင်းတို့ အားလည်း ဗလိနတ်စာ ကျွေးကြပါကုန်ပြီ၊ အရှင်နတ်မင်းတို့၏ တန်ခိုးတေဇော စက်အာဏာတို့ဖြင့် ရောဂါဥပဒ် ပြုလုပ်တတ်ကုန်သော ဘီလူး,သဘက်တို့ကို ဤမြို့ဤရွာမှ မြန်စွာနှင် ထုတ်ကြပါကုန်လော"-

ဟူ၍နတ်ကနားပွဲအပြီးတွင် ကျယ်လောင်စွာသောအသံဖြင့် ၃-ကြိမ်ဖတ်။

### တစ်နည်းဖတ်ကြားပုံ

" ဟေ-ဘီလူး, သဘက် အစိမ်းသူရဲ အပေါင်း တို့--နင်တို့တတွေ အပေါင်းတို့အား ကောင်းစွာ ငါတို့က ကျွေးမွေးကြကုန်ပြီ၊ ငါတို့မြို့ရွာမှ မြန်စွာထွက်သွားကြကုန်လော"-

ဟူ၍ ဗလိနတ်စာကျွေးမွေးရာတို့၌ ကျယ်စွာသောအသံနှင့် ၃-ခါစီ ဖတ်ကြကုန်ရမည်။

# လိုက်နာရန် အစီအစဉ်

ဤနတ်ပူဇော်မှု, ဗလိနတ်စာကျွေးမှုတို့ကို အထူးဂရုစိုက် ကြလေကုန်၊ နောက်နေ့၌ညအခါမှာ မြို့လုံး, ရွာလုံး အုန်းအုန်း ဆူတက် ရိုက်နှက် တီးခေါက် ခြိမ်းခြောက်နှင်ထုတ်ကြကုန်ရမည်။

ညအခါ၌ မြို့တွင်းမှာ နေ့အခါ၌ မြို့ပြင်, ရွာပြင် မသင်္ကာရာ ဌာနတို့၌ နှင်ထုတ်ကြကုန်ရမည်။

၃-ည ၃-နေ့ ပြုလုပ်ကြပါလျှင် ဧကန်ပျောက်ငြိမ်းလတ္တံ့၊ ရန်ကုန်မြို့, မန္တလေးမြို့များကဲ့သို့ မြို့ကြီး ပြကြီးဖြစ်၍ လူမျိုးကွဲများလှ၍ တစ်မြို့လုံး မညီတည့်နိုင်ရှိခဲ့သော် အစိုးရမင်းတို့၏ တန်ခိုးအာဏာ ခန်းတွင် ပြဆိုခဲ့ပြီးသော နည်းလမ်းအတိုင်း ပြုလုပ်ကြကုန်ရမည်။

ထို ၃-ရက်အတွင်းမှာ ၁၀-နာရီကျော်သည့်နောက် ယောက်ျား ဖြစ်သူတို့သည် မအိပ်ကြကုန်မူ၍ လမ်းစဉ်တလျှောက်၌ မီးထည့်ခြင်း, ဝင်းခြံအတွင်း၌ တုတ်, ဓားလက်နက်ကိုင်စွဲ၍ လှည့်လည်ခြင်းတို့ဖြင့် စောင့်ရှောက်ကြကုန်ရမည်။

သီဟိုဠ် ပရိတ်ရွတ်နည်း, အရှင်အာနန္ဒာ ပရိတ်ရွတ်နည်းများ ကိုလည်း လျော်ရာ ပြုလုပ်ကြကုန်ရမည်။

လူတို့ရွတ်နည်းမှာ ရပ်စု ကွက်စု ပြု၍မိန်းမချင်းချင်း, ယောက်ျား ချင်းချင်း တစ်ကျိပ်စီ တစ်ကျိပ်ငါးစီစု၍ သရဏဂုံအသင်း, ဣတိပိသော အသင်း သမ္ဗုဒ္ဓေအသင်း, ပဟာတုပစ္စယော အသင်း, မင်္ဂလသုတ် အသင်း, ရတနသုတ် အသင်းစသည် ဖွဲ့စည်း၍ နေ့အခါကပင် နာရီအချိန်ပေး၍ မိမိတို့ရပ်စု ကွက်စုမှာ ပရိတ်တိုင်ပွဲကြီး ပြုလုပ်ကြကုန်ရမည်။

ညအခါ၌ မိန်းမအသင်းတို့က မိမိတို့အရပ်အတွင်းမှာ ရွတ်ကြရမည်၊ ယောကျာ်းအသင်းတို့က လမ်းလျှောက်ပရိသတ်မှာ လိုက်ကြရမည်။

မင်္ဂလသုတ်ကို ရွတ်ဆိုသူတို့မှာ ထိုနေ့ည၌ မင်္ဂလသုတ်ကိုသာ ရွတ်ကြရမည်။

ကြွင်းသော ပါဠိတို့၌လည်း ထိုနည်းတူ မြို့တွင်း, မြို့ပြင် မသက်ာရာ ဌာနတို့၌ အားစိုက်ကြကုန်ရမည်။

ကျရောက်သော ကပ်ရောဂါ မငြိမ်းသမျှ အသွားအလာ မရှိကြစေရန် အချုပ်စကားထား၍ အားထုတ်ကြကုန်ရမည်။

[ဤကား မြို့ရွာလူကြီး သူကြီးများကြီးကြပ်အားထုတ်သဖြင့် ပျောက်ငြိမ်းနေကြနည်းလမ်းများပေတည်း။]

မြို့သူကြီးစသည်တို့၏ တန်ခိုးအာဏာပြီး၏။

----*---

## ၇-ကာလသားတို့၏တန်ခိုးအာဏာ ပျောက်ငြိမ်းဖွယ်

ထိုထိုမြို့ရွာတို့၌ ကျရောက်ဖြစ်ပေါ်လျက်ရှိသော ကပ်ရောဂါများသည် မြို့ရွာရှိ လူသန်လူမြန် ကာလသားတို့၏ အစွမ်းဖြင့်လည်း ပျောက်ငြိမ်းတတ်၏။

မိမိတို့မြို့ရွာကို ကပ်ဥပဒ်အန္တရာယ် ကာကွယ်စောင့်ရှောက်ကြရန် အကြီးအကြပ်တို့နှင့်တကွ ရပ်စုကွက်စုအလိုက် ကာလသားအသင်းဖွဲ့စည်းတည်ထောင်ကြရကုန်မည်။

တစ်သင်းတစ်သင်းမှာ-

၁။ ဘင်ကြီးတစ်လုံး။

၂။ ကြေးမောင်းကြီးတစ်လုံး။

၃။ မီးရှူးမီးထုပ် ငါးခု။
၄။ မီးသိုင်းကြီး ငါးခု။
၅။ အရိုး ငါးတောင်, အရွက် နှစ်တောင့်ထွာရှိသော အလံကျား တစ်ခု။
၆။ ခရာ တစ်ခု။
၇။ ပေါ်တက် ခေါ်သော ယမ်းမီးပေါက် သုံးရာစီ ရှိကြရမည်။

[၎င်းတို့ကို အရပ်က ထူထောင်၍ ပေးကြရမည်။]

အသင်းသားတစ်ယောက်တစ်ယောက်လျှင်-

၁။ မီးအိမ် တစ်လုံးစီ။
၂။ နှစ်တောင်ခန့်ရှည်သော အရင်း၌ကြိုးကွင်းတပ်သော အလွန်ခိုင်မာသော သစ်သားတုတ်ကြီး တစ်ချောင်းစီ။
၃။ ငှက်ကြီးတောင် ဓားလွယ်ကြီး သန္တာန် ပြုလုပ်သော သစ်သား ဓားရှည်ကြီး တစ်ခုစီ။
၄။ လောက်လွှဲလေး တစ်ခုစီ။
၅။ လေးဆံ သုံးရာစီ။ အပြီးရှိစေရမည်။

လောက်လေးကိုင်းတို့၌-

**ဥုံ-ဝေဿဏ္ဏ မဟာရာဇ ဂဒါဝုဓံ ယက္ခရန် မှန်ဆရာမှန် လန်ဆရာလန်။**

[ဤဂါထာကိုတစ်ဖက်အစွန်းမှာရေး]

**ဥုံ-ဝါသုဒေဝ စက္ကာဝုဓံ ယက္ခရန် မှန်ဆရာမှန် လန်ဆရာလန်။**

[ဤဂါထာကို တစ်ဖက်အစွန်းမှာရေး]

ငှင်းဂါထာတို့နှင့် လေးကိုင်းကိုလည်းကောင်း, လောက်လေးဆံတို့ကိုလည်းကောင်း, အခေါက်များစွာ မန်း၍၊ လူအကျော်အနင်း မရှိရာ၌ထား၊ ကပ်ရောဂါ အတွက်နှင့်သာပစ်ရမည်၊ အခြားအခွင့်နှင့် မပစ်ရ။

ဘင်ကြီး, မောင်းကြီးတို့၌လည်း သုဝဏ္ဏဘူမိ အင်းကို ၄-၅ဒါနတို့၌ ၄-အင်းချ၊ အမင်္ဂလာကိစ္စ၌ မတီးရ။

## လိုက်နာရန်စည်းကမ်းချက်

၁။ အသင်းတွင်ပါဝင်သူတို့သည် ယစ်မျိုးသောက်ချင်း, နွားသား, ကျွဲသား စားခြင်းတို့မှ ၃-နှစ်အနည်းဆုံး ရှောင်ကြဉ်ရမည်။

၂။ မိမိကိုယ်၌ ဘီလူး သားဘက်တို့ မကပ်နိုင်ကြရန် ဆရာကောင်း သမားကောင်းများထံကပ်ရပ်၍အန္တရာယ် အကွယ်အကာများပြုလုပ်၍ ထားကြရမည်။

၃။ နောက်၌ ဖော်ပြလျက်ပါရှိသော နှစ်ကျိပ်ရှစ်ဆူ ဂါထာကြီး, ၇-နှစ်ဆူ စက်ဂါထာကြီးများကို အမြဲ ဆောင်ရွက်ကြရမည်။

၄။ ထိုမှတစ်ပါး ပရိတ်တော်အမျိုးမျိုး, ဂုဏ်တော်အမျိုးမျိုး, ဟေတု ပစ္စယော, သမ္ဗုဒ္ဓေ, သမ္ဗုဒ္ဓါ, နာညတြဗောဓ္ဓိ စသော ပါဠိ ဂါထာများကိုလည်း များစွာရကြစေရမည်။

၅။ ထိုမှတစ်ပါး ဘီလူး သားဘက် ဥပဒ် အန္တရာယ်နှင့် စပ်သော ဂါထာမန္တရားဆေးဝါး အင်းအိုင်တို့ကိုလည်း မှတ်သား လေ့ကျက်ကြရမည်။

၆။ နတ်များကိုလည်း ရိုသေကြရမည်။

၇။ မိမိတို့ အရပ်မှာ ပလိပ်ရောဂါ, ဝမ်းရောဂါများ ဖြစ်ပေါ်လာလျှင် လူနာကို ဝိုင်းအုံ၍ လူနာကို လက်နှင့်ကိုင်ကြ၍ စေ့စေ့ကြည့်ပြီးလျှင် မပျောက်သမျှ ငါမထဟု ဒေါသသံ, မာနသံ, ငေါက်ငန်းသံ ခက်ထန်သော စိတ်ကြမ်းနှင့် မဆုတ်တမ်းရွတ်ကြရမည်။

၈။ အသင်းငွေစုထား၍ အသင်းသဘောတူ ဆေးဝါးများကိုလည်း အပြီး ဖော်စုစီမံ၍ထားကြရမည်။

၉။ အကြီးအကြပ်ဖြစ်သူတို့ကပယောဂနှင့်စပ်သော အချက်အလက် များကို ရှေးအဖို့ကပင် စုံလင်စွာ နေရာကျ သိတတ်ကြစေရမည်။

## မြန်မာတို့ဝါသနာ

မြန်မာတို့အလေ့ အရေးတွေ့မှ ဉာဏ်ရှာမှုကို မပြုကြရ၊ အရေးတစ်ခုရှိလျှင် သူတစ်သံ, ငါတစ်သံ ဆူညံဆူညံဖြစ်နေမှုသည် အလွန်ရိုင်း၏၊ ဉာဏ်မရှိသော သူတို့တံခွန်ပေတည်း၊ ထိုနေရာ၌ ဉာဏ်နေရာကျ မရှိကြသဖြင့် ယခုမှဉာဏ်ရှာလျက် တော်လျော်ကာ လုပ်ကြသော လူနုတ်လူသေးတို့၏ အမှုပေတည်း။

ကိုယ်စွမ်းစိတ်စွမ်းနှင့် ယောက်ျားပီသသူ စိတ်တူကိုယ်တူ လူပျိုလူသန် ၂၅၀-ခန့်ရှိပါလျှင် အိမ်ခြေ တစ်ထောင်ရှိသော မြို့ရွာကို ကပ်ဥပဒ်မသီလာရအောင် လုံခြုံစွာအုပ်ချုပ်နိုင်လတ္တံ့၊ စိတ်နှလုံးဖြူဖြောင့် ခိုင်မာသောလူကို ယောက်ျားပြီသူဆိုသည်၊ စိတ်နှလုံးမဖြူဖြောင့်သောသူ, မခိုင်မာသောသူများသည် မိန်းမဘဝတို့က လာကြသောသူများဟူ၍ မှတ်ရမည်။

## လမ်းသွားပုံအစီအစဉ်

ဘီလူးခေါင်း၊
ကျားခေါင်း၊
နဂါးခေါင်း၊
ဂဠုန်ခေါင်း မျက်နှာဖုံးများ။
အကြီးကျား။
ဘောင်းဘီကျား။
ရှမ်းနီခါးစည်း။
အချို့မှာ ရှမ်းနီခေါင်းပေါင်း။

ရှမ်းနီပေါင်းသူတို့မှာ မျက်နှာဖြူ၊ မျက်နှာနီ၊ မျက်နှာမဲ၊ ဆေးခြယ်မှု ၃-မျိုး၊ ဘီလူးချင်း၊ ကျားချင်း၊ နဂါးချင်း၊ ဂဠုန်ချင်း၊ မျက်နှာဖြူချင်း၊ မျက်နှာနီချင်း၊ မျက်နှာမဲချင်း ဘေးတိုက်တန်းကြရမည်။

## အန္တရာယ်ဖြစ်ခဲ့လျှင်

အန္တရာယ် ပေါ်ပေါက်လာခဲ့သော် ညအခါ၌ အကြီးအကြပ်တို့ အိမ်မှာ စည်ချက်၊ မောင်းချက်နှင့် မြို့ရွာရှိ အသင်းစု အကုန် စုဝေးကြရမည်။

ရှေ့ဆုံး၌ အလံ။
၎င်းနောက် မီးသိုင်း။
၎င်းနောက် မောင်းကြီး။
၎င်းနောက် ဘီလူးတန်း။
၎င်းနောက် ဂဠုန်တန်း။
၎င်းနောက် နဂါးတန်း။

ငင်းနောက် ကျားတန်း။
ငင်းနောက် မျက်နှာဖြူတန်း။
ငင်းနောက် မျက်နှာနီတန်း။
ငင်းနောက် မျက်နှာမဲတန်း။
ငင်းနောက် ဘင်။
ငင်းနောက် ခရာ။
ငင်းနောက် အကြီးအကြပ်များ။

သွားမှု, ရပ်မှု, တီးမှု, အတီးရပ်မှု, ထိုင်မှု, ထမှုတို့မှာ ခရာချက်နှင့်ထား၊ ဖြေးဖြေးသွားမှု, မြန်မြန်သွားမှု, အပြေးသွားမှုမှာ ဘင်ချက်နှင့်ထား။

အချက်အလက်၌ လိမ်မာသူအကြီးအကြပ်က ဘင်ခရာတို့ကို အချက်ပေး၊ မီးအိမ်ကိုင်သူတို့မှာ ပြင်ဘက်ဘေးက ရှေ့နောက်တန်းလျက် ဝဲယာရံ၍လိုက်။

[ဤကား လမ်းသွားပုံ အစီစဉ်ပေတည်း၊ အထင်နှင့် ယမ်းရသော အကြမ်းမျှသာဖြစ်သည်၊ အလုပ်ခွင်ကိုကြည့်၍ ဂုဏ်ရှိသူများ ပြင်ဆင်ခွင့် ရှိသေး၏၊ နေရာအကျဆုံးနည်းလမ်းကို စာတမ်းရေး၍ ထားကြရမည်။]

## လမ်းသွားရန်အစီအစဉ်

အလံကိုင်သူ ၁၊ မောင်းကြီးထမ်းသူ ၂၊ ဘင်ကြီးထမ်းသူ ၂၊ ခရာကိုင် ၁၊ မီးအိမ်ကိုင် ၆-တို့မှာ တုတ်ကြီးကို ပခုံး၌လွယ်၊ ဓားကြီးကို လက်တစ်ဘက်၌ကိုင်၊ အကြီးအကြပ်တို့မှာ ဓားကြီးတစ်ခုသာကိုင်၊ ဘီလူးစသည်တို့မှာ လေးကိုပခုံးစွပ်၊ ဓားကြီးနှင့်တုတ်ကြီးကို လက်တစ်ဘက်စီကိုင်၊ မီးသိုင်းကစားသူတို့မှာ မီးသိုင်းနှင့်ပြီးစေ၊ ယမ်းမီး ပေါက်ထုပ်ကို အကြီးအကြပ်များကိုင်ကြရမည်။

[ဤကား လမ်းသွားရန် အစီအစဉ်အကြမ်းတည်း။ ဂုဏ်ရှိသူတို့က အလုပ်ခွင်ကို ကြည့်၍ ပြင်ဆင်ခွင့်ရှိသေး၏၊ အလွန်နေရာကျနေသော နည်းလမ်းကို စာတမ်း ရေး၍ထားရမည်။]

## တိဘက်နိုင်ငံ၌ ပြုလုပ်နည်း

၁။ ကပ်ရောဂါဖြစ်နေသောအရပ်မှာ နေဝင်လျှင် မီးလင်းစေရမည်။

၂။ ထိုအရပ်သို့ ရောက်ကြသောအခါ၌ ဘယ်အသင်းက ဘယ်က ဝင်၍ ဘယ်ကိုနင်း၍ ဘယ်သို့ထွက်ခဲ့ဟု အသီးအသီးဝေပုံချ၍ ထိုအရပ်ကို ကွက်စိပ်ချလျက် နင်းကြရမည်။

၃။ ထိုအရပ်သူတို့က ထိုအရပ်အတွင်းမှာ မသင်္ကာရာသစ်ပင်, မသင်္ကာရာဌာနစုကို ရှေ့ကသွား၍ ပြကြရမည်။

၄။ တလင်းသာရာ လမ်းသာရာတို့၌ မလိုလှ၊ လူသူအရောက်အ ပေါက်နည်းပါးရာ နောက်ဖီနောက်ဖေး ဝင်းပျက် ခြံပျက် အိမ် ပျက် တိုက်ပျက်, အထောင့်အကွေး အထွေးအရှုပ်ရှိရာ သစ်ပင် ဝါးပင် ခြုံနွယ်ပိတ်ပေါင်း ရှိရာတို့၌ သာ၍မဲကြကုန်ရမည်

၅။ အရပ်ငယ်ဖြစ်ခဲ့လျှင် ဘင်ကြီး, မောင်းကြီး ဆူအောင်တီး၍ ဝိုင်းဟဲ့-ဆီးဟဲ့ စသည်ဖြင့် အုန်းအုန်းဆူအောင်ကြော၍ ပေ ဗျောက် တို့ကိုအချက် အချက်၌ ခွဲ၍ တစ်ကြိမ်ပတ်မိအောင် ထိုအရပ်ကို လှည့်ကြရမည်။

၆။ ပတ်မိလျှင် ဝေပုံကျတိုင်း ထိုအရပ်သားများက ရှေ့ကလမ်းပြ ရာသို့ အကြမ်းတီး, အကြမ်းတိုတ်, အကြမ်း အော်ဟစ်၍ ဝင်လိုက်ကြကုန်ရမည်။

၇။ ဓားပြတွေကို အကြမ်းဖမ်းကြသကဲ့သို့ ဟိုပြေးဘဟဲ့ သည်ပြေးဘ ဟဲ့ ဟိုလာလေဟဲ့ သည်လာလေဟဲ့ လိုက်ဟဲ့ ဖမ်းဟဲ့ ဆီးဟဲ့

မိ-ဘဟဲ့ ရိုက်ဟဲ့ ထောင်းဟဲ့ ခေါင်းဖြတ်ဟဲ့ ခါးဖြတ်ဟဲ့ ခြေဖြတ်ဟဲ့ လက်ဖြတ်ဟဲ့ ထိုးထိုင်း ပြိုးပြုန်း အုန်းအုန်းဆူ ပြုလုပ်ကြကုန်ရမည်။

၈။ ယမ်းမီးပေါက်တို့ကိုလည်း တစ်လှည့် တစ်လှည့် ခွဲရမည်။

၉။ တုတ်ကြီးတို့နှင့် မပျက် မစီးနိုင်သော တုံးကြီး, တိုင်ကြီးများကို ရိုက်နှက်ကြကုန်ရမည်။

၁၀။ လောက်လေးတို့နှင့် သစ်ပင်ပေါ်, ဝါးပင်ပေါ်, ထန်းပင်ပေါ်, ပေပင်ပေါ်သို့ ပစ်ကြကုန်ရမည်။

၁၁။ ဘင်ကြီး, မောင်းကြီး, မီးသိုင်းသမားကို့သည်လည်း နှံ့ပြားအောင် လှည့်လည်ကြရမည်။

၁၂။ မီးမှု, လေးပစ်မှု, ဒုတ်ရိုက်မှုအတွက် အပြစ်ဒေါသ မရှိရအောင် အကြီးအကြပ်တို့က အထူးကြောင့်ကြ စိုက်ကြကုန်ရမည်။

၁၃။ အန္တရာယ်ကင်းပြုလုပ်သူ မလိမ်မာမှုကြောင့် ရပ်သူရွာသားမှာ ထိပါးနစ်နာရှိခဲ့သော် စစ်ဆေးမေးမြန်း၍ ပြုလုပ်သူကို အသင်းမှ ထုတ်ကြစတမ်းဟု အချုပ်ဂတိထားကြကုန်ရမည်။

၁၄။ ထိုအရပ်၌ နှံ့နှံ့ပြားပြားရှိသောအခါ ခရာချက်နှင့် လူစု၍ လာစဉ်က နည်းလမ်းအတိုင်းပြန်ကြရမည်။

၁၅။ နက်ဖြန်နံနက်၌ မြို့ပြင် ရွာပြင်မှာ ထိုအရပ်အနီးရှိ သုသာန် သင်းချိုင်း, တောခြုံ, ပိတ်ပေါင်း, ဇရပ်ဟောင်း, ကျောင်းပျက် စသည်တို့၌ အကုန်ထွက်၍ ပစ်ခတ်တီးခေါက် ခြိမ်းခြောက် နှင်ထုတ်ကြရမည်။

[၃-ည ၃-နေ့ပြုလုပ်ခဲ့လျှင် ဘယ်လောက်ကြီးသော ကပ်ဥပဒ်မှ မခံနိုင်၊ ကေန်ပျောက်ငြိမ်းလတ္တံ့။]

၁၆။ အန္တရာယ်ကင်း အသင်းသားတို့မှာ တစ်နှစ်တစ်ကြိမ် အန္တရာယ်ကင်း စာပြန်ပွဲ ပြုလုပ်ကြကုန်ရမည်၊ ကျွေးမှုမွေးမှု ဆုလာဘ်ပေးမှုတို့မှာ မြို့ရွာက အားထုတ်ကြကုန်ရမည်။

၁၇။ ပရိတ်ကြီးပါဠိ,အာဋာနာဋိယသုတ်ကြီး, မဟာသမယ သုတ်ကြီး, ဥပ္ပါတသန္တိဂါထာကျမ်း, ပဋ္ဌာန်းပစ္စယနိဒ္ဒေသ, ပဋ္ဌာန်းပဉှာဝါရ, ဓာရဏပရိတ်, စက်ပရိတ် အစရှိသည်တို့ကို ပြန်ဆိုကြကုန်ရမည်။

၁၈။ အာဋာနာဋိယ စသောသုတ်ကြီး ပါဠိတော်ကြီးများမှာ အထက်အောက် ၃-ယောက်ဝေ၍, ၄-ယောက်ဝေ၍, ၅-ယောက်ဝေ၍ ကျက်ကြကုန်ရမည်။

[ဤကား တိဘက်နိုင်ငံများမှာ ပြုလုပ်နည်းများနှင့် အလားတူ ကာလသားအသင်းတို့ ပြုလုပ်ပုံနည်းလမ်းကိုပြဆိုခန်းတည်း။]

ကာလသားတို့၏ တန်ခိုးအာဏာပြီး၏။

----✳---

## ၈-ရဟန်းတော်များ၏တန်ခိုးအာဏာ ပျောက်ငြိမ်းဖွယ်

ထိုထိုမြို့ရွာတို့၌ ကျရောက်ဖြစ်ပေါ်လျက်ရှိနေသော ကပ်ရောဂါများသည် ထိုထိုမြို့ရွာရှိ ရဟန်းတော် သင်္ဃာတော် ဆရာတော်တို့၏ အစွမ်းဖြင့်လည်း ပျောက်ငြိမ်းတတ်၏။

## ရှေးခေတ်ရဟန်း

ရှေးအခါ၌ ရဟန်းဆိုလျှင် အယုတ်အားဖြင့် မိမိ၏ အပါယ်သံသရာမှ ကျွတ်လွတ်ရခြင်းဟူသော မိမိကိုယ်ကျိုးကို လိုရင်းပဓာန

ပြုကြကုန်၍ မြို့ရွာနေသူလူတို့နှင့် စပ်လျဉ်းသော အလှူခံမှု, ကျောင်းကန် ပရိက္ခရာ ဘဏ္ဍာသိမ်းဆည်းမှုတို့ကို ဝေးစွာကြဉ်ရှောင်၍ တောတောင် ခိုမှီးလျက် ကြီးမားသော လုံ့လဖြင့် အတ္တဟိတ အကျိုးစီးပွားကို မနေမနား အားထုတ်နေထိုင်ကြကုန်၏။

## ယခုခေတ် ရဟန်း

ယခုကာလ၌မူကား ထိုကဲ့သို့အားမထုတ်နိုင်ကြကုန်သဖြင့် မြို့ရွာ နေ လူသူတို့နှင့် စပ်လျဉ်းသောအလှူခံမှု, ကျောင်းကန် ပရိက္ခရာ ဘဏ္ဍာ သိမ်းဆည်းမှုတို့ကို ဂရုစိုက်ကြကုန်၏၊ ရဟန်းတော်တို့ နေထိုင်ရန်, စာသောက်ရန်, ဝတ်ရုံရန်, သုံးဆောင်ရန်, ကျောင်းကန်တိုက်တာ ဆွမ်း သင်္ကန်း ပရိက္ခရာ ဘဏ္ဍာများမှာ မြို့ရွာနေသူလူတို့၏ တာဝန်ဖြစ်စေ, မြို့ရွာနေသူလူတို့၏ ပစ္စပ္ပန်သံသရာ နှစ်ဖြာကောင်းရန် ကျမ်းဂန်ပြည့်စုံ သွန်သင်ဖော်ပြ ဆုံးမပြောဟောမှုများမှာ ဆရာ ပြုလုပ်ကြသူ ရဟန်းတို့၏ တာဝန်ပင် ဖြစ်ဝေဟူ၍ အပြန်အလှန် ပဋိညာဉ်စာချုပ် ပြုလုပ်ဖွဲ့စည်း၍ ထားကြကုန်ဘိသကဲ့သို့ လူတို့နှင့် ဖက်စပ်လျက် နေထိုင်ကြကုန်သည်။

## သက်ရှည် နာကင်း

အသက်ရှည်မှု, အနာကင်းမှုသည်လည်း ပစ္စုပ္ပန်ကောင်းကျိုးကြီး ၂-ပါးပင်တည်း၊ ထိုကြောင့် မြို့ရွာ၏ အန္တရာယ်ကင်းရှင်းမှုသည် စွမ်းနိုင် ကြပါလျှင် မြို့ရွာနေ ရဟန်းတော်တို့၏ တာဝန်ပင် ဖြစ်သတည်း၊ စွမ်းနိုင်သည်, မစွမ်းနိုင်သည်ဟူသော စကားမှာလည်း လောကဓမ္မ ဗဟုသုတ အသိအလိမ်မာ ဉာဏ်ပညာကို ရှာကြံလိုက်စား ကြသော သူတို့သည်သာ စွမ်းနိုင်ကုန်၏၊ လောကဂုဏ် လောကချမ်းသာမျှကို ရှာကြံ, လိုက်စား ကြသောသူတို့သည် မစွမ်းနိုင်ကြကုန်၊ ထိုသူတို့သည်

ယခုလောက၌ဂုဏ်ရှိ၍ ချမ်းသာစွာနေရလျှင် ပြီးကြကုန်၏၊ လောက၌လည်းကောင်း, ဓမ္မ၌လည်းကောင်း၊ အသိအလိမ်မာညဏ်ပညာနယ်သို့မရောက်ကြကုန်ပြီ။

ကပ်ဥပဒ်အရေးဆိုက်ခဲ့သော် မြို့ရွာကို မဆိုထားဘိ မိမိတို့ကိုယ်ကိုပင် ကမ္မသကာတရားနှင့် ပစ်ထားကြရကုန်၏၊ ရေးနီးခဲ့လျှင် ပြေးဖို့ရာညဏ်မျိုးသာရှိကုန်၏၊ အလွန်တရာ ကြီးကျယ်နက်နဲ ခက်ခဲလှစွာသော သံသရာအရေးမျိုး, မဂ်ဖိုလ်နိဗ္ဗာန်အရေးမျိုး၌ ထိုသူတို့မှာ သူတစ်ပါးတိုကို စာနာဖို့ရာ အလိမ္မာ ရှိ-မရှိကို သိကြကုန်ရာ၏။

မိမိတို့မြို့ရွာ၌ ကပ်ရောဂါ ပေါ်ပေါက်လာခဲ့သော် ထိုရောဂါ မပြန့်ပွား မများပြားမီ မြို့ရွာရှိဆရာတော် သင်္ဃာတော်တို့အစုံအညီစည်းဝေးကြကုန်၍ ဘယ်တိုက်သင်္ဃာတို့က ဘယ်အရပ်ဟု ရပ်စုကွက်စုဝေပုံ ချကြကုန်ပြီးလျှင် မြို့ရွာနေ လူကြီးသူကြီး ခေါင်းအကြီးတို့ကိုခေါ်၍ တစ်မြို့လုံး တစ်ရွာလုံး တံမြက်တလင်း ရှင်းလင်းခြင်း၊ သင့်လျော်ရာ ဌာနတို့၌ မဏ္ဍပ်ကနား ဆောက်လုပ်ခြင်း၊ ပရိတ်အိုး, ပရိတ်ချည်, ပရိတ်ရေ, ပရိတ်ပန်း, ပရိတ်သဲတို့ကို အသီးအသီးစီရင်ခြင်း၊ မြို့ရွာရှိနတ်တို့အား နတ်ကနား နတ်ပွဲပြုလုပ်ခြင်း၊ ဘီလူးသားဘက်တို့ကို ဗလိနတ်စာကျွေးမွေးခြင်း၊ အိမ်စောင့်နတ်, ဝင်းစောင့်နတ်, ခြံစောင့်နတ် မိရိုးဘလာနတ်တို့ကို ပူဇော်ပသခြင်း၊ ၅-ပါးသီလများကို အထူးလုံခြုံစွာ စောင့်ထိန်းကြခြင်း၊ မိမိတို့ပြုကြသော ကုသိုလ်အဖို့ကိုနတ်တို့အား အမျှပေးဝေကြခြင်း၊ ကပ်ဥပဒ်ရှိနေသည့် အတွင်းမှာ သားစိမ်း ငါးစိမ်းများကို ရှောင်ကြဉ်ကြခြင်း၊ သက်သတ်လွတ် ကုသိုလ်များကို တတ်အားသမျှ ပြုလုပ်ကြခြင်း၊ ဂုဏ်တော်များစွာကို စွဲမြဲကြခြင်း၊ မေတ္တာပို့များကို အားထုတ်ကြခြင်း၊ ဤအလုံးစုံကို လူတို့အားပြောကြား ဆုံးမကြရမည်။

ရွတ်ဖတ်ရာမှာ-

၁။ ပရိတ်ကြီး,

၂။ မဟာသမယသုတ်ကြီး,

၃။ အာဋာနာဋိယသုတ်ကြီး,

၄။ ဗုဒ္ဓဝင်ပါဠိတော်,

၅။ ပဋ္ဌာန်းပါဠိတော်,

၆။ ဥပ္ပါတသန္တိကျမ်း,

၇။ ဗြဟ္မဇာလသုတ်။

၈။ ၆၂-ပါးဒိဋ္ဌိခဏ်းသုတ်။

၉။ မဟာဝါ မဟာပဒါနသုတ်ကြီး။

ဤပါဠိတော်ကြီးများသည် တန်းခိုးအထူးကြီး၏။

[ကမ္မဝါဖတ်သကဲ့သို့ စာကိုကြည့်၍ တစ်ပါးကတိုင်ပြီးလျှင် အများက လိုက်ကြမှု သာ၍ကောင်း၏၊ လူပရိတ်သတ်များပါ ပါဝင် လိုက်ကြစေရမည်။]

## ပရိတ်ရွတ်ရာ၌ အစီအစဉ်လုပ်ပုံ

အရှင်အာနန္ဒာနည်းနှင့် ညအခါ၌ မြို့လမ်းမ, ရွာလမ်းမ များကို လျှောက်သွား၍ ဖတ်ကြရာ၌လည်း တစ်မြို့လုံး တစ်ရွာလုံးမှာ လမ်းစဉ် တလျှောက် ထိန်ထိန်လင်းအောင်မီးထွန်း၊ ရေအေးအိုးတည်၊ ဘိလပ်ရည်, အဖျော်ရည်, ဆေးလိပ် ကွမ်းယာ စခန်းထား၊ ထိုသုတ်ကြီးများကို တိုင်၍ ဖတ်၊ တိုင်သောရဟန်းကို ထမ်းစင်နှင့်ထမ်း၊ လူပရိတ် သတ်တို့က တညီ တညာလိုက်၍ အသံကျယ်စွာရွတ်၊ ရွတ်ဖတ်ရာ၌ ရပြီးကို ရွတ်ဆိုသကဲ့သို့ အလွန်ချောမောရမည်၊ ရှေးအဖို့ကပင် ဖတ်ရွတ်ထားရမည်၊ ၃-ရက် အနည်းဆုံးဖတ်၊ အန္တရာယ် မငြိမ်းသေးလျှင် မငြိမ်းမခြင်းဘတ်၊ အာဋာ နာဋိယသုတ်ကြီးကို နောက်ဆုံး၌ပိတ်၍ဘတ်။

လူတို့က ပရိတ်ရေ, ပရိတ်သဲတို့ကို တစ်နေ့တစ်ခါလဲ၍ မိမိတို့ အိမ်ပြင်, အိမ်တွင်း, ဝင်းတွင်း ခြံတွင်းတို့မှာ အနှံ့အပြားပက်၊ ပရိတ်ပန်းတို့ကိုအိမ်တခါး, အိမ်နံရံတို့၌ထိုး၍ထား၊ လူများမှာလည်းပန်ရ၏၊ ပရိတ်ချည်တို့ကို အိမ်ပတ်လည် ဝိုင်း၍ထား၊ သူငယ်တို့မှာလည်း လည်ပင်း လက်ကောက်ဝတ်တို့၌ ဝတ်၍ထား၊ ပရိတ်ဆန်, ပရိတ်ဆန် ပန်း, ပရိတ်ပေါက်ပေါက်တို့ကိုလည်း လုပ်ရ၏၊ သင်္ဃာတော်အများ ဖြစ်ခဲ့လျှင် ပရိတ်အိုးများကို သင်္ဃာအလယ်, ပရိတ်သတ်အလယ်မှာ ထားရမည်။

ပရိတ်ရွတ်မည်ဆိုလျှင် မြို့စောင့်နတ်, ရွာစောင့်နတ် အစရှိသော နတ်များကို ဖိတ်စာရေး၍ နေ့စဉ်ဖိတ်၊ နတ်နှင့်စပ်သော အမှုများကို ပေါ့ပေါ့စားစား မလုပ်ကြရ။

## နည်းလမ်း ၅-မျိုး

နိုင်ငံမြို့ရွာတို့၌ ကပ်ရောဂါကင်းရှင်းခြင်းသည်-

၁။ နိုင်ငံရှင် အစိုးရမင်းတို့၏ အစွမ်းဖြင့်ကင်းရှင်းခြင်း,
၂။ ဆရာဝန်မင်းများ၏ အစွမ်းဖြင့် ကင်းရှင်းခြင်း,
၃။ မြို့ရွာ လူကြီးသူကြီးများ၏ အစွမ်းဖြင့်ကင်းရှင်းခြင်း,
၄။ မြို့ရွာရှိ ကာလသားများ၏ အစွမ်းဖြင့်ကင်းရှင်းခြင်း,
၅။ မြို့ရွာရှိ ရဟန်း သင်္ဃာများ၏ အစွမ်းဖြင့် ကင်းရှင်းခြင်း၊

ဟူ၍ ကင်းရှင်းရန် နည်းလမ်း ၅-မျိုးရှိ၏၊ ထိုတွင်-

## ဝေဖန်ချက်

နိုင်ငံအစိုးရမင်းများ၏ အစွမ်းဖြင့် ကင်းရှင်းခြင်းသည် အလွယ်ဆုံး ဖြစ်၏၊ အကြောင်းမူကား အစိုးရမင်းများမှာ လက်နက် ကြိယာ

စုံလင်ပြီးဖြစ်၍ ကြွင်းသော ၄-နည်းတို့မှာ ယခုမှအသစ် ထူထောင်ရန် များပြား၏၊ နောက် ၃-နည်းတို့မှာ အစဉ်ထာဝရ ညီညွတ်ရန် ခဲယဉ်း၏၊ ထို့ကြောင့် အစိုးရ မင်းများ၏ အလုပ်ကို မူတည်ရာ၏၊ ကြွင်းသောနည်း ၄-ပါးကို အမံအရံပြုရာ၏၊ နိုင်ငံအစိုးရမင်းများ၏ ဘုန်းတန်ခိုးအာဏာ စက်နှင့်ပင် ပြီးစီးနိုင်ပါစေသတည်း။

[ဤကား မြို့ရွာရှိ သယ်ာတော်များ အန္တရာယ်ကင်းပြုလုပ်နည်းကို ပြဆိုခန်းတည်း]
ရဟန်းတော်များ၏ တန်ခိုးအာဏာပြီး၏။

------*------

## ၉-မကောင်းနိမိတ် ပျောက်အောင် လုပ်နည်း အကျယ်ပြဆိုချက်

ပဌမခန်း၌ ပြဆိုခဲ့ပြီးသော နိမိတ်များပေါ်ပေါက်ခဲ့သော် ပြုလုပ်ရန်နည်းလမ်းကို ပြဆိုအံ့။

### ခွေးအူ နိမိတ်

မြို့ရွာတို့၌ ခွေးတို့ အထူးအူဆူခဲ့သော် ထိုအရပ်တွင်းသို့ ဘီလူးသဘက်တို့ ဝင်ရောက်ကြကုန်ပြီမှတ်၊ ထိုအရပ်သူ အရပ်သားတို့က နားထောင်၍မနေကြရ၊ ခွေးဆူအူရာ ဌာန၌ အုဌ်ခဲ, ကျောက်ခဲ, လောက်လေးတို့နှင့် အတင်းလိုက်၍ ပစ်ခတ်ကြကုန်ရမည်။

အုဌ်ခဲ, ကျောက်ခဲ, လောက်လေး, တုတ်, ဓားတို့ကို ရှေ့အဖို့ကပင် အသင့်ရှိစေကြရမည်။

ငါတို့မြန်မာလူမျိုးများ အလေ့ ဓားပြနှင့်တွေ့ခါမှ ဓားရှာတတ်၏၊ အနီးအစပ်အရပ်ရှိ ကာလသား အသင်းတို့လည်း တုတ်, ဓားကိုင်စွဲလျက် ထိုအရပ်ထဲသို့ လာရောက်၍ ပစ်ခတ်တီးခေါက် ခြိမ်းခြောက် နှင်ထုတ်ကြရမည်။

အရပ်တွင်းမှာ ညအခါ, အရပ်ပြင်မှာ နေ့အခါ ၃-ည ၃-နေ့ နှင်ထုတ်ကြရမည်။

ခွေးအူမပျောက်သေးသမျှ ထိုအရပ်တွင်းရှိယောကျာ်းများ ညအခါ၌ မအိပ်ကြရ၊ တုတ်,ဓားကိုင်စွဲ၍ ဝင်းထဲ, ခြံထဲမှာ လှည့်လည်၍ နေကြရမည်၊ အာရုဏ်တက်မှ အိပ်ကြရမည်။

မြို့ရွာတို့တွင် တစ်ရပ် တစ်ကွက်၌ တစ်ခုသောအိမ်ကို မီးလောင်ခဲ့သော် မိမိတို့အိမ်က ရေအိုးကိုယ်စီနှင့် နေတတ်ကြကုန်၏၊ မီးသည် ပြန့်ပွား၍လာသည်ရှိသော် ရေအိုးကိုပစ်၍ ထွက်ပြေးကြကုန်၏၊ ထိုသို့မနေကြရကုန်၊ မီးလောင်ရာ၌ာနသို့ တစ်မြို့လုံး တစ်ရွာလုံးလာ၍ မီးသတ်ကြကုန်ရမည်။

ထိုအိမ်၌ မီးမငြိမ်းခဲ့သော် တစ်မြို့လုံး တစ်ရွာလုံး မီးမငြိမ်း၊ ထိုအိမ်၌ မီးငြိမ်းမှ တစ်မြို့လုံးတစ်ရွာလုံး မီးငြိမ်းမည်၊ ရောဂါဥပဒ် တစ်ရပ်တစ်ကွက်မှာ ဖြစ်ပေါ်ရာ, ခွေးအူရာတို့၌လည်း ထိုနည်းတူမှတ်။

ဘီလူးသားဘက်တို့သည် မြို့တွင်းရွာတွင်း၌ ၃-ရက် ၄-ရက် သွားလာခွင့် ရကြကုန်သည်ရှိသော် နေရာထိုင်ရာ, သွားလမ်း လာလမ်းကို ရကြ, သိကြကုန်သဖြင့် မြို့ပြင် ရွာပြင်သို့ပင် မထွက်ကြကုန်ပြီ၊ မြို့တွင်းရွာတွင်းမှာပင် နေကြကုန်တော့သည်၊ နှင်ထုတ်မှုမရှိဘဲ နှစ်, လရှည်ကြာခဲ့သော် စားဖန်များ၍ လူကုန်လျှင် ဘီလူးမြို့ ဘီလူးရွာဖြစ်၍ သွားလတ္တံ့။

## ကျီးပြို နိမိတ်

နေ့အခါ ကျီးပြိုခဲ့သော် ထိုအရပ်တွင်းသို့ ဘီလူးသားဘက်တို့ ဝင်ရောက်ကြကုန်ပြီမှတ်၊ ညအခါ၌ လူအိပ်ချိန်မှာ သစ်ပင်မှဆင်း၍ အရပ်တွင်းသို့ ဝင်ရောက်ကြကုန်၏၊ ဘီလူး သားဘက်တို့ အဆင်း

အတက်မှာ ကျီးတို့လှုပ်ကြကုန်၏၊ နားထောင်၍မနေကြရ၊ အနီး အစပ်အရပ်များပါ ကျီးပြုရာသို့လာရောက်ကြ၍ ထိုအရပ်တွင်း၌ ပစ်ခတ်, တီးခေါက်, ခြိမ်းခြောက် နှင်ထုတ်ကြကုန်ရမည်။

ညအခါတို့၌ အိပ်နေရာသစ်ပင်တို့မှ ကျီးတို့မြည်ကြ, လန့်ကြ, လှုပ်ရှားကြကုန်သည်ရှိသော် ထိုသစ်ပင်တို့မှာ ဘီလူး သားဘက်တို့ တက်နေကြကုန်ပြီမှတ်၊ နားထောင်၍မနေကြရ၊ ထိုသစ်ပင်တို့ကို အုဋ်ခဲ, ကျောက်ခဲ, လောက်လေးတို့နှင့် ပစ်ခတ် နှင်ထုတ်ကြကုန်ပြီးလျှင် ထို သစ်ပင်တို့မှာ **"သုဝဏ္ဏာဘုမ္ဘိ, ဟေတုပစ္စယော"** စသည်တို့ကို ပတ်မိ အောင် ရေးထားကြရမည်။

ပျောက်ငြိမ်းသောအခါ ဖျက်ကြရမည်၊ သစ်ပင်စောင့်နတ်တို့ မနေသာရှိတတ်ကြသည်၊ ဆူးခက်တို့ကိုသော်လည်း ထိုသစ်ပင်တို့မှာ ကပ်ထားကြရမည်။

## ငှက်ဆိုးမြည်နိမိတ်

ညအခါ၌ ငှက်ဆိုးထိုး မြည်တွန်ခဲ့သော် ထိုအရပ်တွင်းသို့ ဘီလူး သဘက်တို့ ဝင်ရောက်ကြကုန်ပြီမှတ်၊ နားထောင်၍ မနေကြရ၊ ထိုအရပ်၌ ၃-ရက်တိုင်တိုင် ပစ်ခတ်, တီးခေါက်, ခြိမ်းခြောက် နှင်ထုတ်ကြရမည်၊ ထိုသစ်ပင်မှာ ပရိတ်ဂါထာများ ရေးထားကြရမည်။

## ရေတပ်ဆိုက်အိပ်မက် နိမိတ်

မိမိတို့မြို့ရွာ ဆိပ်ကမ်းသို့ တပ်လှေ, တပ်သင်္ဘော ဆိုက်လာ သည်ဟု အိပ်မက်မြင်ခဲ့သော် ထိုမြို့ရွာသို့ ဘီလူးသဘက်တို့ လာရောက် ကြကုန်ပြီမှတ်၊ မြင်မက်သူတို့က မြို့သူကြီး ရွာသူကြီးများထံ အမြန်ပြော ကြားရမည်။

ဗလိနတ်စာ ကျိုချက်ပြီးလျှင် ငှက်ပျောဖောင်ပေါ်မှာ ငှက်ပျော ရွက်နှင့်တင်၍ မြစ်ပြင်သို့မျှောပြီးလျှင် တစ်မြို့လုံး တစ်ရွာလုံး ညီညာ၍ အရှေ့က မြစ်ဆိပ်နေခဲ့သော် အနောက်ကာစ၍ အရှေ့သို့ နှင်ထုတ်ကြရမည်။

နေ့အခါ၌ ထိုမြစ်ပြင်မှာ လှေနှင့်လှည့်လည်၍ ပရိတ်သဲများကို ကြဲကြရမည်။

ထိုမြစ်ဆိပ်နှင့် နီးစပ်သောအရပ်တို့မှာ ညအခါ၌ ယောက်ျားများ မအိပ်ကြဘဲ ဝင်းထဲ ခြံထဲမှာ လှည့်လည်၍ နေကြကုန်ရမည်။

နေ့အခါ၌လည်း ၃-ရက်, ၄-ရက်အတွင်းမှာ ထိုမြစ်ရေထဲသို့ ဆင်း၍ရေချိုးခြင်း, ရေခပ်ခြင်းကို ဆင်ခြင်ကြရမည်။

[ဤနိမိတ်သည် ယခုအခါ၌ မြစ်ရိုးမြစ်စဉ် မြို့ကျေးရွာတို့၌ အလွန်ထင်ရှားလျက် ရှိနေကြ၏။]

## ကုန်းတပ်ဆိုက်အိပ်မက် နိမိတ်

ကုန်းမြို့ကုန်းရွာတို့၌ တပ်ဆိုက်လာသည်ဟု မြင်မက်ခဲ့သော် ဘီလူးသဘက် အမြောက်အမြားတို့ ထိုမြို့ရွာသို့ ဆိုက်ရောက်ကြ ကုန်ပြီမှတ်၊ လှေဆိုက်မြင်မက်ရာ၌ကဲ့သို့ ဗလိနတ်စာကျွေးခြင်း, ၃-နေ့, ၃-ညနှင် ထုတ်ခြင်းကို ပြုကြရမည်။

အိပ်မက်မြင်ရုံမျှမက တပ်ချီ၍လာသည်ကို ဒိဋ္ဌတွေ့မြင်ကြရသူ တို့လည်းရှိကြကုန်၏၊ တပ်လှေ, တပ်သင်္ဘော တပ်ချီ မြင်မက်ခဲ့သော် ဘီးလူးသဘက်များပြား၏၊ အားကြီးစွာ ရောဂါဖြစ်တတ်၏။

# အိမ်မက်နှင့် ကိုယ်တွေ့နိမိတ်

မြို့တွင်း ရွာတွင်းသို့ လူနက်ကြီးများ, လူနီကြီးများ, လူဖြူကြီးများ, ဝက်ကောင်ကြီးများ, ခွေးကောင်ကြီးများ, ရေသား ဘက်ကောင်ကြီးများ, ကုန်းသားဘက်ကောင်ကြီးများ ဝင်လာသည်ဟု မြင်မက်ခဲ့သော်လည်း ကောင်း, ထိုအကောင်ကြီးများကို အချို့က တွေ့မြင်ကြသောလည်း ကောင်း ထိုအရပ်တိုင်းသို့ ဘီလူးသားဘက်တို့ ဝင်ရောက်ကြကုန်ပြီ၊ အိပ်ပျော်သော အိမ်ကိုရှာကြကုန်၏၊ မြင်မက်သူတို့က အရပ်ကိုအမြန် ပြောကြ၍ နှင်ထုတ်ကြ ကုန်ရမည်။

ကိုယ်တိုင်မြင်တွေ့ကြရာ၌ တွေ့မြင်သူတို့က မြို့ပြင် ရွာပြင်သို့ ထွက်အောင် အတင်းလိုက်၍ ပစ်ခတ်ကြရမည်။

ဒိဌတွေ့မြင်ကြရာ၌ အလန့်အထိတ် မရှိသူတို့မှာ ဥပဒ် မရှိ၊ ထိတ်ခြင်း လန့်ခြင်းရှိသူတို့မှာ ဥပဒ်ဖြစ်ရာကြကုန်၏၊ လက်၌မီးရှိသောသူ၊ ဓားရှိသောသူ၊ ကိုယ်၌ ဂါထာန္တရား, ဆေးဝါး, လည်ဖွဲ့, လက်ဖွဲ့, ခြေဖွဲ့ ရှိသော သူတို့မှာ ထိတ်လန့်ခြင်း ရှိကြသော်လည်း မကပ်တည့်ဝံ့ ကြကုန်၊ အယုတ်သဖြင့် ဆူးခက်လက်၌ရှိလျှင်ပင် မကပ်တည့် ဝံ့ကြကုန်၊ နှုတ်၌ **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"** ကိုရွတ်ဆို၍ နေသော သူများကိုလည်း မကပ် တည့်နိုင်ကြကုန်၊ ဝင်းပေါက် ခြံပေါက်၌ မီးထည့်၍ထားလျှင် ထိုဝင်း ထိုခြံသို့ မဝင်တည့်ကြကုန်။

# ပွဲလမ်းသဘင် အိပ်မက်နိမိတ်

မြို့ထဲရွာထဲမှာ ပွဲလမ်းသဘင်ခံသည်ဟု မြင်မက်ခဲ့သော် ပွဲလမ်း သဘင်ခံရာအရပ်မှာ နှင်ထုတ်ကြရမည်။

နေ့အခါ၌ မြို့တွင်းရွာတွင်းသို့ သစ်ဝင်ခြင်း, သမင် ဒရယ်ဝင် ခြင်း, တောကြက် တောခါဝင်ခြင်းတို့၌လည်း တပ်ဝင်ရာ၌ ကဲ့သို့ပြုလုပ်ကြရမည်။

ညအခါ၌ နွားခြံ ကျွဲခြံတို့မှာ နွား ကျွဲလန့်ခဲ့သော် ထိုခြံတွင်းသို့ ဘီးလူးသဘက်တို့ ဝင်ရောက်ကြကုန်ပြီ၊ ထိုခြံရှိ ရှိသမျှသော နွား, တို့ကို အနားပေး၍ အသွေး, အဆီတို့ကို စားသောက်ကြကုန်လတ္တံ့။

နွား, ကျွဲတို့ကို ထိုခြံတွင်မှထုတ်၍ ဝေးရာမှာထား၊ ထိုခြံတွင်း၌ ပရိတ်ရွတ်ခြင်း, ကမ္မဝါဖတ်ခြင်း, ပရုပ်ရည်, ရှိန်းခိုရည်, အစိုးရမင်းတို့၏ ပလိပ်အကွယ်အကာ ဆေးရည်များ ပက်ဖျန်းပြီးမှ နွား ကျွဲတို့ကို သွင်းရမည်၊ မြည်း, မြင်း, သိုး, ဆိတ်တို့ကိုလည်း ထို့နည်းတူမှတ်။

နေ့အခါ တောချုံရှိရာမှ နွား, ကျွဲတို့လန့်ခဲ့သော် ထိုတောချုံမှာ ဘီလူးသဘက်တို့ ရှိနေပြီ၊ နွား, ကျွဲတို့ကို ထိုတောမှ အမြန်ထုတ်၍ တစ်ခြား တစ်ပါးသော တောမှာ ၇-ရက် ၈-ရက်ကျောင်းပြီးမှ ထိုတောမှာ တဖန်ကျောင်းရမည်၊ နွားကျွဲတို့၏ ဦးချိုတို့၌-

**ဥံ၊- ဗုဒ္ဓံ သရဏံ ဟဲ---တာနော ယကြွော ရှောင်လေ. . . ရှားလေ. . . .**

-ဟု အပြန်အလှန် ရေးထားကြရမည်၊ သရဏံဂုံ အင်းပြား များကိုလည်း ကျွဲနွားတို့သောက်ရေ၌ ထည့်ထားကြရမည်၊ ပရိတ်ရေ, ပရိတ်ပန်း, ပရိတ်သဲတို့ကိုလည်း နွားခြံကျွဲခြံတို့၌ အရံအကာ ပြုလုပ်ကြရမည်၊ ပရိတ်ချည်များကိုလည်း ထိုနွားကျွဲတို့၏ လည်ပင်းမှာ စွပ်ထားကုန်ရမည်။

[ဤကားနိမိတ်များ တစ်စုံတစ်ခုပေါ်ပေါက်ခဲ့သော် ပပျောက်အောင် ပြု လုပ်နည်းတည်း။]

မကောင်းနိမိတ် ပပျောက်အောင်လုပ်နည်းပြီး၏။

# ၁၀-ကပ်ရောဂါ ပျောက်ဖူးသည့်အရပ်များ ဒေသနှင့် နည်းလမ်း

ကပ်ရောဂါဆိုက်ရောက်ဖြစ်ပွားသော နေရာ၌နေရာတကျ ပြုလုပ်ကြသဖြင့် နေ့ခြင်းညခြင်း ပျောက်ငြိမ်း ဘူးသော နည်းလမ်းများ ရှိ၏၊ ထိုတွင်-

## ဝေသာလီပြည်

ငါတို့ဘုရားလက်ထက်တော်၌ ဝေသာလီပြည်မှာ ကပ်ဥပဒ်ကြီးစွာ ဆိုက်ရောက်ရာအရှင်အာနန္ဒာသည် တစ်မြို့လုံး လမ်းလျှောက် လှည့်လည် လျက် ရတနသုတ်ပရိတ်တော်ကို ညဉ့် ၃-ယာမ်ပတ်လုံး ရွတ်သဖြင့် ပျောက်ငြိမ်းဘူးကြောင်း ရတနသုတ်နိဒါန်း အဌကထာကြီးမှာ ထင်ရှား ရှိပြီ။

[ဤလမ်းလျောက်သွား၍ ရွတ်ဖတ်သောနည်းလမ်းမှာ ငါတို့စီရင်သော အန္တရာယ်ကင်း စာအုပ်ငယ် တစ်ခုမှာပါရှိ၏။]

## သီဟိုဠ်ကျွန်း

သီဟိုဠ်ကျွန်းတွင် သဃ်ဗောဓိမင်းလက်ထက် ဘီလူး သားဘက် တို့ အတတ်ကြောင့် ပလိပ်ရောဂါ ဆိုက်ရောက်ရာ ဘီလူး သားဘက် တို့အား ဗလိနတ်စာကောင်းစွာကျွေးမွေးသဖြင့် ပျောက်ငြိမ်းဖူးကြောင်း မဟာဝင် အဌကထာတွင် လာရှိ၏။

## ကျိုက်ထိုမြို့

ငါတို့မြန်မာနိုင်ငံ၌ ကျိုက်ထိုမြို့ ကပ်ဥပဒ်ဆိုက်ရောက်ရာ မြို့စောင့် နတ်တို့အား နတ်ကနားပွဲ ပြုလုပ်ပူဇော်ကြ၏၊ ထိုအခါ လူတစ်ဦးကို

ပူးကပ်၍ ပွဲတွင်းသို့ ဝင်လာသော နတ်ကြီးတစ်ပါးက ဘီလူးသဘက်တို့ကို ငါတို့ချည်းမနိုင်ဘူး၊ မောင်မင်းတို့ မြို့သားများလည်းထွက်ကြ၊ ငါတို့က လက်ညိုးညွှန်ပြမည်၊ မောင်မင်းတို့က အုင်ခဲ၊ ကျောက်ခဲအစရှိသော လက်နက်တို့ဖြင့် ပစ်ခတ်ကျရမည်ဟု ပြောဆို၍ ၎င်းနတ်ပူးသူမြို့ပြင်သို့ ထွက်သွားပြီးလျှင် မြို့ပြင်ရှိဇရပ် တန်ဆောင်း ကျောင်းဟောင်းတို့ကို လက်ညိုးညွှန်ပြ၏၊ သူအများတို့က ထိုသူ ညွှန်ပြရာ အရပ်ကို အုင်ခဲ၊ ကျောက်ခဲအစရှိသော လက်နက်တို့နှင့် ပစ်ခတ်ကြကုန်၏၊ တစ်ဖန်မြို့ အနီးရှိ ချောင်းရိုးသို့ လျှောက်သွား ၍ချောင်းရိုးဝဲယာရှိ တောချုံတို့ကို ညွှန်ပြ၏၊ ၎င်းညွှန်ပြရာကို လူအများတို့က အော်ငြာ၍ ပစ်ခတ်ရိုက်နှက်ကြကုန်၏၊ နေ့ချင်း ညချင်း ကပ်ဥပဒ်ငြိမ်း၏၊ ပြုလုပ်ရ သူများတို့သည် ယခု ထင်ရှားရှိကြကုန်၏၊ ၎င်းကျိုက်ထိုမြို့မှာပင် ယခု ၁၂၇၀-ပြည့်ဝါဆိုလအတွင်း ပလိပ်ရောဂါ ဖြစ်လာရာ အမိန့်တော်ရရှေ့နေ မောင်ဘိုးရိပ် ဆိုသူ ကြီးကြပ်၍ ဗလိနတ်စာ ကျွေးမွေးရာတွင် ပျောက်ငြိမ်း၏။

## တောင်ငူမြို့

တောင်ငူမြို့မှာ ရှေးသောအခါ၌ ကပ်ဥပဒ်ကြီးစွာ ဆိုက်ရောက်ရှိနေရာ မင်းကလေးဆိုသောနတ်က မိန်းမတစ်ယောက်၌ ပူးကပ်၍ ဆရာတစ်ဦးကို ဆရာတို့မြို့ရွာ၌ ရောဂါဥပဒ်တွေ ဖြစ်လျက်နေသည်ကို အဘယ်ကြောင့် ဆရာကြည့်၍နေသည်းဆို၏၊ ဆရာကဘယ်သို့ ပြုလုပ်မည်နည်း-ဟု မေးမြန်းရာ “သင်တို့ကို ရိက္ခာထောက်ပါမည်၊ ငါတို့မြို့ရွာမှ ထွက်သွားကြပါ”ဟုဆို၍ ဆန်စိမ်း, အမဲစိမ်း, ငါးစိမ်းတို့ကို ဆိုင်းဝိုင်းတီးပြီးလျှင် သုသာန်သို့ပို့ကြရမည်ဟုဆို၏၊ ဆိုတိုင်းပို့ကြရာ ထိုနေ့ပင်ပျောက်ငြိမ်း၏၊ ပို့ရသူများ ယခုထင်ရှားရှိ၏၊ ဆန်စိမ်း, ငါးစိမ်း, အမဲစိန်း,ဆိုသော်

လည်း သားငါးတို့ကိုသတ်ဖြတ်၍ မပြုလုပ်ရ၊ ဈေးတွင်အလိုလိုပေါ်၍ ရသော သားငါးများကိုသာဆိုလိုသည်။

ဇင်းတောင်ငူမြို့မှာပင် တရံရောအခါ ကပ်ဥပဒ်ဖြစ်လာရာ ဗလိနတ်စာ ကောင်းစွာကျိုချက်ပြီးလျှင် ငှက်ပျောတုံး တို့ကိုဖောင်ဖွဲ့၍ ဗလိနတ်စာတို့ကို ငှက်ပျောဖက်တို့နှင့် ဖောင်၌တင်၍ မြစ်ရေ၌ မျှောကြသဖြင့် ပျောက်ငြိမ်းဘူး၏၊ ပြုလုပ်သူများ ထင်ရှားရှိကြ၏၊ နတ်ပွဲပြုလုပ်မှု, ဗလိနတ်စာကျွေးမှု, ရိက္ခာပေးပို့မှုများကို မထိလေးစား မပြုလုပ်ကြကုန်မူ၍ ကောင်းမွန်စေ့စုံစွာ ပြုအားထုတ် ကြကုန်ရမည်၊ ထိုသို့မလုပ်လျှင် ဘီလူး သားဘက်တို့က မိတ်မကျေနပ်ကြဘဲ အငြိုးစွဲထားတတ်ကြကုန်၏။

## မိတ္ထီလာမြို့

ရှေးအခါ၌ မိတ္ထီလာမြို့မှာ ကပ်ဥပဒ် ဆိုက်ရောက်နေရာ မိတ္ထလာမြို့ဝန်မင်းသည် မြို့ကိုဆင့်ဆို၍ မြို့တွင်း မြို့ပြင် ပစ်ခတ်, တီးခေါက် ခြိမ်းခြောက်၍ "ငါအုပ်စိုးသော နယ်ပယ်မှာ နင်တို့မနေကြနှင့် အမြန်ထွက်သွားကြ" ဟု အမိန့်နှင်စာ ဖတ်ကြား၍ နှင်ထုတ်ရာ နေ့ခြင်းညခြင်း ပျောက်ငြိမ်း၏၊ သိမှီသူများ ယခုရှိကြသေးသည်။

## ကသာမြို့

သက္ကရာဇ် ၁၂၆၄-ခုနှစ်တွင် ဧရာဝတီမြစ်ညာ ကသာမြို့မှာ ကပ်ဥပဒ် ကြီးစွာဖြစ်နေရာ ကျမ်းတတ်အကျော် မန်လည်ဆရာတော်ကြီးသည် မြို့စောင့်နတ်တို့အား တိုင်တန်းစာ စီရင်၍ နတ်စင်တစ်ခုမှာ ဖတ်စေရာ နေ့ခြင်း ညခြင်းပျောက်ငြိမ်းဖူး၏၊ ထိုတိုင်တန်းစာကို ကပ်ရောဂါဖြစ်နေသူတို့၏ ဦးခေါင်းရင်း၌ တင်းရင်းစွာ အာဏာသံနှင့် အထပ်ထပ်

ဘတ်၍ ပျောက်ငြိမ်းဘူးပါသည်ဟု ဖတ်ရသူလျှောက်ထား၍ ကြားသိရ၏။

ငါတို့စီရင်သော အမိန့်စာနှင့် ထိုထိုမြို့ရွာ၌ ငါတို့ကိုယ်တိုင် ကြီးကြပ် ဖတ်နှင်စေ၍ ပျောက်ငြိမ်းစေမှုသည်ကား ယခုအခါ နိုင်ငံမှာ ထင်းရှား၏၊ ၎င်းနှင်စာကို လူနာ၏အနီး၌နေ၍ ထပ်ထပ် ဖတ်ရာတွင် ပျောက်ငြိမ်းဘူးသည်လည်းရှိ၏၊ မြို့လုံး ရွာလုံး ညီညာ၍ ၃-ရက် ၃-ခါ အုန်းအုန်းဆူညံအောင် ပစ်ခတ်, တီးခေါက်, ခြိမ်းခြောက် နှင်ထုတ်ကြရာ ပျောက်ငြိမ်းဘူးလေသည်မှာ မြန်မာလူမျိုးတို့ အရိုးအစဉ်ဖြစ်၍ ယခုပလိပ်ရောဂါမှာပင် ထိုထိုမြို့၌ ငါတို့လည်း တွေ့ကြုံဘူးလှလေပြီ၊ ကြားလည်း ကြားဘူးလှလေပြီ။

## ဗုဒ္ဓကျမ်းဂန်အဆို

ဗုဒ္ဓဘာသာ ကျန်းဂန်တို့တွင် ဒီဃနိကာယ်မှာလာရှိသော အာဋာနာဋိယသုတ်ကြီး, မဟာသမယသုတ်ကြီး, သီလဝန္တရဟန္တာကြီး ထုတ်ဖော် စီရင်တော်မူသော ဥပ္ပါတသန္တိ ဂါထာကျမ်းများသည် မြို့ရွာတို့၌ ကပ်ဥပဒ်များကို နှင်ထုတ်ဖို့ သက်သက်ဖြစ်သတည်း၊ သို့ရာတွင် ဤနိုင်ငံမှာ အရကျက်၍ ရွတ်ရိုးအစဉ် ရှိနေသည်ဖြစ်၍လည်းကောင်း, အလွန်များပြားလျက်ရှိသော ထိုသုတ်ကြီးများ, ထိုဂါထာကျမ်းစာများကို အရမကျက်နိုင်ကြသည်ဖြစ်၍လည်းကောင်း ယခုအခါ၌အသုံးမပြုနိုင်ကြကုန်။

[အန္တရာယ်ကင်း စာပြန်ပွဲ ပြုလုပ်ကြပါလျှင် ထိုကဲ့သို့သော သုတ်ကြီး, ဂါထာကြီး, မန္တရားကြီးများကို အသုံးပြုနိုင်ကြကုန်လတ္တံ့။]

စာလွတ်ရွတ်မှုထက် စာကိုကြည့်၍ရွတ်မှုသည် သာ၍ကောင်း၏၊ ပိဋကသုံးပုံကိုပင် အကုန်ဖတ်ရွတ်နိုင်၏၊ ပြီပြီကြီးဆိုနိုင်၏၊ ဖြေးဖြေး လေးလေးကြီး ဆိုနိုင်၏၊ တစ်မြို့လုံး တစ်ရွာလုံး ယောက်ျား မိန်းမ အကုန် ဖတ်ရွတ်နိုင်၏၊ ထို့ကြောင့် မဟာသမယသုတ်, ဥပ္ပါတသန္တိကျမ်း ကြီးများ သည် ကပ်ဥပဒ်ဆိုက်လာမှ ရှာ၍မနေးကြရအောင် ယခုအခါ စာအုပ်ပြု လုပ်ပြီးလျှင် အိမ်တိုင်းမှာ ရှိနေကြစေဘို့ကောင်းလှ၏၊ မိမိလည်း ဖတ်ကြရမည်၊ ရဟန်းသံဃာတော် များကိုပင့်၍ အိမ်မှာရှိကြသော မိမိတို့ စာနှင့်ဖတ်စေကြရမည်၊ စာနှင့်ဖတ်ကြရာ၌လည်း ချောချော ညက်ညက် သွက်သွက်ကြီးသွား စေရမည်။

မိမိတို့အရပ်၌ ကပ်ဥပဒ်နှင့် ကြောင့်ကြမကင်း ရှိနေကြသော အခါနေ့ဝင်လျှင်တိုက်အိမ် မြင့်မြင့်ပေါ်ကနေ၍ တစ်ညဉ့်လုံး ဖတ်ရွတ်ဖို့ လျော်လှ၏၊ ထို့အတူ ဗြဟ္မဇာလသုတ်ကြီး, ပဋ္ဌာန်း ပါဠိတော် ကြီးများ ကိုလည်း ဖတ်ကြ ကုန်ရမည်၊ ရဟန်းသံဃာတော်များကိုပင့်၍ စာနှင့်ဘတ် ကြစေရမည်။

အာဋာနာဋိယသုတ်ကြီးကိုဖတ်လျှင် ဘီလူးသားဘက်တို့ မုန်း တတ်သည်ဟု ဆင်ခြင်ကြကုန်၏၊ အကြောင်းမူကား ထိုသုတ်၌ ဘီလူး သားဘက်တို့ကို အစိုးရသော နတ်မင်းကြီး, နတ်စစ်သူကြီးတို့ အများ ပါရှိ၏၊ ဘီလူးသဘက်တို့ကို ခြိမ်းခြောက်ကြိမ်းဝါးသော စကားမျိုး များလည်းပါရှိ၏၊ ပရိတ်ကြီး တစ်စောင်းလုံးလည်း အန္တရာကင်း ရွတ်ဖို့ ချည်းဖြစ်၏၊ လောက၌ရှိကြကုန်သော ဓာရဏပရိတ်, ဆဒ္ဒိသာပါလ သုတ်, ရတနာရွှေချိုင့်, အတွင်းအောင်ခြင်း, အပြင် အောင်ခြင်းများလည်း ကပ်ဥပဒ် ကင်းလွတ်ဖို့ ချည်းသက်သက်ဖြစ်၏။

စက်ကြီး ၁၃-ပါးသည် ပလိပ်ကပ်ရောဂါမှာ လူမမာ၏ ခေါင်းရင်း ကထိုင်၍ ဒေါသသံ မာနသံ ပါပါနှင့် အခေါက်ပေါင်း များစွာရွတ်၍ ပျောက်ငြိမ်းသူကို တွေ့ဖူး၏၊ ပလိပ်ရောဂါ ဖြစ်နေသူကို ဓားလက်နက်ဝိုင်းအံ့ပြီးလျှင် အထက်၌ ဖော်ပြခဲ့ပြီးသော သုတ္တန်ကြီး, ပရိတ်တော်ကြီး, ဂါထာတော်ကြီးများကို ရဟန်းအများ, လူအများတို့ဝန်းဝိုင်း၍ ဖတ်ကြရာ၏၊ လူနာကိုရှေ့ထား၍ပရိတ်တော်, ဂုဏ်တော်, ဂါထာမန္တရားများကို ဖတ်ရွတ်ကြရာ၌ ငါ၏နှုတ်မှ ထွက်သမျှကုန်သော အက္ခရာတို့သည် လူနာ၏ ကိုယ်တွင်းသို့ အကုန်ရောက်စေမည်ဟု လူနာ၏ ကိုယ်ခန္ဓာကို အာရုံစူးစိုက်၍ စိတ်မာန်တင်းတင်းနှင့် ရွတ်ဖတ်ကြရမည်။

ဩောင်း ၉-တန်ဂါထာ, ဥဏှာလုံဂါထာများလည်း လောက၌ အန္တရာယ်ကင်းအရာမှာထင်းရှား၏၊ အာဋာနာဋိယသုတ်ကြီးကို လူနာ၏ ခေါင်းရင်း၌ တင်းရင်းစွာဘတ်၍ ပျောက်ငြိမ်းသည်ကို တွေ့ဘူး၏၊ ထင်ရှားရှိ၏ဆိုသော်လည်း နဂိုကယုံကြည်အားကိုး စွဲမြဲထားသော သူတို့မှာသာ ထင်းရှားသည်၊ အန္တရာယ်တွေ့မှ ရွတ်ဖတ်ကြသော သူတို့မှာ ယုံကြည်စွာစိတ်ချ၍ မပျောက်လျှင် ငါမထဟု မာနနှင့်ရွတ်နိုင်မှ ထင်းရှားမည်၊ ဘီလူးသဘက်တို့သည် မခံနိုင်အံ့ရှိခဲ့လျှင် သူနာကို လုပ်ရှား အောင်ပြု၍ ရွတ်မှုကို နှောင့်ယှက်တတ်ကုန်၏၊ အခြေမပျက် ရွတ်ကြရမည်။

ကပ်ရောဂါ ပျောက်ဖူးသည့်အရပ်များ ပြီး၏။

-----*----

## ၁၁-ဂါထာ, အင်း, ဆေးအမျိုးမျိုး ကွယ်ကာရန် ဂါထာကြီးများ

- သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
  အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
- နာညတြ ဗောဇ္ဈ တပသာ ၊ နာညတြိန္ဒြိယ သံဝရာ။
  နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

[အရပ်-၈ မျက်နှာတို့၌ ညတိုင်း ၃-ထပ်စီကျအောင်ရွတ်၍ အိမ်ရာ ဝင်းခြံ အကာအရံ ပြုလေ၊ ထန်းရွက်၌ရေး၍အိမ် ၄-ထောင်မှာဆွဲ၊ အိမ်တံခါး ပေါက်မှာ အထက်ကဆွဲ၍ထား]

## နှစ်ကျိပ်ရှစ်ဆူဂါထာတော်ကြီး

တဏှင်္ကရော မေဓင်္ကရော သရဏင်္ကရော ဒီပင်္ကရော ကောဏ္ဍညော မင်္ဂလော သုမနော ရေဝတော သောဘိတော အနောမဒဿီ။ ။[ ၁၀-ဆူ]

ပဒုမော နာရဒေါ ပဒုမုတ္တရော သုမေဓော သုဇာတော ပိယဒဿီ အတ္ထဒဿီ ဓမ္မဒဿီ သိဒ္ဓတ္ထော တိဿော။ [၂၀-ဆူ]

ဖုဿော ဝိပဿီ သိခီ ဝေဿဘူ ကကုသန္ဓော ကောဏာဂမနော ကဿပေါ အမှာကံ ဘဂဝါ။ ။[၂၈-ဆူ]

- ဣမေသာဟံ ဘိဝန္ဒာမိ၊ နိစ္စံ တိဋ္ဌန္တု မေ သီသေ။
  အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊ ဣဒ္ဓိမန္တော ဇုတိန္ဓရာ။
- ဣဒ္ဓိယာ ဇုတိယာ တေသံ၊ အန္တရာယာ သမေန္တု မေ။
  သဗ္ဗေ ဒူရေ ပလာယန္တု၊ ပိသာစာ ယက္ခ ရက္ခသာ။

[နှစ်ကျိပ်ရှစ်ဆူဂါထာ၊ မိန်းမတို့မှာ သဗ္ဗေဒူရေ-ချီသော နောက်ပိုင်းကို မကျက်နှင့်]

# ဂါထာအနက်များ

တဏှင်္ကရော=တဏှင်္ကရာမြတ်စွာဘုရားလည်းကောင်း၊ မေဓင်္ကရော= မေဓင်္ကရာမြတ်စွာဘုရားလည်းကောင်း၊ သရဏင်္ကရော= သရဏင်္ကရာမြတ်စွာဘုရားလည်းကောင်း၊ ဒီပင်္ကရော=ဒီပင်္ကရာမြတ်စွာ ဘုရားလည်းကောင်း၊ ကောဏ္ဍညော=ကောဏ္ဍညမြတ်စွာဘုရား လည်းကောင်း၊ မင်္ဂလော=မင်္ဂလာမြတ်စွာဘုရားလည်းကောင်း၊ သုမနော= သုမနမြတ်စွာဘုရားလည်းကောင်း၊ ရေဝတော= ရေဝတမြတ်စွာ ဘုရား လည်းကောင်း၊ သောဘိတော=သောဘိတမြတ်စွာဘုရား လည်းကောင်း၊ အနောမဒဿီ=အနောမဒဿီ မြတ်စွာဘုရားလည်းကောင်း။ ။[၁၀-ဆူ]

ပဒုမော=ပဒုမမြတ်စွာဘုရားလည်းကောင်း၊ နာရဒေါ=နာရဒ မြတ်စွာဘုရားလည်းကောင်း၊ ပဒုမုတ္တရော=ပဒုမုတ္တရမြတ်စွာဘုရား လည်းကောင်း၊ သုမေဓော=သုမေဓမြတ်စွာဘုရားလည်းကောင်း၊ သုဇာတော=သုဇာတ မြတ်စွာဘုရားလည်းကောင်း၊ ပိယဒဿီ=ပိယဒဿီ မြတ်စွာဘုရားလည်းကောင်း၊ အတ္ထဒဿီ=အတ္ထဒဿီ မြတ်စွာဘုရား လည်းကောင်း၊ ဓမ္မဒဿီ=ဓမ္မဒဿီမြတ်စွာဘုရားလည်းကောင်း၊ သိဒ္ဓတ္ထော=သိဒ္ဓတ္ထမြတ်စွာဘုရားလည်းကောင်း၊ တိဿော=တိဿ မြတ်စွာဘုရားလည်းကောင်း။ ။[၂၀-ဆူ]

ဖုဿော=ဖုဿမြတ်စွာဘုရားလည်းကောင်း၊ ဝိပဿီ=ဝိပဿီ မြတ်စွာဘုရားလည်းကောင်း၊ သိခီ=သိခီမြတ်စွာဘုရားလည်းကောင်း၊ ဝေဿဘူ=ဝေဿဘူမြတ်စွာဘုရားလည်းကောင်း၊ ကကုသန္ဓော= ကကုသန်မြတ်စွာ ဘုရားလည်းကောင်း၊ ကောဏာဂမနော=ကောဏာဂုံ မြတ်စွာဘုရားလည်းကောင်း၊ ကဿပေါ=ကဿပမြတ်စွာဘုရား

လည်းကောင်း၊ အမှာကံ=အကျွန်ုပ်တို့၏၊ ဘဂဝါ=အရှင်ဂေါတမ မြတ်စွာ ဘုရားလည်းကောင်း။ ။ [၂၈-ဆူ]

ဣမေ=ဤနှစ်ကျိတ်ရှစ်ဆူကုန်သော သုံးလူ့ထွတ်ထား သဗ္ဗညု မြတ်စွာဘုရားတို့ကို၊ သော အဟံ=ထိုအကျွန်ုပ်သည်၊ အဘိဝန္ဒာမိ=အလွန် ရှိသေစွာရှိခိုးပါ၏၊ မေ=အကျွန်ုပ်၏၊ သီသေ=ဦးခေါင်း၌၊ နိစ္စံ=အမြဲ၊ တိဋ္ဌန္တု=ကိန်းဝပ်တည်နေတော်မူကြပါစေကုန်သတည်း။

အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ=နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရား တို့သည်၊ ဣဒ္ဓိမန္တော=စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကြိုးမျှ တန်းခိုး တော် အပေါင်းတို့နှင့်လည်း ပြည့်စုံတော်မူကြပါကုန်၏၊ ဇုတိန္ဓရာ= စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကြိုးမျှ တန်ခိုးရှိန်ဝါ စက်အာဏာ တို့ကိုလည်း ကောင်းစွာစိုက်ထူ ဆောင်တော်မူကြပါပေကုန်၏၊ တေသံ= ထိုနှစ်ကျိပ် ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့၏၊ ဣဒ္ဓိယာ= စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကြိုးမျှ တန်ခိုးတေဇော် အာနုဘော်ကြောင့်လည်း ကောင်း၊ ဇုတိယာ=စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကြိုးမျှ တန်ခိုးရှိန်ဝါ စက်အာဏာကြောင့်လည်းကောင်း၊ မေ=အကျွန်ုပ်အား၊ အန္တရာယာ= ခပ်သိမ်းသော ဘေးဒဏ်ရန်မာန် အန္တရာယ်အပေါင်းတို့သည်၊ သမေန္တု= မငြိမတွယ် ပျောက်ပြယ် ကင်းငြိမ်းကြပါစေကုန်သတည်း။

သဗ္ဗေ=အလုံးစုံကုန်သော၊ ပိသာစာ=မြေထဲခိုအောင်း မြေမှ ချောင်းသည့် မကောင်းညစ်ညူး မြေဘီလူးတို့သည် လည်းကောင်း၊ သဗ္ဗေ= အလုံးစုံကုန်သော၊ ယက္ခာ=မြို့ပြင်မြို့တွင်း ကုန်းကျင်းသစ်ပင် ဥမင်လိုဏ် ခေါင်း ဂူကျောင်းဇရပ် လူမစပ်သည့် အရပ်အထွေထွေ ကုန်းမှာနေ အောင်း ကုန်းမှချောင်းသည့် မကောင်းညစ်ညူး ကုန်းဘီလူးတို့သည် လည်းကောင်း၊ သဗ္ဗေ=အလုံးစုံကုန်သော၊ ရက္ခသာ=ပင်လယ် မြစ်တွင်း

အိုင်အင်းထွေထွေ ရေမှာနေအောင်း ရေမှ ချောင်းသည့် မကောင်းညစ်ညူး ရေဘီလူးတို့လည်းကောင်း၊ ဒူရေ=ငါတို့အိမ်ရာ ငါတို့ရွာမှ ဆုတ်ခွါ ရှောင်ရှား ဝေးသော အရပ်တစ်ပါးသို့၊ ပလာယန္တု=အလျင်မနှေး ပြေးကြစေကုန်သတည်း၊

[မိန်းမတို့မှာ သမေန္တု-အနက်ဆုံးရုံကျက်၊ ဘုရားရှိခိုးလုပ်၍ နေ့စဉ်ရွတ်]

၁။ ကပ်ဥပဒ်ရှိခဲ့သော် အိမ်ရာဝင်လျှင် မြင်ရာအရပ်မှ မတ်တတ်ရပ်လျက် အရှေ့သို့မျက်နှာမူ၍ **“ပုရတ္ထိမာယ ဒိသာယ တဏှကြ်ရော”** စသည်ဖြင့် ဆုံးအောင်ရွတ်။

၂။ ထို့နောက် အရှေ့တောင်သို့ မျက်နှာမူ၍ **“ပုရတ္ထိမာယ အနုဒိသာယ တဏှကြ်ရော”**စသည်ဖြင့် ဆုံးအောင်ရွတ်။

၃။ ထို့နောက် တောင်သို့မျက်နှာမူ၍ **“ဒက္ခိဏာယ ဒိသာယ တဏှကြ်ရော”** စသည်ဖြင့်ရွတ်။

**[ဤနည်းအတိုင်း အရှေ့မြောက်တိုင်အောင် လှည့်လည်၍ရွတ်၊ မိမိတို့ တိုက်, အိမ်, ဝင်း, ခြံ, ကျောင်း, ကန်, ပရဝုဏ်တို့ကို တံတိုင်း ၃-ထပ် ကာရံဘိသကဲ့သို့ ရှိစေရန်ပါဠိကို ၈-ခေါက် သုံးပြန်ဘတ်ရမည်။ စိတ်မာန် တင်းတင်း အသံပြင်းပြင်းရွတ်။]**

## ဘုရား ၇-ဆူစက်ဂါထာကြီး

၁။ ဝိပဿိ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တကုဒ္ဓိ အနန္တဇုတိ။

၂။ သိခီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တကုဒ္ဓိ

အနန္တဇုတိ။

၃။ ဝေဿဘူ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၄။ ကကုသန္ဓော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၅။ ကောဏာဂမနော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၆။ ကဿပေါ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၇။ အမှာကံ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တပုညာ အနန္တဉာဏာ အနန္တဂုဏာ အနန္တတေဇာ အနန္တဣဒ္ဓိမန္တော အနန္တဇုတိမန္တော၊

မယှံဒီပါ၊ မယှံနာထာ၊ မယှံပတိဋ္ဌာ၊ မယှံတာဏာ၊ မယှံလေဏာ၊ မယှံပဋိသရဏာ။

၁။ အနန္တပုညာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ပုညစက္ကေဟိ မံ ရက္ခန္တု။

၂။ အနန္တဉာဏာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ
အနန္တေဟိ ဉာဏစက္ကေဟိ မံ ရက္ခန္တု။

၃။ အနန္တဂုဏာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ
အနန္တေဟိ ဂုဏစက္ကေဟိ မံ ရက္ခန္တု။

၄။ အနန္တတေဇာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ
အနန္တေဟိ တေဇစက္ကေဟိ မံ ရက္ခန္တု။

၅။ အနန္တဣဒ္ဓိမန္တာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ
အနန္တေဟိ ဣဒ္ဓိစက္ကေဟိ မံ ရက္ခန္တု။

၆။ အနန္တဇုတိမန္တာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ
အနန္တေဟိ ဇုတိစက္ကေဟိ မံ ရက္ခန္တု။

ကတာ မေ ရက္ခာ၊ ကတံ မေ ပရိတ္တံ၊ ပဋိက္ကမန္တု ဘူတာနိ၊
သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

## ပဋိစ္စသမုပ္ပါဒ ပဋိလောမပါဠိ

**အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာ နိရောဓာ တဏှာ နိရောဓော၊ တဏှာ နိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝ နိရောဓော၊ ဘဝ နိရောဓာ ဇာတိ နိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏ**

**သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။**

ဟူသော ပါဠိတော်သည် ပယောဂအရာတွင် ကောင်းလှသည်ဟူ၏၊ မိမိတို့အိမ်၌ သောက်ရေများကို အခေါက်များစွာ မန်း၍ထားရမည်။

## သရဏဂုံအင်း

[၁]

သံ — ဂုံ

| | | |
|---|---|---|
| ဗု | ရ | စ္ဆာ |
| ဂ | | ဒ္ဓံ |
| သ | မိ | ဏံ |

ပ — မ

[၂]

သံ — ဂုံ

| | | |
|---|---|---|
| ဓ | ရ | စ္ဆာ |
| ဂ | | မ္မံ |
| သ | မိ | ဏံ |

ပ — မ

[၃]

သံ — ဂုံ

| | | |
|---|---|---|
| သံ | ရ | စ္ဆာ |
| ဂ | | ဃံ |
| သ | မိ | ဏံ |

ပ — မ

[သံ-ဂုံ- ပ- မ-ကို အင်း ၄-ထောင့်မှာရံ ]

[၎င်း အန္တရာယ်ကင်း သရဏဂုံအင်းကို တနင်္ဂနွေအိမ်မှ စ၍ မြင်းသွားချ၊ အလယ်ကွက်၌ မိမိနံဂဏန်းကိုရေး၊ မှိုင်းကိုင်စက္ကူ၌ ညီညွတ်သန့်ရှင်းစွာရေး၍ ပြာချပြီးလျှင် ရေနှင့်ရော၍ တစ်နေ့ တစ်ခါသောက်၊ သက်စေ့သောက်မိလျှင် ဘီလူး, သဘက်တို့ မချဉ်းနိုင်ပြီ၊ များများသောက်နိုင်လေ တန်ခိုးကြီးလေဟူ၏။

ကပ်ဥပဒ်ရှိခဲ့သော် ရှမ်းနီချည်ကို နှစ်ကျိပ်ရှစ်ဆူဂါထာ, ၇-ဆူစက်ဂါထာတို့နှင့် ၇-ခေါက်စီမန်း၍ ၎င်းအင်းကိုလိပ်၍ လည်ဖွဲ့,လက်ဖွဲ့, လုပ်ပြီးလျှင် ပရိတ်ချည်ကြိုးနှင့်သီ၍ ပျို့ရွယ်သူတို့၏ လည်ပင်း, လက်ကောက်ဝတ်၌ ခြည်၍ဆောင်၊ ရွှေပြား, ငွေပြားတို့၌လည်း ပြုလုပ်ရ၏။]

## ဗောဓိပက္ခိယအင်း

| | | |
|---|---|---|
| ၄ | ၅ | ၈ |
| ၇ | ၁ | ၄ |
| ၄ | ၉ | ၅ |

စတ္တာ ရော သတိပဋ္ဌာနာ၊ စတ္တာရော သမ္မပ္ပဓာနာ၊ စတ္တာရော ဣဒ္ဓိပ္ပါဒါ၊ ပဉ္စိန္ဒြိယာနိ၊ ပဉ္စဗလာနိ၊ သတ္တဗောဇ္ဈင်္ဂါနိ၊ အဋ္ဌ မဂ္ဂင်္ဂါနိ၊ နဝ လောကုတ္တရာ ဓမ္မာ၊ မဇ္ဈေဧကော သမ္မာသမ္ဗုဒ္ဓေါ။

[ဤပါဠိကိုရွတ်ဆို၍ တနင်္ဂနွေဒေါင့်ကစချ၊ အထက် အင်းနည်း အတိုင်းစီရင်၍ဆောင်၊ အကာအကွယ် ကောင်းလှသည်ဟူ၏။]

## အဋ္ဌာရသအင်း

| | | | |
|---|---|---|---|
| ၇ | ၆ | ၃ | ၂ |
| ၃ | ၂ | ၇ | ၆ |
| ၆ | ၇ | ၂ | ၃ |
| ၂ | ၃ | ၆ | ၇ |

| | | | |
|---|---|---|---|
| ငှု | သ | ညု | က |
| ညု | က | ငှု | သ |
| သ | ငှု | က | ညု |
| က | ညု | သ | ငှု |

ဥုံ၊ ဘုမ္မိ၊ နေ၊ လ၊ စက္ကံ၊ သွားဟ။

[ဂုဏ်မန္တာန်နှင့်ချည်ကို ၃၇-ခေါက်မန်း၍ ပရိတ်ချည်လုပ်၊ ခဲပြား၌ဖြစ်စေ, ထန်းရွက်၌ဖြစ်စေ ဂုဏ်အင်းကိုရေး၍ စီရင်ပြီးလျှင် ဂုဏ်ချည်ကြိုးနှင့် ခြေချင်းဝတ်မှာ ဖွဲ့ချည်လေ။ ]

## အဌာရသနှာဖေါ်နည်း

ဧင်းအင်း၌ အထက်တန်းဂဏန်းအရ အဌာရသနှာဖေါ်နည်းကား-

၁။ ဒုတ္ထာ,
၂။ ဟင်းရိုင်း,
၃။ ဆေးဒန်း,
၄။ ကန့်,

ဧင်း ၄-ပါး အမှုစိ ညက်စွာကြိတ်၍ထား၊ ပလိပ်ရောဂါ ဖြစ်ပွားသူကို နှာခေါင်းတွင်း၌ လက်ပံမှို့စေ့ခန့် ပေါက်အောင်မှုတ်။

## ဧင်းနှာဖေါ်ပုံ တစ်နည်း

၁။ ဒုတ္ထာ -၇- မူး။
၂။ ဟင်းရိုင်း -၆-မူး။
၃။ ဆေးဒန်း -၃-မူး။
၄။ ကန့်-၂-မူး။

ဧင်းအတိုင်းစုဖေါ်၍ အထက်နည်းအတိုင်းပြုလေ။

## မျက်စဉ်းနည်း

၁။ စိန်,
၂။ ဆေးဒန်း,
၃။ ကန့်,
၄။ ဇဝက်သာ,

၅။ ဒုတ္တာ,

၆။ ဟင်းရိုင်း,

၇။ လက္ချား,

၎င်း ၇-ပါးအမျှစိ အလွန်ညက်စွာ ကြိတ်ပြီးလျှင် ဗူး ပုလင်းမှာ ထည့်၍ထား၊ ပလိပ်ရောဂါ ကပ်ရောက်သူမှာ တောင်လုံးကျော်မြစ်ကို သွေးပြီးလျှင် ၎င်းအရည်နှင့် ၇-ပါးဆေးကို နည်းနည်းထည့်၍ မျက်စဉ်း ခဏခဏခတ်။

[၎င်းသတ္တက္ခတ္တံဆေးများကို စုဖော်၍ တိုက်တွင်း အိမ်တွင်းများ၌ မီးခိုးမှိုင်း တိုက်လျှင်ကောင်းသည်ဟူ၏၊ ပြဆိုခဲ့ပြီးသော ဆေးနည်းများကို ရောဂါ မရောက်မီ တင်ကူး၍ စုဖေါ်ပြီးလျှင် ကိုယ်မှာအမြဲ ဆောင် ထားကြရမည်။]

## စ- ခ- ဗ- ဝ အင်း




၎င်းအင်းကို တစ်ခါတည်း ပြီးအောင် ရေးရမည်၊ ကွမ်း ၃-ရွက်မှာ တစ်အင်းစီချ၊ ၎င်းအရံ ဂါထာနှင့် ကွမ်းရွက်ကို ၃၇-အုပ် မန်း၊ ၎င်းကွမ်းရွက်ပြုတ်ရည် ကိုတိုက်၊ ပျောက်နေကြဟူ၏။

**[အထက်အင်းများကိုလည်း ဤနည်းတူပြု၍တိုက်လေ။]**

## ငန်းဆေးနည်း

၁။ ဒေါက်ရပ်မြစ်,
၂။ ဧကရာဇ်မြစ်,
၃။ ညောင်နီမြစ်,

၎င်း ၃-ပါးအမျှစီ အလွန်ညက်စွာပြု၍ထား၊ ပလိပ်ရောဂါ ကပ်ရောက်သူကို အထက်အင်းပြာများထည့်၍ နိုင်နိုင်တိုက်၊ ညှော်နံ့, အစာမှား, ရေချိုးမှား, အပြင်းဖျားဟူသမျှပင် ကောင်းသည်ဟူ၏။

## နဝင်းငန်းဆေး တစ်နည်း

၁။ ဆင်ငိုမြက် ၅-ကျပ်။
၂။ သနပ်ခါးခေါက် ၅-ကျပ်။
၃။ ကွမ်းရွက် ၅-ကျပ်။
၄။ ကျပ်ခိုး ၁-ကျပ်။
၅။ ဆား ၁-ကျပ်။
၆။ ဂျင်း ၅-မူး။
၇။ ကွမ်းစားဂမုန်း ၅-မူး။
၈။ နံနွင်း ၅-မူး။
၉။ လေးညှင်း ၁-မူး။

၎င်း ၉-ပါးကို ရေကျပ်ချိန် ၅၀-ခန့်နှင့် ထက်ဝက်မျှ ကျန် အောင်ကျို၍ လက်ဖက်ရည်သောက်သကဲ့သို့ ပူပူသောက်၊ မျက်နှာကို

ဆေးအခိုးရိုက်စေရမည်၊ ပျောက်နေကျဟူ၏။

## လျှာပွတ်ဆေးနည်း

၁။ ငရုတ်မိုးမျှော်,
၂။ နံနွင်းစိမ်း,
၃။ ကျပ်ခိုး,

ဤ ၃-ပါးအမျှစီ အလွန်ညက်စွာကြိတ်၊ ပလိပ်ရောဂါ ကပ်ရောက်သူမှာ လျှာလိပ်ဝင်၍ သွားမည်ရှိခဲ့လျှင် ၎င်းဆေးမှာ ဆားအနည်းငယ်ထည့်၍ လျှာရင်းကို နာနာပွတ်လေ။

## မှာထားချက်

ပလိပ်ရောဂါ, ဝမ်းရောဂါ ကပ်ရောက်သူ၏ ခေါင်းရင်း၌ ထိုင်ပြီးလျှင် နှစ်ကျိပ်ရှစ်ဆူဂါထာကြီး, ၇-ဆူစက်ဂါထာကြီးများကို စိတ်မာန် ထန်ထန်နှင့် အခေါက်ပေါင်းများစွာ ရွတ်ရမည်၊ နှုတ်လွတ် မရလျှင် စာကို တွင်တွင်ဖတ်ရမည်၊ အများဝိုင်းအုံ၍ ဖတ်ကြလျှင် သာ၍ကောင်း၏၊ အထက်၌ ဖော်ပြခဲ့သော အဌာရသ နှာဆေး, သတ္တကုဏ္ဍ မျက်စဉ်းဆေးတို့ကို ကိုယ်၌ အမြဲဆောင်ထားကြရမည်၊ ရေနှင့်ဖျော်၍ တိုက်တွင်း အိမ်တွင်းမှာ ပက်ဖျန်း၍ ထားကြရမည်။

[ဤစာအုပ်၌ ထုတ်ဖော်၍ပြဆိုခဲ့သော ဂါထာမန္တရား, ဆေးဝါး, အင်းအိုင်စုကား အလွန်ညံ့ဖျင်းလှသောသူတို့ပင် သိမှတ်ပြုလုပ်နိုင်ရန် လွယ်လှ၏၊ ပျောက်လည်း ပျောက်ငြိမ်းဖူးလှလေပြီဟု ပြောဆိုကြသော နည်းလမ်းများပေတည်း။]

အဖျားအနာမရှိဘဲ အစဉ်မူးဝေခြင်း, နောက်၌ အလွန်အိပ်ချင်ခြင်းဖြစ်၍ အိပ်ရာမှာ သေဆုံးတတ်သော ပလိပ်ရောဂါတစ်မျိုး ဖြစ်လာခဲ့သော် သူနာကို မအိပ်စေမူ၍ ပြဆိုခဲ့ပြီးသော နှာဆေး,

မျက်စဉ်းဆေး, လျှာပွတ်ဆေး, ငန်းဆေးတို့နှင့် နိုင်နင်းစွာ ကုသလျှင် ပျောက်ငြိမ်း၏။

[ဘီလူး သားဘက် အစိမ်းသူရဲတို့ကို အစာကျွေး၍ ကုသခြင်း၏ အကြောင်းအရာကို ဖော်ပြပေအံ့၊ အထူးဂရုစိုက်၍ ကြည့်ရှု မှတ်သားရန် အချက်ကြီးပေတည်း။]

## ပယောဂထုတ်နည်း

ကပ်ရောဂါမျိုးမည်သည် ဘီလူးသားဘက် အစိမ်းသူရဲတို့ကြောင့် သက်သက်ဖြစ်၏၊ လူနာ၏ ကိုယ်တွင်း၌ ရောက်နေသော ပယောဂကို ထုတ်နိုင်မှ ဆေးကိုကုရမည်၊ မထုတ်နိုင်လျှင် ဆေးကု၍ မရ။

ပယောဂကို ထုတ်မှုသည်-

၁။ အစားကျွေး၍ ထုတ်နည်း,

၂။ ပရိတ်တော်, ဂုဏ်တော်, ဂါထာမန္တရား, ဆေးဝါး, အင်းအိုင်တို့ကိုပြုလုပ်၍ ထုတ်နည်း,

၃။ တန်ခိုးကြီးသော နတ်များကို တိုင်ကြား အပ်နှံ၍ ထုတ်နည်း,ဟူ၍အမျိုးမျိုးရှိ၏၊ ဘယ်နည်းမျိုးနှင့်ပင် ထုတ်သော်လည်း အစာပေးမှုကို မလွတ်ကြရကုန်။

## အကြောင်းပြချက်

အကြောင်းမူကား သည့်ပြင်နည်းလမ်းစုမှာ နိုင်နင်းအောင် လုပ်နိုင်ကြပါလျှင် တော်၏၊ မနိုင်နင်းလျှင် သာ၍ဆိုးတတ်၏၊ ကျွဲ ၂-ကောင်ခတ်ရာ၌ မြေစာမြက် မခံနိုင် ဆိုဘိသကဲ့သို့ လူနာမခံနိုင်ရှိတတ်သည်၊ အစာပေးမှုသည်ကား အလုပ်လည်းလွယ်၏ တစ်ခါမြင်ဖူးကြားဖူးရလျှင် လူတိုင်းလုပ်တတ်ကြ၏၊ ပယောဂများနှင့်လည်း ကျေ

လည်း၏။

ထို့ကြောင့်ပလိပ်ရောဂါဖြစ်စေ, ဝမ်းရောဂါဖြစ်စေ, တစ်စုံတစ်ယောက်သောသူမှာ ဖြစ်လာခဲ့သော် သိလျှင်သိခြင်း ဆန်များနှင့် လျှင်မြန်စွာ ကိုးပြီးလျှင် ထိုဆန်ကိုပင် အမြန်ချက်၍ အမြန် ကျွေးမွေးကြကုန်ရမည်၊ အကိုးအကျွေးနောက်ကျ၍ သူတို့အမှုက လက်လွန်ခဲ့လျှင် ကျွေးမွေး ကုသသော်လည်း မရနိုင်ရှိတတ်သည်၊ ကုသ၍ရပါသော်လည်း လူနာအလွန်ပင်ပန်းပြီးမှရတော့သည်၊ သတိထားကြလေကုန်။

## နှိုင်းယှဉ်ချက်

ဥပမားကား- မြွေဆိုးကိုက်သောသူမှာ မြွေဆိပ်၏ အမှုထက် ပယောဂတို့၏ အမှုသည် သာ၍ခက်၏၊ ပယောဂကိုထုတ်နိုင်မှ ဆေးကုလို့ရသည်ဟု အများသိကြ၏၊ မြွေကိုက်သောသူထက်ပင် ဤကပ်ရောဂါဖြစ်သူတို့မှာ ပယောဂတို့၏ အမှုသက်သက်ဖြစ်ခဲ့၍ ပယောဂအချက်အလွန်အားကြီးလှ၏၊ လူနာတစ်ယောက်မှာပင် ပယောဂများ ဝိုင်းဝန်းလျက်ရှိတတ်ကြ၏၊ ဝမ်းရောဂါ ပယောဂတို့ထက် ပလိပ်ရောဂါ ပယောဂ တို့သည် သာ၍ တန်ခိုးကြီးကြကုန်၏၊ တော်တော် တန်တန် ပရိတ်ရွတ်မှု, ဂုဏ်တော်ရွတ်မှု, ဂါထာ မန္တရား ဆေးဝါး, အင်းအိုင်မှုများကို မထိကြကုန်၊ တော်တော်တန်တန် မြို့စောင့်နတ်, ရွာစောင့်နတ်, အိမ်စောင့်နတ်များတို့သည် သူတို့ကို မနိုင်ကြကုန်၊ လူတို့အလုပ်မှာ ကူညီရုံမျှသာ တတ်နိုင်ကြကုန်၏၊ တန်ခိုးကြီးလှသော မြို့စောင့်နတ်, ရွာစောင့် နတ်များတို့မှသာ နိုင်ကြကုန်၏၊ နိုင်ကြကုန်သော်လည်း သူတို့ကို ရှိသေသူကိုမှ ကြည့်ရှုကြကုန်၏၊ ရှိသေသူပင် ဖြစ်သော်လည်း သူတို့ကို အတိုင်အကြား နောက်ကြ၍ ကျွန်လွန်ပြီးမှ သိကြပြန်လျှင် မတတ်နိုင်

ကြကုန်ပြီ။

ထို့ကြောင့်ကပ်ရောဂါ ဖြစ်တတ်ကြရာ မြို့ရွာသူ မိန်းမတို့သည် မြို့စောင့်နတ်, ရွာစောင့်နတ်, အိမ်စောင့်နတ်, ဝင်းတွင်း ခြံတွင်းရှိ ရုက္ခစိုး နတ်များကို သတင်းကြီးနေ့များတို့၌ ထမင်းဦး, ဟင်းဦး, မုံ့ဦး, ပဲဦး, သစ်သီး, ပန်းမလ်, ဆေးကွမ်း, လက်ဖက်ဦးများတို့နှင့် တရားသဖြင့် ပူဇော်ပသခြင်း များကို မမေ့မလျော့ကြရကုန်၊ နတ်များတို့ကို တရားသဖြင့် ပသခြင်းသည် သရဏဂုံပျက်သည် မဟုတ်၊ ငါတို့မြတ်စွာဘုရား ချီးမွမ်းတော်မူသော အမှုပင်ဖြစ်သည်၊ တရားကျမ်းဂန်တို့၌ မလိမ်မာသူတို့ နာနာဝါဒ ပြော ဆိုကြသည်များကို နားမယောင်ကြစေနှင့်၊ အသက်အန္တရာယ်ကြီး ဖြစ်သည်။

ကပ်ရောဂါဆိုက်ရောက်ခဲ့သော် အနာမလွှန်မီ ဘီလူး သားဘက် တို့အား အစာကျွေးမှုများကို နေ့မဆို-ညမဆို မြန်မြန် ပြုလုပ်နိုင်ကြရန် ဆန်စ, ငွေစ, သားရေစ, မုံ့မှုန့်စများကို အိမ်၌အသင့်ရှိကြစေရမည်၊ အစာ ကျွေးမွေးပုံများကို မေးမြန်း၍ ထားကြရမည်၊ သို့မှ မိမိတို့က ပေါက်ဖွား ကြသော သားငယ်, သမီးငယ်များကို အသက်ရှည်အောင် စောင့်ရှောက် နိုင်ကြကုန်မည်၊ ကောင်းကောင်း သတိထားကြလေကုန်။

## အစာကျွေးနည်း

ဆန်တစ်စလယ် တစ်ခွက်ကိုချက်၊ မုံ့မှုန့်ကို ရေနှင့်နယ်၍ လူနာကိုယ်၌ ခြေဖျား ခေါင်းဖျားတိုင်အောင် မုံ့မှုန့်ကိုလှမ်း၊ လူရုပ်လုပ်၊ ထုံးနန္ဒင်းများသုတ်၊ ဖက်ခွက်ကြီး၌ ထမင်းကိုထည့်၊ သားစိမ်း, ငါးစိမ်းများ လည်း တစ်မတ်ဖိုး, ၃-မူးဖိုး ဝယ်၍ ထမင်းပေါ်မှာထည့်၊ မုံ့ရုပ်ကိုလည်း ထည့်၊ သားရေကိုလည်းထည့်၊ လူနာ၏ ဆံပင်, ခြေသည်း, လက်သည်း

များကိုလည်း ထည့်၊ လူနာ မျက်နှာစာ၌ ပြ၍ထား။

**"အရှင်သူရဲမင်းတို့အား ဤလူနာ၏ ကိုယ်စား ပြု၍ ကောင်းစွာကျွေးမွေးပါသည်၊ လိုက်ကြပါ၊ လာကြပါ စားလှည့်ကြပါ၊ သောက်လှည့်ကြပါ၊ ဝဝ စား၍ ဝေးဝေးသွားကြပါ"**

ဟု ၃-ခါဆို၍ ဝင်းပြင် ခြံပြင် လွတ်လပ်ရာ အရပ်၌ ချထား၍ ကျွေးမွေးရမည်။

## ညွှန်ကြားချက်

မြေစာကျွေးနည်းမှာ-ဆန်နှင့် အမဲစိမ်း, ငါးစိမ်းများကို ရော၍ ဖြုန်းစပ်ကျို၊ ဖက်ခွက်မှာထည့်၊ ယခင်အတိုင်း မုံ့ရုပ်, သားရေ မီးဖုတ်များကိုလည်း ထည့်၊ လူနာ၏ခြေရင်း၌ထား၍ ဆိုမြဲဆို၊ ခြေများ ရွှေ့ရှား၍ လာတတ်၏၊ ဝင်းပြင် ခြံပြင်၌ တစ်မိုက် ၂-မိုက်ခန့်တွင်းတူး၊ အထက်မြေကိုတစ်ပုံ, အောက်မြေကိုတစ်ပုံထား၊ ဖက်ခွက်ကို တွင်း၌ထည့်၊ အထက်မြေကို အလျင်ဖို့၊ အောက်မြေကို နောက်မှဖို့၊ ပို့သူတို့မှာ လက်၌ ဓားကိုင်၍ သွားကြရမည်။

ပြန်၍မဝင်စေခြင်းငှါ လူနာ၏လည်ပင်း, လက်, ခြေတို့၌ အကွယ် အကာ မြန်မြန်လုပ်၍ထား၊ ယောက်ျား ဖြစ်သူတို့က မိမတို့ရရှိ ၍နေသော **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"** အစရှိသော ပရိတ်တော်, ဂုဏ်တော်, ပါဠိတော်, ဂါထာ မန္တရားမျိုးကို အခေါက်များစွာ ရွတ်မန်း၍ ပရိတ်ရေ, ပရိတ်ချည်, မန္တန်ရေ, မန္တန်ချည်များကို ပြုလုပ်ကြလေကုန်၊ ပရိတ်ရေ, မန္တန်ရေ, ပရိတ်ချည်, မန္တန်ချည်များကို ပြုလုပ်ရန် ပရိတ် မန္တန်များကို ရွတ်သော အခါ၌ ငါ၏နှုတ်က ရွတ်သမျှသော အက္ခရာတို့သည် ဤရေထဲ, ဤချည်

ထဲမှာ အကုန်ရောက်စေမည်ဟု ရေ, ချည်တို့၌ အာရုံစိုက်၍ စိတ်မာန်တင်းတင်းနှင့် ပြင်းပြင်းရွတ်။

ညအခါ၌ လူနာကိုလွတ်၍ မထားကြရ၊ လူနာနားမှာ ဓားတဝင့်ဝင့်နှင့် စောင့်နေသူတစ်ယောက် ၂-ယောက် အမြဲရှိစေရမည်၊ ညအခါမှာ ဥစ္စာထုပ်ကို သူခိုးချောင်းသကဲ့သို့ လူနာကို ပယောဂတို့က တချောင်းတည်းချောင်းလျက် နေကြကုန်၏၊ သူနာက ဘယ်နေရာမှာ ဘာကြီးကို မြင်ပါသည်ဆိုလျှင် ထိုနေရာကို ဓားနှင့်ယမ်း၊ မီးစနှင့်ယမ်း၊ ဆူးခက်နှင့်ယမ်း၊ ပရိတ်ရေပက်၊ မန္တန်ရေ ပက်၊ ဆေးလိမ်းမှု, ဆေးတိုက်မှုကိုလည်း ညအခါ၌ သာ၍အားထုတ်။

သူနာတို့ ကိုယ်ခန္ဓာမှာ ဘီးလူး သားဘက်တို့က အလျင်ဦးခဲ့လျှင် ပရိတ် မန္တရား, ဆေးဝါး, အင်းအိုင်တို့က မတိုးတည့်နိုင်ကြကုန်ပြီ၊ ပရိတ် မန္တရား, ဆေးဝါး, အင်းအိုင်တို့က အလျင်ဦးခဲ့လျှင် ဘီးလူးသံဘက်တို့က မတိုးတည့်နိုင်ကြကုန်ပြီ၊ ထို့ကြောင့် သူတို့ကို ရှေးဦးစွာ အစာနှင့်မျှား၍ သူနာမှ အပသို့ ထုတ်ကြရမည်။

[မြွေကိုက်နာ, ပလိပ်နာ, ဝမ်းရောဂါ ဤသုံးပါးတို့၌ အစာကျွေး၍ တောထုတ်မှုကို အမြဲပြုကြကုန်ရမည်။]

## သတိပြုရန်

တောထုတ်မှုကို ဂရုမစိုက်ကြကုန်သည့်အတွက် ယခုအခါ၌ သို့ကလောက် သေကြ, ပျောက်ကြကုန်ရသည်၊ နွား, ကျွဲ, မြင်းတို့ နာကြရာ၌လည်း တောထုတ်မှုကို ဂရုစိုက်ကြလေကုန်၊ ပယောဂနှင့် စပ်သော ကြိယာများကို မလိမ်မာသူတို့ ကြားခဲ့, မြင်ခဲ့လျှင် ရယ်ဖွယ်

ဖြစ်၏၊ ရယ်သူရှိလျှင် ပြုသူရှက်၍ ပျက်ကွက်သဖြင့် အခွင့်မကျေပဲ အကျိုးနည်း အကျိုးယုတ် ဖြစ်သွားတတ်၏။

နတ်ဆိုးတို့ပြုလုပ်၍ ဖြစ်တတ်သော ကပ်ရောဂါမျိုးမည်သည် နေရာကျ လုပ်တတ်ပါလျှင် တစ်မတ်တန်, ၅-မူးတန်, သာမန်ပြုလုပ် ကာမျှဖြင့်ပင် ပျောက်ငြိမ်းတတ်၏၊ နေရာကျမလုပ်ခဲ့လျှင် တစ်အိမ်လုံး ပြုတ်ပြုတ်ပြုန်းအောင် သေဆုံးတတ်၏၊ ထို့ကြောင့်ဟုတ်-မဟုတ်ကို မှချသိတဲ့နိုင်သော အရာမျိုး၌ ငါမယုံကြည်, ငါအယူမရှိဟု အလေးမပြု ဂရုမစိုက်ပဲ မနေကြရကုန်၊ ဟုတ်လျက်နှင့် မပြုခဲ့သော် တစ်အိမ်လုံး ဒုက္ခဖြစ်ရာ၏၊ ပြုခဲ့သော် တစ်အိမ်လုံးချမ်းသာရာ၏၊ မဟုတ်ဘဲနှင့် ပြုမိသော်လည်း တစ်မတ်တန်, ၅-မူးတန်, တစ်ကျပ်တန်, ၂-ကျပ်တန် ကုန်ကျ၍ အကျိုးမနည်းနိုင်၊ ပညာသတိရှိကြစေကုန်၊ ဤစာအုပ်ကို တွေ့ရှိကြလျှင် ထုတ်ပြခဲ့ပြီးသည့် အန္တရာယ်ကင်းဂါထာ, ဆေးဝါးများကို အမြန်အားထုတ် ပြုလုပ်ပြီးစီး ရှိကြစေရမည်။

ဤမှကြွင်းကျန်သော ဘီလူး သားဘက်တို့ကို နှိမ်နင်းရန်, ကပ်ဥပဒ်မျိုးတို့ကို ပျောက်ငြိမ်းစေနိုင်ရန် အန္တရာယ်ကင်း နည်းလမ်းများ တို့ကိုမူကား အန္တရာယ်ကင်း စာပြန်ပွဲတွင် ပြန်ဆိုကြရန် စီမံချက် စာအုပ် မှာမှ ပြည့်စုံစွာပါရှိလတ့်။

ဂါထာ အင်းဆေး အမျိုးမျိုး ပြီး၏။

-----*----

## ၁၂။ ကပ်ကြီး ၃-ပါး အကြောင်း မြတ်စွာဘုရားဟောကြားပုံ

ကပ်ကြီး ၃-ပါးအကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်မှာ ငါတို့

မြတ်စွာဘုရားဟောကြားတော်မူ၏၊ တရံရောအခါ ပြာပတ္တဏ မဟာသာလ တစ်ဦးသည် မြတ်စွာဘုရားအားလျှောက်ထားသည်မှာ-

"ရှေးရှေးသောအခါ၌ ဤဇမ္ဗူဒီပါကျွန်းသည် လူတို့ဖြင့် အခြားမရှိ သကဲ့သို့ ပြည့်လျက်ရှိ၏၊ နိဂုံး မြို့ ရွာ ရာဇဓာနီ မင်းနေပြည် တို့သည် ကြက်ပျံတကျ နီးစပ်လျက် ရှိကြကုန်၏ဟု ဆရာစဉ်ဆက်တို့ ပြောဆိုကြသည်များကို ကြားနာဖူးပါသည် ယခုမှာမူကား လူတို့သည် အလွန်ကုန်ပျောက်နည်းပါးလျက် ရှိကြကုန်သည်၊ အဘယ်အကြောင်းကြောင့် ဤမျှလောက် ကုန်ပျောက်နည်းပါးရပါကုန်သနည်း"-

ဟုမြတ်စွာဘုရားအား လျှောက်ထားလေ၏၊ မြတ်စွာဘုရား သည် အကြောင်း ၃-ပါးကို ထုတ်ဖော်၍ ဖြေတော်မူ၏။

## အကြောင်း ၃-ပါး

အကြောင်း၃-ပါးဆိုသည်ကား--

၁။ သတ္ထန္တရကပ် တစ်ပါး,

၂။ ဒုဗ္ဘိက္ခန္တရကပ် တစ်ပါး,

၃။ ရောဂန္တရကပ် တစ်ပါး,

ယခုအခါ၌ လူသတ္တဝါတို့သည် အဓမ္မရာဂ, ဝိသမလောဘ, မိစ္ဆာဓမ္မ ဟူသော အယုတ်တရား အားကြီးကြကုန်သောကြောင့် ဤကပ်ဥပဒ်ကြီး ၃-ပါးတို့သည် ကမ္ဘာပေါ်မှာ မကြာမကြာ ပေါ်ပေါက်လာကုန်၏။

ထို ၃-ပါးတို့တွင်-

## သတ္ထန္တရကပ်

သတ္ထန္တရကပ် ဆိုသည်ကား တစ်ပြည်နှင့်တစ်ပြည် တစ်မြို့နှင့်

တစ်မြို့ တစ်ရွာနှင့်တစ်ရွာ တစ်ယောက်နှင့် တစ်ယောက် တိုက်ခိုက်ကြမှု, သတ်ဖြတ်ကြမှုကို ဆိုသတည်း။

## ဒုဗ္ဘိက္ခန္တရကပ်

ဒုဗ္ဘိက္ခန္တရကပ်ဆိုသည်ကား မိုးခေါင်သဖြင့် အစာရေစာ ငတ်မွတ်ခေါင်းပါးမှုကို ဆိုသတည်း။

## ရောဂန္တရကပ်

ရောဂန္တရကပ် ဆိုသည်ကား လောက၌ ရှိကြကုန်သော ရေဘီလူး, မြေဘီလူး, ကုန်းဘီလူးတို့၏ ထကြွ သောင်းကျန်းမတို့ကြောင့် ကပ်ရောဂါတို့၏ ဖြစ်ပေါ်မှုကို ဆိုသတည်း။

ဤကပ် ၃-ပါးတို့သည် ကမ္ဘာပေါ်မှာ မကြာမကြာ ဖြစ်ပေါ်လာသဖြင့် လူသတ္တဝါတို့ များစွာသေဆုံး ပြုန်းတီးကြကုန်သည် ဖြစ်၍ မြို့ပြ ပြည်ရွာတို့သည် ဆုတ်ယုတ်ပျက်ပြားကြကုန်သဖြင့် တိုင်းသုဉ်း, ပြည်သုဉ်း, မြို့သုဉ်း, ရွာသုဉ်း, မြေပြင်အတိ, တောအတိဖြစ်၍ ကုန်ကြသောကြောင့် ယခုအခါ ကမ္ဘာပေါ်မှာ လူသတ္တဝါတို့ လွန်စွာနည်းပါးကြကုန်၏ဟု ဖြေတော်မူသည်။

## အဓမ္မရာဂ

အဓမ္မရာဂ ဆိုသည်ကား ယောကျ်ား မိန်းမတို့မှာ မိမိတို့ဆိုင်ရာနှင့် အာရုံမပြေကြကုန်မူ၍ တစ်ခြားတစ်ပါး၌ စွန်းငြိကျူးလွန်သော ရာဂတရားကို ဆိုသတည်း။

## ဝိသမလောဘ

ဝိသမလောဘ ဆိုသည်ကား ပစ္စည်းဥစ္စာတို့၌ သူ့ဖို့ကိုယ်ဖို့

မျှတခြင်း မရှိကြဘဲ ကိုယ့်ဖို့ကိုယ်သာ လုယက်ဆွဲငင်ကြသော လောဘ တရားကိုဆိုသတည်း။

## မိစ္ဆာဓမ္မ

မိစ္ဆာဓမ္မဆိုသည်ကား တိရစ္ဆာန် သတ္တဝါကို သတ်မှုသည် အပြစ်မရှိ၊ သေရည်သေရက် သောက်မှုသည် အပြစ်မရှိ၊ အစရှိသော မိစ္ဆာတရားမျိုးကို ဆိုသတည်း။

[အဋ္ဌကထာဖွင့်သော တရားများသည် ယခုအခါ၌ မထင်ရှားလှသေး ထိုကပ်ဥပဒ်ကြီး ၃-ပါးတို့တွင် ဤစာအုပ်မှာ ရောဂန္တရကပ်ဥပဒ်ကြီး သည်သာ လိုရင်းဖြစ်၍ ထိုရောဂန္တရ ကပ်ကြီး၏ အကြောင်းအရာ ပါဠိတော် လိုရင်းကို ပြဆိုလိုက်အံ့]

- **ယက္ခာ ဝါဠေ အမနုဿေ ဩဿဇ္ဇန္တိ၊ တေန ဗဟူ မနုဿာ ကာလံ ကရောန္တိ။** ॥ (ပါဠိတော်။)
- **ယက္ခာတိ ယက္ခာဓိပတိနော။** ॥ (အဋ္ဌကထာ။)

ယက္ခာ=အကြီးအကဲ ဖြစ်ကြကုန်သော နတ်ဘီလူးတို့သည်၊ ဝါဠေ=သတ်မှု, စားမှု၌ ရက်စက်ရက်ရဲ မိုက်မဲကြမ်းကြုတ်ကုန်သော၊ အမနုဿေ=သူရဲ သားဘက်တို့ကို၊ ဩဿဇ္ဇန္တိ=ပေါက်လွှတ်လျှောက်လျှား ပစ်၍ထားကြကုန်၏၊ တေန=ထိုကြောင့်၊ ဗဟူ=များစွာကုန်သော၊ မနုဿာ=လူသတ္တဝါတို့သည်၊ ကာလံ ကရောန္တိ=သေဆုံးပြုန်းတီးကြ ကုန်၏။ [ပါဠိတော်အနက်။]

## ကပ်ရောဂါ မဖြစ်ခြင်း အကြောင်း

လူလောက၌ လူတို့အသက် အနှစ် ၅၀၀-တမ်းမှအထက် အယုတ်တရား ၃-ပါးတို့ မရှိသေးမီ ရှေးအခါ၌ အထက်ကောင်းကင်

ဘုံကြီးတို့၌ နေကြကုန်သော နတ်, သိကြား, ဗြဟ္မာတို့သည် လူတို့ကို ကြည်ညို လေးမြတ်ကြကုန်၏၊ ယခုအခါ၌ အင်္ဂလိပ် အစိုးရမင်းတို့သည် နိုင်ငံကို အုပ်ချုပ်ကြကုန်သကဲ့သို့ လူ့လောကကို ကြည့်ရှု စောင့်ရှောက်ကြကုန်၏၊ လူတို့ကို အထိအပါး မရှိရအောင် နတ်ဆိုး နတ်ဝါးတို့ကို အတင်းအကြပ် နှိပ်ကွပ်အုပ်ချုပ်ကြကုန်၏၊ ထိုအခါ လူ့လောကမှာ ကပ်ရောဂါ ဟူ၍ တစ်စုံ တစ်ခုမျှမရှိ။

## ကပ်ရောဂါဖြစ်ခြင်းအကြောင်း

လူတို့အသက် အနှစ် ၅၀၀ -တမ်းအောက်၌ လူတို့၌ အယုတ်တရားကြီး ၃-ပါးဖြစ်ပေါ်၍လာ၏၊ ထိုအခါမှစ၍ အထက် ကောင်းကင်ဘုံကြီးတို့၌ နေကြကုန်သော နတ်, သိကြား, ဗြဟ္မာတို့သည် လူတို့ကို မကြည်ညိုကြကုန်ပြီ၊ လူ့လောကကို မကြည့်ရှုကြကုန်ပြီ၊ နတ်ဆိုး နတ်ဝါးတို့ကို ပေါက်လွှတ်လျော့လျား ပစ်ထားကြကုန်၏၊ နတ်ဆိုး နတ်ဝါး သားရဲ သားဘက်တို့သည် လူတို့နေရာသို့ လာရောက်ကြကုန်၍ လူသတ္တဝါတို့အား ကပ်ရောဂါ အမျိုးမျိုးတို့ကိုပေး၍ အသွေး, အဆီတို့ကို စားသောက်ကြကုန်၏၊ လူတို့ကို မရသော ရှိခဲ့သော်ကျွဲ, နွား, မြင်း, သိုး, ဆိတ်သတ္တဝါတို့အား ကပ်ရောဂါ အမျိုးမျိုးတို့ကို ပေး၍ အသွေး, အဆီတို့ကို စားသောက်ကြကုန်၏၊ ထိုကပ်ဥပဒ် အလှည့်အလှည့် ကြုံကြိုက်ရာ မြို့ ရွာတို့၌ လူသတ္တဝါ, ကျွဲ, နွားသတ္တဝါတို့သည် တစ်သုတ် တစ်သုတ်မှာပင် အရာ အထောင် အသောင်းများစွာ သေဆုံးကြကုန်၏ ထို့ကြောင့် ယခုအခါ၌ လူသတ္တဝါတို့သည် အလွန်ကုန်ပျောက် နည်းပါးလျက်တောနယ် ချုံနယ်တို့သည် ကျယ်ပွားများပြားကုန်၏ ဟူ၍ ငါတို့မြတ်စွာဘုရား ဖြေကြားတော်မူ၏။

[ထိုဘီလူးသားဘက် အန္တရယ်တို့ကို ကွယ်ကာရန်, ကုစားရန် ဆေးဝါး

မန္တရား ပညာတို့သည်လည်း ၅၀၀-တမ်းမှ စ၍ ဣန္ဒိယနယ်ပယ် အတွင်းမှာ များစွာပေါ်ပေါက်လျက် ရှိနေကြကုန်၏။]

## ကျမ်းဂန်ကို ပယ်ရာရောက်ပုံ

ဗုဒ္ဓဘာသာဝင် လူမျိုးများဖြစ်ကြပါကုန်လျက် ကြားဖူး နားဝ မရှိကြသည့်အတွက် ဘီလူး သားဘက်တို့ အတတ်ကြောင့် ကပ်ရောဂါ ဖြစ်သည်ကို မယုံကြည်ကြကုန်သော သူတို့သည် ဤပါဠိတော်ကြီးကို ငြင်းပယ်ရာ ရောက်ကြကုန်၏။

ခရစ်ယာန်ဘာသာ, ဘရင်ဂျီဘာသာလူမျိုးများ ဖြစ်ကြပါကုန်လျက် ဘီလူးသားဘက်တို့အတတ်ကြောင့် ကပ်ရောဂါဖြစ်သည်ကို မယုံကြည်ကြကုန်သောသူတို့သည် ဓမ္မဟောင်းကျမ်း, ဓမ္မသစ်ကျမ်း, သမ္မာကျမ်းစာများကို ငြင်းပယ်ရာ ရောက်ကြကုန်၏၊ ခရစ်တော်၏ ဘုန်းတန်ခိုးကိုလည်း ချိုးဖျက်ရာရောက်ကြကုန်၏။

## သမ္မာကျမ်းစာ အဆို

သမ္မာကျမ်းစာအုပ်တွင် ရှင်မလဲ ခရစ်ဝင်ကျမ်း, စာမျက်နှာ နံပါတ် ၈-ဂဏန်း, အကြောင်းအရာ ၁၆-ဂဏန်းမှစ၍လည်းကောင်း, ပဋိညာဉ်တရားတော်သစ် ကျမ်းစာအုပ်တွင် စာမျက်နှာနံပါတ် ၂၃-ဂဏန်း, အကြောင်းအရာ ၁၆-ဂဏန်းမှစ၍လည်းကောင်း၊ ထိုကျမ်းစာအုပ်တို့၌ နတ်ဆိုးတို့ကို နိုင်နင်းမှုတို့ဖြင့် ခရစ်တော်၏ ဘုန်းတန်ခိုးတို့ကို အမျိုးမျိုး ဖေါ်ပြပါရှိကြကုန်၏၊ နတ်ကောင်းတို့ကိုမူကား ထိုကျမ်းစာတို့မှာ ကောင်းကင်တမန်ဟူ၍ ခေါ်ကြကုန်၏၊ ကောင်းကင် ဗိုလ်ခြေ

ဟူ၍လည်း ခေါ်ကြကုန်၏၊ ထာဝရဘုရားကိုလည်း ကောင်းကင် ဗိုလ်ခြေ အရှင်ဟူ၍ ဆိုကြကုန်၏။

ကောင်းကင်တမန်တို့သည် ချင်းကပ်၍ ခရစ်တော်ကို လုပ်ကျွေးရသည်ဟု ထိုကျမ်းစာတို့မှာလာရှိ၏၊ ခရစ်တော်ကဲ့သို့ နတ်ဆိုးတို့ကို မနိုင်နင်းကြကုန်သောသူတို့သည်ကား နတ်ဆိုးတို့ကို အသုံးပြုလိုကြကုန်သည်ရှိသော် သိုး, နွား, ကြက်, ဝက်စသည်တို့ကို သတ်၍ အဆီ, အသွေးတို့ကို အမြဲကျွေးမွေး၍ အသုံးပြုကြကုန်၏။

## ယဇ်နတ်နှင့် ယဇ်ပူဇော်ပုံ အကြောင်း

လောက၌ ယဇ်နတ်ခေါ်သော နတ်ဆိုးတန်ခိုးကြီးတို့သည် ရှိကြကုန်၏၊ ခရစ်ဝင်ကျမ်းတို့မှာ အချို့ကို **"ဗေလ, ဇေဗုလ"** ဟူ၍ ခေါ်၏၊ ထိုနတ်ဆိုး တန်ခိုးကြီးတို့ကို အသုံးပြုလိုကြကုန်သော သူတို့သည် ယဇ်ပလ္လင် တည်ဆောက်ပြီးလျှင် နွား, သိုး, ဆိတ်အစရှိသော တိရစ္ဆာန်တို့ကို နေ့စဉ်မပြတ် သတ်၍ အဆီ, အသွေးတို့ကို ကျွေးမွေးကြကုန်၏၊ တိရစ္ဆာန်တို့ကို မီးရှို့၍ အခိုးအနံ့ အကြိုင်အသင်းတို့ကို ပေးကြကုန်၏၊ အကျွေးအမွေး လစ်လပ်ခဲ့သော် ကျွေးမွေးသူ၏ ပရိသတ်ကိုပင် ကပ်ဥပဒ် ဖြစ်ပွါးစေ၍ စားတတ်ကြကုန်၏။

ဤယဇ်ပူဇော်မှုကြီးများသည် ရှေးအခါ၌ အလွန်ကြီးကျယ်၏၊ တိုင်းပြည်ရှင် မင်းကြီးတို့သည်လည်းကောင်း, ဥစ္စာခနှင့် ပြည့်စုံကြကုန်သော သူဌေးကြီး ပုဏ္ဏားကြီးတို့သည်လည်းကောင်း, ရံဖန်ရံခါ ငါးရာ တစ်ထောင် နွားကောင် သားကောင်တို့ကို သတ်၍ ကျွေးမွေးကြကြောင်း ဗုဒ္ဓဘာသာ ကျမ်းဂန်များမှာလာ၏၊ တစ်ယောက်တစ်ယောက်သော နတ်ဆိုး တန်ခိုးကြီးတို့၌ အခြံအရံ နတ်ဆိုးပေါင်း အထောင်အသောင်း

ရှိကြကုန်၏၊ ကျွေးမွေးသောသူ၏ အလိုကို လိုက်ကြရကုန်၏၊ ကျွေးမွေသူ အလိုရှိရာ အမှုတို့ကို မိမိတို့ တန်ခိုးရှိသလောက် ပြုစုလုပ်ဆောင်ကြကုန်၏၊ သူတစ်ပါးတို့၌ ရောဂါဥပဒ်ဖြစ်စေမှု, တစ်ပါးသော နတ်ဆိုးတို့ပြုလုပ်သော ရောဂါများကို ခဏချင်း ပျောက်ငြိမ်းစေမှု, အတိတ် အနာဂတ် အကြောင်းအရာများကို ပြောကြားမှုပေတည်း၊ လူတို့၏အရာ မဟုတ်ပေသော အံ့ဖွယ်သရဲ အမှုကြီးများကို ပြုလုပ်၍ ပြကြကုန်၏။

## သမာဓိ နတ်မျှော်

တန်ခိုးကြီးကြသော နတ်ကောင်းကြီးများနှင့် ပေါင်းဖက်မိသောသူများသည်မူကား နတ်ဆိုးကြီးတို့နှင့် ပေါင်းဖက်ကြသူများထက် သာလွန်၍ တန်ခိုးကြီး၏၊ သူတစ်ပါးတို့၏ စိတ်အကြံကို သိတတ်၏၊ အတိတ်, အနာဂတ် အကြောင်းအရာမျိုးတို့ကို အတန်အရာသိနိုင်၏၊ ရောဂါများကိုလည်း ရေကိုပေး၍ ခဏချင်း ပျောက်ငြိမ်းစေနိုင်၏၊ လူသေကိုပင် ရှင်အောင် ပြုနိုင်သည်ဟု ကျော်စောတတ်၏၊ ဤကဲ့သို့သော သူများသည် ကမ္ဘာပေါ်မှာ ထိုထိုမြို့ရွာတို့၌ ရံခါရံခါ ပေါ်ပေါက်လာတတ်ကြ၏၊ သမာဓိနတ်မျှော် ခေါ်သော ပညာကြီး တစ်မျိုးပေတည်း။

## လှည့်ပတ်ဉာဏ်

အချို့သောသူတို့သည် နတ်ဆိုးနတ်ကောင်းတို့ ပြုကြသော အံ့ဖွယ်သရဲမှုကြီးများကို လူအများတို့၏ ကိုးကွယ်ရာ ဘုရားတန်ခိုးတော် ပြုလုပ်၍ ပြောဆိုတတ်ကြကုန်၏၊ ထိုသူတို့ကို လူအများတို့က မိမိတို့ ကိုးကွယ်ရာ ဘုရား အမြဲစောင်မသူ ဟု ထင်မှတ်ကြကုန်၏၊ ထိုသူတို့ကို ဘုရားကဲ့သို့ ကြောက်ရွံ့ခန့်ငြားခြင်း ရှိကြကုန်၏၊ လောကရေး၌ အကြံ

အဖန်ကောင်းကြပေသော ယောက်ျားကြီးများ၏ လှည့်ပတ်ညဏ်မျိုး ပေတည်း။

ဤကဲ့သို့ အကြီးအကျယ် ကျွေးမွေးကြသူတို့ မရှိကြသောအခါ၌ ထိုနတ်ဆိုး အပေါင်းတို့သည်လည်း ကမ္ဘာပေါ်မှာ ထိုထိုနိုင်ငံ မြို့ရွာတို့သို့ လှည့်လည်ကာ ကပ်ဥပဒ်မျိုးတို့ကိုပေး၍ အသွေး, အဆီတို့ကို ရှာကြံ စားသောက်ကြကုန်၏၊ မရသာရှိခဲ့သော် ဖားစိမ်း, ငါးစိမ်းစသည်တို့ကို ရှာကြံစားသောက်၍ မျှတနေထိုင်ကြကုန်၏။

[ဤကား ပလိပ်ရောဂါ ဝမ်းရောဂါစသော ကပ်ရောဂါမျိုးတို့သည် ဘီလူး သားဘက်တို့ကြောင့် ဖြစ်ကြကုန်သည်ဟူသော စကားမှာ ဘာသာတိုင်းမှာပင် ထင်ရှားရှိနေကြောင်းကို ပြဆိုချက်တည်း။]

## လက်တွေ့ယုံကြည်ခြင်း

လောက၌ အချို့သူတို့သည်မူကား ဘာသာကျမ်းများကို မယုံကြည်ကြကုန်။ မိမိတို့ ပညာစွမ်းနှင့် စမ်းသပ်၍ တွေ့ရှိမှသာ ယုံကြည် ကြကုန်၏၊ ထိုသူတို့သည် သေလွန်ကြသည်မှ နောက်ဘဝအရေး၌ အဖြောင့်အမှန် လိမ်မာနိုင်ကြရန် အခွင့်မရှိကုန်၊ အကြောင်းမူကား ဤလောကကြီးမှာ ပကတိသောလူတို့၏ ဉာဏ်စွမ်း ပညာစွမ်းနှင့် မသိနိုင် မမြင်နိုင်သော အရာသည် အနန္တများပြားလျက်ရှိသတည်း၊ ထို့ကြောင့် ဘာသာဆိုလျှင် လုံးလုံးပစ်ပယ်၍လည်း မသင့်၊ ဟုတ်မှန်သော ဘာသာ ကို ရှာကြံမှုအလုပ်သည် မဆုပ်သာ မရှောင်သာ မနေသာမှုကြီးဖြစ် သတည်း၊ အကြောင်းမူကား ယခုဘဝ အရေးထက် နောက်ဘဝအရေး သည် သာ၍ကြီးလှ၏၊ တစ်ခါတိမ်းပါးခဲ့သော် ဘဝအထောင်မက

မြုပ်မျော၍ သွားတတ်ကြ၏၊ သတိရှိကြစေကုန်။

## ကျန်းဂန်အဆို

သုတ္တနိပါတ်ပါဠိတော်မှာ ငါတို့မြတ်စွာဘုရား ဟောတော်မူသည်ကား ဩက္ကာကမင်း လက်ထက်မတိုင်မီ ရှေးအခါ၌ လူတို့သည် နွားတို့ကို မိမိတို့၏ ဆွေရင်း မျိုးရင်းတို့နှင့်အတူ ကြည်ဖြူ လေးမြတ်ကြကုန်၏၊ ထိုအခါ အထက်ကောင်းကင်ဘုံ၌ ရှိနေကြကုန်သော သမ္မာဒေဝနတ်တို့သည် လူ့လောကကို အလေးဂရုပြု၍ ကြည့်ရှုစောင့်ရှောက်ကြကုန်၏၊ ဘီလူး သားဘက်တို့သည် လူတို့ကို ထိပါးခွင့် မရကြကုန်၊ ထိုအခါ လူ့လောကမှာ ရောဂါဥပဒ်ဟူ၍ မရှိကြ။

ဩက္ကာကမင်း လက်ထက်တိုင်ရောက်သောအခါ မိစ္ဆာပုဏ္ဏားတို့ ပေါ်ပေါက်လာကုန်၍ တိရစ္ဆာန်သတ္တဝါတို့မည်သည် လူတို့သုံးဆောင်ဖို့ ဖြစ်ပေါ်ကြကုန်၏၊ တိရစ္ဆာန်သတ္တဝါတို့ကို သတ်ဖြတ် စားသောက်သော်လည်း အပြစ်မရှိ၊ နွားတို့၏အသားဖြင့် ပုဏ္ဏားတို့ကို ကျွေးမွေးသောသူသည် ကောင်းကင်ဘုံသို့ရောက်၍ ထာဝရချမ်းသာကိုခံစားရ၏ ဟုကျမ်းစာ ရေးသားပြီးလျှင် ကမ္ဘာဦးကျမ်းဆို၍ ဩက္ကာကမင်းထံ ဆက်သွင်းကြကုန်၏၊ ဩက္ကာကမင်းသည် ယုံကြည်ခြင်းရှိသဖြင့် နွားတို့ကို သတ်၍ ပုဏ္ဏားတို့ကိုကျွေးမွေး၏၊ လူအများတို့လည်း စားကြကုန်၏၊ ထိုကျမ်းစာမှလာသော မိစ္ဆာအနွယ်သည် ယခုထက်တိုင်ရှိနေကြ၏၊ နွားကို သတ်ကြသူ နွားသားကို စားကြသူတို့ ပေါ်ပေါက်သောအခါမှစ၍ သမ္မာဒေဝနတ်တို့သည် လူ့လောကကို မကြည့်ရှုကြကုန်ပြီ။

ပင်လယ်၌နေကြသော ပင်လယ်နေရေဘီလူး, ကျွန်းငယ်နေရေဘီလူး, ထာဝရတည်ရှိသော ရေအိုင်ကြီးများ၌ နေကြသောရေဘီလူး,

သဲကန္တာရ, တောကန္တာရကြီးများ၌လည်းကောင်း၊ တောကြီး တောင်ငယ် များ၌လည်းကောင်း၊ တိုင်းပြည်မြို့ရွာတည်ထောင်၍ နေကြကုန်သော တောဘီးလူး, တောင်ဘီလူးတို့သည်လည်း လူထူထပ်ရာ မြို့ရွာနယ် ပယ်သို့ ရံခါရံခါ ထွက်လာကြကုန်၏၊ အနေအထိုင် မလုံမခြုံ မသန့်မရှင်း ရှုပ်ထွေးလူးလဲရာ ပြည်ရွာမြို့ပြတို့ကို စားခွင့်ရကုန်၏၊ မြို့ပြ ပြည်ရွာနေ မြေဘီလူး, ကုန်းဘီလူး, ရေဘီလူးတို့သည်လည်း ထို့အတူ စားခွင့်ရ ကုန်၏။

ထိုအခါမှစ၍ လူတို့၏ကိုယ်တွင်းမှ ဖြစ်သောရောဂါမျိုး, ဘီလူး သားဘက်တို့အတွက် ကိုယ်ပမှဖြစ်သော ရောဂါမျိုးတို့သည်ပေါ်ပေါက် လာကုန်၏ဟု ငါတို့မြတ်စွာဘုရားဟောတော်မူသည်။

[လောက၌ရှိနေကြကုန်သော ကပ်ရောဂါဟူသမျှတို့သည် နွားသတ်ရုံ သားသတ်ရုံတို့ကို အစွဲပြု၍ ဖြစ်ပေါ်ကြကုန်သည် ဟုဆိုလိုသည်။]

## ဩက္ကာကမင်း

ဩက္ကာကမင်းကား ကမ္ဘာဦး မဟာသမ္မတမင်းမှစ၍ ငါတို့ဘုရား လက်ထက်တိုင် မဟာဝင်ကျမ်းများမှာ မင်းပေါင်း (၃၃၄, ၅၆၉) သုံးသိန်း သုံးသောင်း လေးထောင် ငါးရာ ခြောက်ဆယ်ကိုးယောက်မျှ လာရှိသော မင်းဆက်တို့တွင် (၈၄၀, ၀၀) ရှစ်သောင်း လေးထောင်ကျော်မျှသော မင်းတို့၏ နောက်၌ သာကီဝင် မင်းဆက်မပေါ်မီ ဩက္ကာက မင်းနှယ် မင်းဆက်ပေါင်း ၃-ရပ်ရှိသည်တွင် ဘယ်ဩက္ကာကမင်း ဖြစ်မည် မသိသာရှိ၏။

## အထောက်သာဓက

ပါဠိတော်ကို ထောက်မြော်၍ နွားသားစားသူတို့ကို သမ္မာဒေဝ

နတ်ကောင်းနတ်မြတ်တို့သည် အလွန်မုန်းကြကြောင်းကို သိအပ်၏၊ ကိုယ်စောင့်နတ်တို့သည်လည်း ထိုကိုယ်ကိုမုန်းကြကုန်၏၊ အိမ်စောင့်နတ်တို့သည်လည်း ထိုအိမ်သူအိမ်သားတို့ကို မုန်းကြကုန်၏၊ ရွာစောင့်နတ်, ရပ်စောင့်နတ်, မြို့စောင့်နတ်, တိုင်းစောင့်နတ်, ပြည် စောင့်နတ်တို့သည်လည်း နွားသားစားသောသူတို့ကို ထို့အတူ မုန်းထားကြကုန်၏၊ ဘီလူးသဘက် အစိမ်း သူရဲတို့သည်မူကား လူတို့၏ အသွေးအသားကို အလွန်ကြိုက်ကြကုန်သကဲ့သို့ နွားတို့၏ အသွေးအသားကိုလည်း အလွန်ကြိုက်ကြကုန်၏၊ ယဇ်ကြီးပူဇော်ကြကုန်သော သူတို့သည် နွားတို့ကို များစွာသတ်ကြကုန်၏၊ နွားသားကို စားသောက်ကြကုန်သော လူတို့၏ အသွေး, အသားတို့ကိုမူကား ဆိုဖွယ်ရာမရှိပြီ။

ထို့ကြောင့် ယခုအခါ ကပ်ဥပဒ်မှ လွတ်ကင်းကြလိုကုန်သော သူတို့သည် နွားသားစားမှုကို ကြဉ်ရှောင်ကြကုန်ရာ၏၊ ထိုထက် တတ်နိုင်ကြပါကုန်မူကား အသားစားမှုများကို ကြဉ်ရှောင်ကြကုန်ရာ၏၊ နွားသားကြိုက်လျက် သေလွန်ကြကုန်သော ရှင်လူအပေါင်းတို့သည် ယေဘုယျအားဖြင့် ဘီလူးသဘက် ဘဝသို့ချည်း ရောက်ကြရိပ် ထင်ကုန်၏။

အကြင် မြို့ရွာတို့၌ ဤစာအုပ်ကို ရွတ်ဖတ်သူများကြကုန်၏၊ ထိုမြို့ရွာကို ဘီလူးသဘက်တို့ ရှောင်ကွင်းကြကုန်လတ္တံ့၊ အကြောင်းမူကား ဤမြို့ ဤရွာသည် ငါတို့ပြုလုပ်သောအမှုကို သိကြကုန်ပြီ၊ ငါတို့ပြုတိုင်း ခံ၍နေမည့် မြို့ရွာမဟုတ်ဟု သိကြကုန်၏၊ ပညာရှိကြီး အပေါင်းတို့ ကောင်းကောင်းစုံစမ်းကြရန် နိုင်ငံအရပ်ရပ်သို့ ဤစာအုပ် ရောက်ဖို့ကောင်း၏။

ကပ်ကြီး ၃-ပါးအကြောင်းပြီး၏။

-------------

## ၁၃-အမိန့်တော်ပြန်တမ်း
## လယ်တီဆရာတော် မိန့်ကြားချက်

မုံရွာမြို့ လယ်တီဆရာတော် ထုတ်ဖော်မိန့်ကြားအပ်သည်-

မြို့. . . . . . . . ရပ်နေ ဗုဒ္ဓဘာသာဝင် ရှင်လူအပေါင်းတို့နှင့် ၎င်းအရပ်အတွင်း၌ ရှိနေကြကုန်သော အိမ်စောင့်နတ်, ဝင်းစောင့်နတ်, ခြံစောင့်နတ်, ရုက္ခစိုး, ဘူမစိုးနတ်မျိုး အပေါင်းသူတော်ကောင်းတို့-

ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကြိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူမင်းအပေါင်း, နတ်မင်းအပေါင်း, သိကြားမင်းအပေါင်း, ဗြဟ္မာမင်းအပေါင်းတို့၏ အထွတ်အထိပ် ဓမ္မိဿရ ဓမ္မသာမိ ဓမ္မာဓိပတိ ဖြစ်တော်မူသော ငါတို့ဆရာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည်. . . . မြို့နေ ဗုဒ္ဓဘာသာဝင် ရှင်လူအပေါင်းတို့၏ ကိုးကွယ်ရာအစစ် အဘကြီး ဖြစ်တော်မူပေသည်၊ ကိုးကွယ်ရာအစစ် အဘိုးကြီး ဖြစ်တော်မူပေသည်။

. . . . မြို့နေ ဗုဒ္ဓဘာသာဝင် ရှင်လူအပေါင်းတို့သည်လည်း သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ သားတော်အစစ် သမီးတော်အစစ်, မြေးတော်အစစ်, မြစ်တော်အစစ် ဖြစ်ကြပေကုန်သည်။

ယခုအခါ၌. . . မြို့၌ မြို့ပြင် မြို့တွင်း ကုန်းကြည်း ရေမြေမှီတင်းနေကြကုန်သော မြေနဂါး, ရေနဂါး, မြေဘီလူး, ရေဘီလူး, တောဘီ

လူး, တောင်ဘီလူး, အစားကြူး အသောက်ကြူး ဘီလူးအမျိုးမျိုး ရက္ခိုသ်အမျိုးမျိုး နတ်ဆိုးနတ်ဝါးအပေါင်းတို့သည် ငါတို့မြတ်စွာဘုရား၏ ကျေးဇူးတော်, ဂုဏ်တော်, မျက်နှာတော်များကို မမျှော်မထောက်ကြကုန်မူ၍. . . မြိနေ ငါတို့မြတ်စွာ ဘုရား၏ သားတော်, သမီးတော် အပေါင်းတို့အား ပလိပ်ဖျားရောဂါ, ဝမ်းရောဂါတို့ကိုပေး၍ အသွေး, အဆုတ်တို့ကို စုတ်ယူမျိုသောက် သေကျေ ပျက်ဆုံးသည်တိုင် ရောက်အောင် နှိပ်စက်ညှဉ်းပန်းကြကုန်သည်။

## အမိန့်စာတမ်း

၁။ မြို့ပြင် မြို့တွင်း ကုန်းကြည်း ရေမြေ မှီတင်း နေကြကုန် သော မိစ္ဆာနတ်ဆိုး အမျိုးမျိုးတို့ကို ငါတို့မြတ်စွာဘုရား၏ တန်ခိုးရှန်ဝါ စက်အာဏာတို့ဖြင့် မိစ္ဆာနတ်ဆိုး သူရဲမျိုးတို့ကို ဤ. . . . . . မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

၂။ တရားတော်မြတ်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာ တို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတို့ကို ဤ. . . မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

၃။ မင်္ဂလသုတ်, ရတနသုတ်, မေတ္တသုတ်, ခန္ဓသုတ်, မောရ သုတ်, ဝဋ္ဋသုတ်, ဓဇဂ်သုတ်, အာဋာနာဋိယသုတ် အစရှိကုန် သော ပရိတ်တော်မြတ်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာ တို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတို့ကို ဤ. . . မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

၄။ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်, အရှင်အာနန္ဒာ, အရှင်အနုရုဒ္ဓါ, အရှင်မဟာကဿပ အစရှိကုန်သော ရဟန္တာ

မြတ်တို့၏ တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတို့ကို ဤ. . . မြို့တွင်းမှ ဝေးစွာ အတင်း နှင်ထုတ်ကြကုန်ရမည်။

၅။ သထုံပြည်၌ ပင်လယ်ပျော်မြူး ရေဘီလူးတို့ အတတ် ကြောင့် ကပ်ရောဂါဖြစ်ပွားရာ ရေဘီလူးတို့ကို နှိပ်နင်း၍ ကပ်ရောဂါငြိမ်းခြင်းကို ပြုတော်မူကြပေကုန်သော သောဏ မထေရ်, ဥတ္တရ မထေရ်, ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတို့ကို ဤ. . . . မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

၆။ သီဟိုဠ်ကျွန်း သဃ်ဗောဓိမင်းကြီးလက်ထက် ဘီလူး သားဘက်တို့အတတ် ပလိပ်ကပ်ရောဂါဖြစ်ပွားရာ မိမိ၏ သီလဂုဏ်ဖြင့် ပလိပ်ကပ်ရောဂါ ပျောက်ငြိမ်းခြင်းကို ပြုတော်မူပေသော သဃ်ဗောဓိမင်းကြီး၏ တန်ခိုးရှိန်ဝါ စက်အာဏာ တို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတို့ကို ဤ. . . မြို့တွင်းမှ ဝေးစွာ အတင်း နှင်ထုတ်ကြကုန်ရမည်။

၇။ ကောင်းကင်ဘုံ၌ ဘုန်းတန်ခိုး ကြီးကျယ်ကြပေကုန်သော မဟာ ပြဟ္မာမင်းကြီးတို့၏တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတို့ကို ဤ. . . မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

၈။ အသီးအသီး နတ်ပြည်ကြီးကို ဘုန်းမီးလျှံပ အစိုးရကြကုန်သော ဝသဝတ္တီ နတ်မင်းကြီး, သုနိမ္မိတနတ်မင်းကြီး, သန္တုသိတ နတ် မင်းကြီး, သုယာမနတ်မင်းကြီးတို့၏ တန်ခိုးရှိန်ဝါ

စက်အာဏာ တို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတိုကို ဤ-မြို့တွင်းမှ ဝေးစွာ အတင်း နှင်ထုတ်ကြကုန်ရမည်။

၉။ ဝရဇိန်လက်နက် မိုးကြိုးစက်နှင့် မျက်စိတစ်ထောင် အမြင် ဆောင်သော အခေါင်သေဌ်နင်း သိကြားမင်းကြီး၏ တန်ခိုး ရှိန်ဝါ စက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတိုကို ဤ. . . မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

၁၀။ နဂါးအမျိုးမျိုး, ဂဠုန်အမျိုးမျိုး, ကုမ္ဘဏ်အမျိုးမျိုး, ဂန္ဓဗ္ဗအမျိုးမျိုး, မြေဘီလူး, ရေဘီလူး, တောဘီလူး, တောင်ဘီလူး, သူရဲ သား ဘက် တစ္ဆေ မြေဘုတ် ဘုတ် ပြိတ္တာ အမျိုးမျိုးတို့ကို အစိုးရပေ ကုန်သော ဓတရဋ္ဌ နတ်မင်းကြီး, ဝိရုဠ္ဟက နတ်မင်းကြီး, ဝိရူပက္ခ နတ်မင်းကြီး, ဝေဿဝဏ္ဏ နတ်မင်းကြီးတို့၏ တန်ခိုးရှိန်ဝါ စက် အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတိုကို ဤ-မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

၁၁။ ဤ. . . မြို့နယ်အတွင်း၌ ရှိနေကြကုန်သော တိုက်စောင့်နတ်, အိမ်စောင့်နတ်, မြို့စောင့်နတ်, မြေစောင့်နတ်, ရေစောင့်နတ်, ရုက္ခစိုး, ဘုမ္မစိုးနတ်မျိုး အပေါင်းတို့၏ တန်ခိုးရှိန်ဝါ စက်အာ ဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတိုကို ဤ-မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

၁၂။ ငါတို့မြန်မာနိုင်ငံနှင့်တကွ အိန္ဒိယတိုင်းအလုံးကို သိမ်းကျုံးပိုင်သ အစိုးရသော သတ္တမမြောက် ဧဒွက်ဘုရင် အင်္ဂလန်နိုင်ငံတော် အရှင် ကေရာဇ်မင်းမြတ်၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့် လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတိုကို ဤ-မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

၁၃။ ဘုရင်ဧကရာဇ်မင်းမြတ်၏ အမိန့်ကို ခံယူ၍ အိန္ဒိယတိုင်း အလုံးကို အုပ်ချုပ် စိုးမိုးတော်မူသော ပဉ္စမဘုရင်ခံချုပ် မင်းမြတ်၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတိုကို ဤ. . . မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

၁၄။ ဤမြန်မာနိုင်ငံကို အုပ်ချုပ်တော်မူသော ဒုတိယဘုရင်ခံမင်းမြတ်၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတိုကို ဤ. . . မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

၁၅။ တနင်္သာရီတိုင်းကို အုပ်ချုပ်တော်မူသော တနင်္သာရီ မင်းကြီး, ဤ. . . မြို့ကို အစိုးရတော်မူသော အရေးပိုင်မင်း, နယ်ပိုင်မင်း, မြို့ပိုင်မင်း, မြို့သူကြီးမင်းတို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုး သူရဲမျိုးတိုကို ဤ. . . မြို့တွင်းမှ ဝေးစွာအတင်း နှင်ထုတ်ကြကုန်ရမည်။

[ ဤတွင် ၁၂, ၁၃, ၁၄, ၁၅-အမှတ်တို့ကား ယခုအခါ၌ မလိုလှ၊ ခေတ်နှင့်ညီစွာ မိမိတို့ပြည်ပိုင် အစိုးရများနှင့် လိုက်လျောအောင် ပြင်ဆင်၍ အမိန့်စာတမ်း ပြုလုပ် ဖတ်ရွတ်ရမည်။]

ဤသို့ အတန်တန်အထပ်ထပ် အရပ်ရပ်သော နှင်ထုတ် ချက်များကို လေးစားမမူ မနာယူဘဲ မြို့ထဲ ရွာထဲ မြေထဲ ရေထဲ ရှောင်လွှဲ တိမ်းဖယ် ပုန်းကွယ်ခိုကပ်၍ နေကြသည်များကို တွေ့မြင်သိရှိ ကြသည်ရှိသော် စတုမဟာရာဇ် နတ်မင်းကြီး ၄-ပါးတို့၏ ကိုယ်စားလှယ် ကိုယ်စားဖြစ်ကုန်သော သာတာဂိရိ, ဟေမဝတ, အာဠဝက အစရှိကုန်သော နတ်စစ်သူကြီး အပေါင်းတို့အား တိုင်ကြားပြောဆိုပြီးလျှင် အရှိန်အခိုး

မိုးကြိုးလောင်မီးနှင့်တူသော မန္တန်မန္တရား, ဆေးဝါး, အင်းအိုင်တို့ဖြင့် အနိုင်အထက် နှိပ်စက်နှိမ်နှင်း၍ အတင်းနှင်ထုတ်ကြရမည်။

[မည်သည့်မြို့ရွာတွင်မဆို ကပ်ဥပဒ်အန္တရာယ် ပျောက်ကွယ် လွတ်ငြိမ်းရှိရန် စိမ်အားထုတ်လိုသော် မြို့ရွာရှိ လူအပေါင်းတို့သည် တညီတညွတ်တည်း စည်းလုံးတိုင်ပင်၍ ပရိတ်ရွတ်အသင်း, ဂုဏ်တော် ရွတ်အသင်း, ၂၄-ပစ္စည်းရွတ်အသင်း, သရဏဂုံရွတ်အသင်းများကို ဖွဲ့စည်း၍ အညီအညွတ် လမ်းစဉ်တလျှောက် ရွတ်ဖတ်ကြရမည်၊ တစ်စခန်း တစ်စခန်း အရပ်တွင် အရပ်တွင် အထက်ပါ နှင်ထုတ်စာ အမိန့်ကို ပြတ်ပြတ်သားသား ပြီပြီပြင်ပြင် ရွတ်ဖတ်တတ်သူ တစ်ယောက်က ရွတ်ဖတ်အမိန့် နှင်ထုတ်ပြန်ရမည်၊ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ကျယ်စွာသော အသံတို့ဖြင့် တစ်ပြိုင်နက် တီးမှုတ်စေရမည်။]

[. . . ရင်းအမှတ် ကွက်လပ်ကို တွေမြင်လျှင် မိမိနေထိုင်သော မြို့၏ အမည်ကိုတပ်၍ ဖတ်ဆိုကြရမည်။]

အမိန့်တော်ပြန်တမ်းပြီး၏။

---------

## နိဂုံး

ဤတွင်ရွှေ့ကား မော်လမြိုင်မြို့ကျိုက်သံလံတောင်ထိပ် အောင်လံတိုင် ဘုရားအနီးတွင် မောလမြိုင်မြို့သူ မြို့သားတို့ ဆောက် လုပ်သော အောင်လံတိုင်ဝါဆိုကျောင်း၌ သီတင်းဝါကပ်ဆို နေထိုင်စဉ်အခါ သုတ်ပါထေယျပါဠိတော် သင်္ဂါလောဝါဒသုတ်၌ ဆရာဖြစ်သူ တို့က တပည့်ဖြစ်သူတို့အား ပြုရသော ကျင့်ဝတ်တရား ၅-ပါး လာရှိသည်တွင် နောက်ဆုံးကျင့်ဝတ်တရား၌ **"ဒိသာသု ပရိတ္တာဏံ ကရောန္တိ"** ဟူ၍ ငါတို့ဘုရား ဟောကြားတော်မူသည်နှင့်အညီ "တပည့်ဖြစ်သူတို့အား သွားလေရာ နေလေရာ ၈-မျက်နှာ အရပ်တို့၌ ဥပဒ်အန္တရာယ် အကွယ် အကာ ဂါထာမန္တရား, ဆေးဝါး, အင်းအိုင်တို့ကို ဆရာဖြစ်သူများက သင်ကြား ပြုလုပ်ပေးရမည်ဟူသော ဘာသာကျင့်ဝတ်တရား" ထင်ရှားရှိ သည့်အတိုင်း ယခုအခါ ကမ္ဘာပေါ်မှာ ထိုထိုနိုင်ငံ မြို့ရွာတို့၌ ဖြစ်ပေါ်၍ နေသော ပလိပ်ရောဂါ, ဝမ်းရောဂါအစရှိသော ကပ်ရောဂါမျိုးတို့၏ အကြောင်းအရာများကို ကာကွယ်ရန် နည်းလမ်းများနှင့်တကွ ပြဆိုသော ကျမ်းဖြစ်၍ **ရောဂန္တရဒီပနီ** အမည်ရှိသော ဤကျမ်းစာသစ်သည် မြန်မာ သက္ကရာဇ် ၁၂၇၀-ပြည့်နှစ်၊ တော်သလင်းလဆုတ် ၁-ရက်နေ့တွင် အောင်မြင်ပြီးစီးသတည်း။

နိဂုံး ပြီး၏။

### ဤတွင် ရောဂန္တရဒီပနီကျမ်း ပြီး၏။

--------- ✳ ---------


မုံရွာမြို့ မဟာလယ်တီတိုက် ကျွန်းနေမှုအဖွဲ့
လယ်တီဆရာတော်ဘုရားကြီး
ပြုစုတော်မူသော
ရောဂန္တရဒီပနီ

# ဂေါဏသုရာဒီပနီ မာတိကာ


နွားတရားအကျဉ်းအဓိပ္ပါယ်

ပဋိညာဉ်

သုတ္တနိပါတ်လာအဓိပ္ပါယ်

နာရဒ ဇာတ်လာအဓိပ္ပါယ်

သရဘင် ဇာတ်လာအဓိပ္ပါယ်

တေမိယဇာတ်လာ အဓိပ္ပါယ်

နွားတရားအကျယ်အဓိပ္ပါယ်

သေအရက်တရား

နွားမြင်းပြိုင်ပွဲ တရား

လောင်းကစားပွဲကြည့်သူတို့ သတိပြုရန်

ကျက်မှတ်ရန် ပါဠိအနက်များ

အရိပ်နေလျက် အခက်မချိုးရ

နွားမေတ္တာစာ


ဂေါဏသုရာဒိဒီပနီ မာတိကာ ပြီးပြီ။

# ဂေါဏသုရာဒီပနီ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## နွားတရားအကျဉ်းအဓိပ္ပါယ်
## ပဋိညာဉ်

အထက် အောက် မြန်မာနိုင်ငံရှိ အမြို့မြို့အရွာရွာ ဗုဒ္ဓဘာသာဝင် ရှင်လူအပေါင်း သူတော်ကောင်းတို့အား ကြားသိကြစေရန် သုတ္တန်ပါဠိတော်အထွက် အနက်အဓိပ္ပါယ်တို့ကို ဖော်ပြလိုက်အံ့။

## သုတ္တန်ပါတ်လာအဓိပ္ပါယ်

### (၁)အမှတ်

လူတို့၏အကျိုးစီးပွားတို့ကို အမြဲနိစ္စ ဆောင်ရွက်ကြပေကုန်သောကျွဲ, နွားသတ္တဝါ အပေါင်းတို့သည် လူတို့ ၏ အမိနှင့်တူကုန်သည်၊ အဖနှင့်တူကုန်သည်၊ အစ်ကိုညီသား မောင်ဖွားတသင်း သားရင်းသမီးရင်း ဆွေရင်း မျိုးရင်းနှင့် တူကုန်သည်ဟူ၍ဟောတော်မူသည်။ [တစ်ရပ်]

### (၂)အမှတ်

လူအပေါင်းတို့သည် ကျွဲ, နွား သတ္တဝါတို့၏လုပ်စာ ထမင်း အာဟာရ အတွက်နှင့် အသက်ရှည်၍ တည်နေနိုင်ကြကုန်သည်ဖြစ်ရကား ကျွဲ, နွား သတ္တဝါတို့သည် အာယု, ဝဏ္ဏ, သုခ, ဗလ- ဟူသော ကောင်းကျိုးကြီး ၄-ပါးတို့ကို လူသတ္တဝါအပေါင်းတို့အား နေ့စဉ်ပေးအပ်ချီးမြှောက် ထောက်ပံ့ လျက်ရှိနေ ကြသည် ဟု ဟောတော်မူသည်။ [တစ်ရပ်။]

## (၃)အမှတ်

ကျွဲ, နွား သတ္တဝါတို့ကို လူသတ္တဝါတို့က မိဘ ဆွေမျိုးတို့နှင့် အတူ ကြည်ဖြူကြသောအခါ၌ သမ္မာဒေဝနတ် အပေါင်းတို့သည် လူသတ္တဝါတို့ကို ဆွေမျိုး ဉာတကာတို့နှင့် အတူ ကြည်ဖြူ လေးမြတ် စောင့်ကြပ်ကြည့်ရှုကြပေကုန်၏၊ လူတို့၌လည်း ကောင်း၊ ကျွဲ, နွား သတ္တဝါတို့၌လည်းကောင်း၊ ရောဂါဆိုး ကပ်ဥပဒ်မျိုးတို့ကို မပေါ်မပေါက်မကျရောက်နိုင်အောင် စောင့်ရှောက်ကြပေကုန် ၏ဟူ၍ ဟောတော်မူသည်။ [တစ်ရပ်။]

## (၄)အမှတ်

အကြင်အခါ၌ လူသတ္တဝါတို့သည် ကျွဲ, နွားသတ္တဝါမျိုးတို့၌ ကတညုတာ, မေတ္တာ, ကရုဏာ တရား နည်းပါးကြကုန် ၏၊ အဆမတန် စေစား ခိုင်းစေကြကုန်၏၊ ပြင်းထန်စွာရိုက် နှက်ညှဉ်းပန်းကြကုန်၏၊ သတ်ဖြတ် စားသောက်ကြကုန်၏။

ထိုအခါ၌ သမ္မာဒေဝ နတ်အပေါင်းတို့သည် လူသတ္တဝါတို့၌ မေတ္တာ, ကရုဏာတရား ကင်းရှင်းကြကုန်၏၊ ကိုယ်စောင့်နတ်တို့သည် ကိုယ်ကို မုန်းကြကုန်၏၊ အိမ်စောင့်နတ်တို့သည် အိမ်သူ အိမ်သားတို့ကို မုန်းကြကုန်၏၊ ရွာစောင့်နတ်တို့သည် ရပ်သူ ရပ်သားတို့ကို မုန်းကြကုန်၏၊ မြို့စောင့်နတ်တို့သည် မြို့သူ မြို့ သားတို့ကို မုန်းကြကုန်၏၊ တိုင်းစောင့်နတ်, ပြည်စောင့်နတ်တို့သည် တိုင်းသူပြည်သားတို့ကို မုန်းကြကုန်၏၊ ကြည့်ရှုခြင်း, စောင့်ရှောက်ခြင်းကို မပြုကြကုန်ပြီ။

ထိုအခါ၌ ဘီလူး, သဘက်စသော မိစ္ဆာနတ်ဆိုးတို့သည် အခွင့်ရကြကုန်၏၊ ရောဂါဆိုး အနာဆိုး ကပ်ဥပဒ်မျိုးတို့သည် လူတို့၌လည်းကောင်း၊ ကျွဲ, နွားသတ္တဝါတို့၌လည်းကောင်း၊ ပေါ်ပေါက်ကျ

ရောက်ကြကုန်၏ ဟူ၍ ဟောတော်မူသည်။ [တစ်ရပ်။]

[ ဤကား သုတ္တနိပါတ်ပါဠိတော်မြတ်၏ နိတတ္ထ, နေယျတ္ထ အနက် အဓိပ္ပါယ်တည်း။]

## နာရဒ ဇာတ်လာအဓိပ္ပါယ်

## (၅)အမှတ်

ကျွဲ, နွားသတ္တဝါတို့ကို အရွယ်ရှိစဉ်အခါ၌ ကောင်းစွာ မွေးမြူမှု၊ မေတ္တာ, ကရုဏာ အလိမ္မာတို့နှင့် တိုင်းတာ၍စေစား ခိုင်းစေမှုတို့ကို ပြုပြီး၍ အရွယ်လွန်သောအခါ၌ အစာရေစာ ဝစွာကျွေးမွေး၍ ပင်စင်အငြိမ်းစားချမ်းသာစွာ ထားရမည်ဟူ၍ နာရဒဇာတ်ပါဠိတော် မြတ်၌ ဟောတော်မူသည်။

[ဤကား နာရဒဇာတ် ပါဠိတော်မြတ်၏ နိတတ္ထ, နေယျတ္ထ အနက် အဓိပ္ပါယ်တည်း။]

## သရဘင်္ဂ ဇာတ်လာအဓိပ္ပါယ်

## (၆)အမှတ်

လူဖြစ်သောသူတို့မှာ လူတို့၏ဆိုင်ရာဖြစ်သော၅-ပါးသောသိက္ခာပုဒ်, ရဟန်းဖြစ်သော သူတို့မှာ ရဟန်းတို့၏ ဆိုင်ရာဖြစ်သော ၂၂၇-ပါးသောသိက္ခာပုဒ်တို့ကို လုံခြုံစွာ စောင့်ထိန်း၍ ကိုယ်အမှု, နှုတ်အမှု စင်ကြယ်မှုသည် သီလနှင့် ပြည့်စုံသော သီလဝန္တ၏ ပဓာနအင်္ဂါတည်း။

လူဖြစ်စေ, ရှင်ဖြစ်စေ သူတစ်ပါးတို့အား အသိအလိမ္မာ ပညာ တိုးပွားအောင် တရားကျမ်းဂန်နှင့် ညီညွတ်စွာ ပြောဟောပြသ ဆုံးမ သွင်သင်နိုင်ခြင်းသည် ပဏ္ဍိတ-ဟုဆိုအပ်သော ပညာရှိ၏ ပဓာန အင်္ဂါ တည်း။

မိမိကိုယ်၌ သူတစ်ပါးပြုဖူးသော ကျေးဇူးဂုဏ်ကို မမေ့ မပျောက် တတ်စွမ်းသလောက် ထင်ရှားအောင် ပြုနိုင်ခြင်း, ဂုဏ်ရှိသောသူတို့၏ ဂုဏ်ကို ကြည်ညိုချီးပင့်နိုင်ခြင်းသည် သပ္ပုရိသ-ဟုဆိုအပ်သော သူတော်ကောင်း၏ ပဓာနအင်္ဂါတည်း။

ဤပဓာန အင်္ဂါနှင့်တကွ နူးညံ့ပျော့ပျောင်း စိတ်နှလုံးကောင်းသည်ကို သူတော်ကောင်းဆိုသည်။

## ဗုဒ္ဓဘာသာ သာသနာ၌

၁။ ဝိနည်း ပိဋကတော်သည် သီလဝန္တ၏ ပဓာန အင်္ဂါတည်း။

၂။ အဘိဓမ္မာပိဋကတော်သည် ပညာရှိ၏ပဓာန အင်္ဂါတည်း။

၃။ သုတ္တန်ပိဋကတော်သည် သူတော်ကောင်း၏ညပဓာန အင်္ဂါတည်း။

ဤလောက၌ အချို့သောသူတို့သည် သီလဝန္တသာဖြစ်ကုန်၏၊ ပညာရှိ မဟုတ်ကုန်၊ သူတော်ကောင်း မဟုတ်ကုန်။

အချို့သောသူတို့သည် ပညာရှိသာဖြစ်ကုန်၏၊ သီလဝန္တ မဟုတ်ကုန်၊ သူတော်ကောင်း မဟုတ်ကုန်။

အချို့သောသူတို့သည် သူတော်ကောင်းဆိုရကုန်၏၊ သီလဝန္တ မဟုတ်ကုန်၊ ပညာရှိ မဟုတ်ကုန်။

အချို့သောသူတို့သည် သီလဝန္တ, ပညာရှိ ဖြစ်ကုန်၏၊ သူတော်ကောင်း မဟုတ်ကုန်။

အချို့သောသူတို့သည် သီလဝန္တ, သူတော်ကောင်းဖြစ်ကုန်၏ ပညာရှိ မဟုတ်ကုန်။

အချို့သောသူတို့သည် ပညာရှိ, သူတော်ကောင်းဆိုရကုန်၏၊ သီလဝန္တ မဟုတ်ကုန်။

အချို့သောသူတို့သည် သီလဝန္တ, ပညာရှိ, သူတော်ကောင်းအင်္ဂါ ၃-မျိုးနှင့် ပြည့်စုံကုန်၏။

အချို့သောသူတို့သည် သီလဝန္တ, ပညာရှိ, သူတော်ကောင်းအင်္ဂါ ၃-မျိုးလုံးမှ ကင်းကုန်၏၊

အင်္ဂါ ၃-မျိုးလုံး နှင့် ညီညွတ်သောလူကား အလွန်ရှား၏။

[ဤကား သရဘင်္ဂဇာတ် ပါဠိတော်မြတ်၏ နိဂုတ္ထ, နေယျတ္ထ အနက် အဓိပ္ပါယ်တည်း။]

## တေမိယဇာတ်လာ အဓိပ္ပါယ်

## (၇)အမှတ်

အကြင်သစ်ပင်၏အရိပ်၌ ခို၍ထိုင်ဖူး၏၊ အိပ်ဖူး၏၊ ထိုသစ်ပင်သည် ထိုသူ၏ ကျေးဇူးရှင် မိတ်ခင်ပွန်းဖြစ်၏၊ ထိုသူသည် ထိုသစ်ပင်ကို မကောင်းသောစိတ်ဖြင့် အကိုင်းအခက်ကိုမျှ မချိုးရာ၊ ချိုးခဲ့သော် ခင်ပွန်း ပြစ်မှားရာရောက်၏၊ သူတော်ကောင်း အင်္ဂါပျက်၏-ဟူ၍ တေမိယ ဇာတ်ပါဠိတော်မြတ်၌ ဟောတော်မူ၏။

အသက်မရှိသောသစ်ပင်ကို ခုတ်ချိုင်ချိုးဖျက်၍ အကုသိုလ် အစစ် မဖြစ်သော်လည်း ကတညုတာ-ဟူသော သူတော်ကောင်းအင်္ဂါကို အသက်မရှိသော သစ်ပင်မှာပင် မပျက်စေရ၊ အလွန်အလေးပြုထိုက် သော အင်္ဂါဖြစ်၏၊ အလေးမပြုခဲ့သော် အသက်မရှိသော သစ်ပင် အတွက်နှင့်ပင် သူတော်ကောင်း လက္ခဏာပျက်၏၊ သူယုတ်မာ လက္ခဏာ

သက်၏၊ အသက်ရှိသော သတ္တဝါတို့အတွက်မှာ ဆိုဖွယ်ရာ မရှိဟု ပါဠိတော်၏ အဓိပ္ပါယ်ကို ဖော်ဆိုရမည်။

[ဤကားသုတ္တန်ပါဠိတော်တို့၏ အနက်အဓိပ္ပါယ်ကို ဖော်ပြချက်တည်း။]

## မဟာဗောဓိဇာတ်လာ အဓိပ္ပါယ်
## (၈)အမှတ်

မဟာဗောဓိဇာတ်တော်၌ ခတ္တဝိဇ္ဇာဒိဋ္ဌိခေါ်သော မိစ္ဆာဒိဋ္ဌိ တစ်မျိုးလာရှိ၏၊ အကြင်သစ်ပင်၏ အရိပ်၌ခို၍ အိပ်ဖူး၏၊ ထိုင်ဖူး၏၊ အကျိုးတစ်ပါး ရှိမည်ဖြစ်ခဲ့သော် ထိုသစ်ပင်ကို အမြစ်ပါ တူးဖြို ဖျက်ဆီးရာ၏-ဟု မိစ္ဆာဒိဋ္ဌိ တစ်မျိုးလာ၏၊ အကျိုးတစ်ပါး ရှိမည်ဆိုလျှင် **[ဘ၏နဖူးမှာ သိုက်တူးရာ၏]**ဟူသော လောကစကားများသည် ထိုဒိဋ္ဌိမျိုးမှလာသော စကားတည်း။

**ကတညုတာပုဒ်၌ -ကတ**-ဆိုသည်ကား ပြုဖူးသော ကျေးဇူးမှု ပေတည်း။

**ထိုကျေးဇူးမှုသည်-**

၁။ ဂုဏ်ရှိသောသူက ပြုဖူးသောကျေးဇူးမှု,

၂။ ဂုဏ်မဲ့သောသူက ပြုဖူးသော ကျေးဇူးမှု,

ဟူ၍ ၂-မျိုးရှိ၏။

ဤလောက၌ အချို့သောသူတို့သည် ဂုဏ်ရှိသောသူက ပြုဖူး သောကျေးဇူးဖြစ်ခဲ့အံ့၊ တစ်ကျပ်တန်မျှကိုပင် တစ်ရာတန်, တစ်ထောင် တန်ပြု၍ ပြောဆိုလေ့ရှိကြကုန်၏၊ ဂုဏ်မရှိသောသူက ပြုဖူးသော ကျေးဇူးဖြစ်ခဲ့အံ့၊ တစ်ရာတန်, တစ်ထောင်တန်ကိုပင် တစ်ကျပ်တန်မျှမှ မပြောချင်ရှိကြကုန်၏၊ အလောင်းအလျာမဟုတ်သော လူနုတ်လူဖွဲ

လူစဉ်းလဲတို့၏ လမ်းတည်း။

ဂုဏ်ရှိသောသူ၏ ကျေးဇူးဖြစ်ခဲ့အံ့၊ တစ်ကျပ်တန်ကို တစ်ဆယ်တန်မက, တစ်ရာတန်မကပြု၍ ပြောဆိုနိုင်ရာ၏၊ ဂုဏ်မဲ့သောသူ၏ ကျေးဇူးဖြစ်ခဲ့အံ့၊ တစ်ကျပ်တန်ကို တစ်ထောင်တန်မက, တစ်သောင်းတန်မကပြု၍ ပြောနိုင်ရာ၏၊ ကျွတ်တမ်းဝင်ကြသော သူတော်ကောင်းသူမြတ်လောင်းတို့၏ လမ်းပေတည်း။

နွားတရားအကျဉ်း အခဓိပ္ပါယ်ပြီး၏။

---------

## နွားတရားအကျယ်အဓိပ္ပါယ်

## ၁။ အမှတ်အကျယ်ပြဆိုချက်

ဖွားမြင်စ ကာလ၌ အမိ၏ ဝါးဖတ်ထမင်းကို မျိုရသောနေ့မှစ၍ ကျွဲ, နွား သတ္တဝါတို့သည် လူတို့အား တစ်နေ့, တစ်နေ့လျှင် ၂-ကြိမ် ၂-ကြိမ် အသက်ဇီဝကို ပေးကြပေကုန်၏၊ ထိုနေ့မှစ၍ လူတို့သည် ကျွဲ, နွားတို့၏ အသက်နှင့် အသက်ရှည်ကြကုန်၏၊ ဆန်စပါးပေါများသည့် အတွက် သူဌေး, သူကြွယ် ဘုရားတည် , ကျောင်းဆောက် ချမ်းသာ မြောက်အောင် ကျွဲ, နွားတို့သည် လူတို့အား စည်းစိမ်ချမ်းသာ ဥစ္စာဓနတို့ကို နှစ်စဉ်ထာဝရ လုပ်ဆောင်၍ပေးကြပေကုန်၏။

## ကျွဲ, နွားကျေးဇူး

ဤသို့ဆိုလျှင် လူသတ္တဝါတို့အား ကျွဲ, နွားတို့၏ ကျေးဇူးသည် အလွန်ကြီးကျယ်လှ၏၊ အမိကျေးဇူး, အဖကျေးဇူးနှင့် အလားတူ၏၊ **"မာတာပိတုဂုဏော အနန္တော"** ဆိုသကဲ့သို့ **"ဂေါမဟိံသ ဂုဏော**

**အနန္တော**” ဟုအနန္တတစ်ပါး ဆိုထိုက်၏၊ မျက်မြင်ဒိဋ္ဌပေတည်း၊ ထို့ကြောင့် “ကျွဲ, နွားတို့သည် လူတို့၏ အမိနှင့်တူကုန်သည်၊ အဖနှင့် တူကုန်သည်” ဟု ၁-ဂဏန်းအမှတ်မှာ ပါဠိတော်အနက်ကို ပြဆိုခဲ့ပေသတည်း။

ဤ ၁-ဂဏန်းအမှတ်၌ “အစ်ကိုညီသား မောင်ဖွားတစ်သင်း သားရင်း သမီးရင်း ဆွေရင်း မျိုးရင်းတို့နှင့် တူကုန်သည်” ဟု ဟောတော်မူရာ၌ ထိုဆွေရင်း မျိုးရင်းတို့ကို မိမိကိုယ်တိုင် နှိပ်စက်ညှဉ်းပန်း ပြုလုပ်သည်ကို သိရမြင်ရလျှင်ပင် မခံမရပ် နိုင်ရှိကြ၏၊ ထိုဆွေရင်းမျိုး ရင်းတို့ကို မိမိကိုယ်တိုင် သတ်နိုင်မည်ဝေးလေစွ၊ သူတစ်ပါးတို့သတ်သည်ကို သိရ, မြင်ရလျှင်ပင် မခံမရပ်နိုင်ရှိကြ၏။

## နှိုင်းယှဉ်ချက်

ထို့အတူ ကျွဲ, နွားသတ္တဝါတို့လည်း မိမိကိုယ်တိုင် ညှဉ်းဆဲနှိပ်စက်နိုင်မည်ဝေးစွ၊ သူတပါးတို့ညှဉ်းဆဲနှိပ်စက် သတ်ဖြတ်သည်ကို ကြားသိရလျှင်ပင် ရင်ထုမနာ မသက်သာကြီး ဖြစ်ကြမြဲ ရှေးအရိုးအစဉ်ရှိသည်ကိုလည်းကောင်း၊ သူတစ်ပါးသတ်ဖြတ်၍ထားသော ဆွေရင်းမျိုးရင်းတို့၏ အသားကိုတွေ့လျှင် စားသောက်လိုသော တဏှာရာဂဖြစ်နိုင်မည်ဝေးစွ၊ မမြင်ဝံ့ဘဲ နှလုံးကွဲမျှ သဲစွာငိုရလိမ့် မည်ဖြစ်သကဲ့သို့ သတ်၍ထားသော နွားသား ကျွဲသားများကို တွေ့မြင်ရလျှင် စားသောက်လိုသော တဏှာရာဂဖြစ်နိုင်မည်ဝေးစွ၊ ရင်ထုမနာ မသက်သာကြီး ဖြစ်ကြမြဲ ရှေးအရိုးအစဉ် ရှိသည်ရှိသည်ကိုလည်းကောင်း၊ ထိုပါဠိတော်၌ ပြတော်မူ ပေ၏။

၁-အမှတ် အကျယ်ပြဆိုချက် ပြီး၏။

[၂-အမှတ်အကျယ်မှာအထူးပြဘွယ်မရှိ၊ အကျဉ်းမျှဖြင့် သိသာပြီ။]

## ၃-အမှတ်အကျယ်ပြဆိုချက်

သူတော်ကောင်း၏ ပဓာနအင်္ဂါ ကတညုတာတရားကို နတ်, သိကြားတို့ အလွန်အလေးပြုကြကုန်၏၊ အမိအဖတို့နှင့် အလားတူ မျက်မြင်ဒိဋ္ဌ ကျေးဇူးဂုဏ်ကြီးကျယ်လှသော ကျွဲ, နွားသတ္တဝါတို့ကို သတ်နိုင်ကြ သောသူ, ကျွဲ, နွားသတ္တဝါတို့၏ အသားကို စားသောက်နိုင်ကြသောသူတို့၌ ကတညုတာဟူသော သူတော်ကောင်းတရား ပျက်ပြားမှုသည် အလွန်နက်နဲလှ၏၊ ထို့ကြောင့် "ကျွဲ, နွား သတ္တဝါတို့၏ အသားကို စားသောက်ကြသော လူတို့ကို သမ္မာဒေဝနတ်တို့သည် အလွန်မုန်းကြကုန်သည်" ဟု **၄-ဂဏန်း**အမှတ်မှာ ပြဆိုခဲ့ပေသည်။

## မင်းမဲ့တိုင်းပြည်

လောက၌ အစိုးရမင်းတို့ မရှိခဲ့လျှင် ထိုနိုင်ငံမှာ ခိုးသူ ဓားပြ သောင်းကျန်း၏၊ အစိုးရမင်းအုပ်ချုပ် လျက်ရှိသောအခါ ထိုထိုမြို့ ရွာ၌ ရှိနေသော လူဆိုးတို့သည် မခိုးသာ မတိုက်သာ ငြိမ်ဝပ်စွာ နေကြရကုန်၏၊ အစိုးရမင်း မရှိမူ၍ မင်းမဲ့တိုင်းပြည်ဖြစ်နေသောအခါ ထိုထိုမြို့ ရွာရှိ လူဆိုးသူဆိုးတို့သည် ထကြွသောင်းကျန်းကုန်၏။

## နှိုင်းယှဉ်ချက်

ထို့အတူ လူ့လောကကို သမ္မာဒေဝနတ်တို့ ကြည်ညိုလေးမြတ် စောင့်ကြပ်ကြည့်ရှု၍ နေကြသောအခါ လောက၌ရှိနေကြသော ဘီလူး, သဘက်အစရှိသော နတ်ဆိုး နတ်ဝါးတို့သည် မသောင်းကျန်းသာ၊ ငြိမ်ဝပ်စွာ နေကြကုန်၏၊ လူတို့ကို အလွန်မုန်းကြသဖြင့် သမ္မာဒေဝနတ်တို့ မကြည့်မရှု ပစ်ထားကြသောအခါ လောကနှင့် အပြည့် ရှိနေကြကုန်

သော ထိုနတ်ဆိုး နတ်ဝါးတို့သည် ထကြွသောင်းကျန်းကြကုန်၏၊ ထိုထို ရောဂါဆိုး အနာဆိုး ကပ်ဥပဒ်အမျိုးမျိုးတို့ကို ဖြစ်စေ၍ လူတို့၏ အဆီ အသွေး ကျွဲ, နွားသတ္တဝါတို့၏ အဆီအသွေးတို့ကို စားသောက်ကြကုန် ၏။

## အပြစ်ရောက်ပုံ

ထို့ကြောင့် ၄-ဂဏန်းအမှတ်၌ " ကိုယ်စောင့်နတ်, အိမ်စောင့် နတ်, ရွာစောင့်နတ်, မြို့စောင့်နတ် အစရှိ ကုန်သော သမ္မာဒေဝနတ် တို့သည် လူ့လောကကို မကြည့်မရှုကြကုန်သဖြင့် မိစ္ဆာနတ်ဆိုးတို့ ထကြွသောင်း ကျန်းကြကုန်သည့်အတွက် လူတို့၌လည်းကောင်း, ကျွဲ နွား သတ္တဝါတို့၌လည်းကောင်း ရောဂါဆိုး အနာဆိုးကပ်ဥပဒ်အမျိုးမျိုးတို့ ပေါ်ပေါက်ကျရောက်ရှိနေကြောင်း" ကို ပြခဲ့ပေသည်။

၃-အမှတ် အကျယ်ပြဆိုချက် ပြီး၏။

----------

## ၄-အမှတ် အကျယ်ပြဆိုချက်

ကျွဲ, နွားဖြင့် အသက်မွေးကြကုန်သော လယ်သမား, ယာသမား, လှည်းသမားတို့၌ ရရှိကြသောဥစ္စာဓနတို့မှ ထက်ဝက်ထက်ဝက်သော ဥစ္စာဓနတို့သည် ကျွဲ, နွားတို့အား ထိုက်တန်ကုန်၏၊ လယ်ယာမှ စပါး လုပ်ခွန် တစ်ရာထွက်လျှင် လူနှင့် ကျွဲ, နွား ၅၀-စီ ထိုက်တန်၏၊ လှည်းတိုက်ရာမှ ငွေဒင်္ဂါးတစ်ကျပ်ရခဲ့လျှင် လူနှင့် ကျွဲ, နွား ၅-မူးစီ ထိုက် တန်၏၊ အိပ်ရာနေရာ ကောင်းစွာထား၍ အစာရေစာ ဝစွာကျွေးမွေး၍ အားခွန်ဗလနှင့် တိုင်းတာ၍ နံနက်ခင်း ညနေခင်း၌ ဖြည်းညှင်း သာယာ မောင်းနှင်၍ မိမိအစ်ကို ညီသားကဲ့သို့ မေတ္တာ, ကရုဏာတရားနှင့်

ခိုင်းစေကြကုန်မှသာလျှင် ကျွဲ, နွားတို့အတွက် တစ်ဝက်သော ဥစ္စာကို သုံးစားထိုက်ကြကုန်၏၊ ထို့အတူ အရွယ်လွန်သော ကျွဲ, နွားတို့ကို မစေမခိုင်း မရောင်းမချပဲ ပင်စင်အငြိမ်းစား ချမ်းသာစွာ ထားနိုင်ကြကုန်မှသာ ကျွဲ, နွားတို့ကြွေးမြီမှ ကင်းလွတ်ကြကုန်ရာ၏။

## အပြစ်ရောက်ပုံ

ထိုကြောင့် ၅-ဂဏန်းအမှတ်၌ ပင်စင်အငြိမ်းစား ဒေသနာကို နာရဒဇာတ်တော်မှ ထုတ်ဖော်၍ ပြခဲ့ပေသည်၊ ဆိုခဲ့တိုင်းမပြုပဲ ကျွဲ, နွားတို့အား ထိုက်သောအဖို့ကို သုံးစားသော သူတို့မှာ ကျွဲ, နွား သတ္တဝါတို့၏ သံသရာကြွေးသည် တင်ရှိ၏၊ သံသရာကြွေးမည်သည် အဆထောင်, သောင်း တိုးပွား၏၊ သံသရာမရှိသော ဗာလပါပ ဒုဿီလတို့၏ လက်သို့ရောက်ကြရသော ကျွဲ, နွားသတ္တဝါများသည် ငရဲထိန်း, ငရဲခွေးတို့၏လက်သို့ ရောက်ကြရသော ငရဲသူ, ငရဲသားတို့နှင့် အလားတူပေ၏၊ ပညာ, သတိရှိကြစေကုန်။

၄-အမှတ်အကျယ်ပြဆိုချက်ပြီး၏။

------------

## ၅-အမှတ်အကျယ်ပြဆိုချက်

တစ်ကြိမ်တစ်ခါမျှ အရိပ်ခို၍ ထိုင်ဖူး အိပ်ဖူးသော အသက်မရှိသော သစ်ပင်ကိုပင် အရိပ်ခိုခို အခက်ချိုးချိုး မပြုရာ၊ ပြုခဲ့လျှင် ခင်ပွန်းပြစ်မှားရာကျ၏၊ သူတော်ကောင်းလက္ခဏာ ပျက်၏ဟု ဟောတော်မူသော တရားတော်သည် ဗုဒ္ဓဘာသာမှာ နေ-လ အသွင် အလွန်ထင်ရှားလျက် ရှိသောကြောင့် လူတို့၏အသက်သခင်, စည်းစိမ်သခင် အရှည်ထာဝရ ဖြစ်ကုန်ကြ၍ မြင့်မိုရ်တောင်ကြီးအသွင် ထင်ရှားသော ကျေးဇူး

ဂုဏ်ရှိသော ကျွဲ, နွားတို့၏အသားကို မြိန်မြိန် ရှက်ရှက် နှစ်နှစ် သက်သက် စားသောက်နိုင်ကြသော သူတို့မှာ ကတည်းတာ-ဟူသော သူတော်ကောင်းအင်္ဂါကြီး အပျက်ကြီးပျက်၏၊ ကျွဲ, နွားသတ္တဝါတို့က လူတို့အား နေ့စဉ် အသက် ကိုပေးကြပေကုန်၏၊ လူတို့ကကျွဲ, နွားသတ္တဝါ တို့အား နေ့စဉ်အသက် သေဘေးကြီးကို ပေးကြကုန်၏၊ သတ္တန္တရကပ်ကြီးကို ဖြစ်စေကြကုန်၏။

## သတ္တန္တရကပ်

သတ္တန္တရကပ်ဆိုသည်ကား- ရှမ်းပြည် ရှမ်းရွာတို့နှင့်တကွ အထက်နိုင်ငံ, အောက်နိုင်ငံတို့၌ တစ်နေ့တစ်နေ့လျှင် သတ်နွားကောင်ရေပေါင်း တစ်ထောင်ကြထား၍ ရေတွက်သည်ရှိသော် တစ်လ-တစ်လမှာ နွားပေါင်း သုံးသောင်း-သုံးသောင်း သေဆုံး၏၊ တစ်နှစ်တစ်နှစ်မှာ နွားပေါင်း သုံးသိန်း ခြောက်သောင်း-သုံးသိန်း ခြောက်သောင်း သေဆုံး၏၊ ၁၀-နှစ်-၁၀-နှစ်မှာ နွားပေါင်း သုံးသန်းခြောက်သိန်း-သုံးသန်း ခြောက်သိန်း သေဆုံး၏။

[ဤကားမြန်မာနိုင်ငံမှာ ကျွဲ, နွားသတ္တဝါတို့၌ သတ္တန္တရကပ်ကြီး နေ့မစဲညမစဲ တိုက်၍နေပုံတည်း၊ ကျွဲနွားတို့အပေါ်၌ ဓားမိုးလှံမိုးကြီး နေ့မစဲ-ညမစဲ ရွာ၍နေပုံတည်း။]

ကြေးငွေပေး၍ စားကြသူတို့၏ ကြေးငွေများသည် နွားသတ်ကုမ္ပဏီတို့ လက်သို့ရောက်သောအခါ သတ်နွား ဝယ်ယူရန် အရင်းနှီး ဖြစ်၏၊ ထိုငွေကြေးများနှင့် ကျွဲ, နွားတို့ကို ဝယ်ယူ၏၊ စားသူရှိ၍ သတ်သူရှိသည် အမှန်ဖြစ်၏၊ စားသူတို့က ကြေးငွေပေးကြ၍ နွားသတ်ရုံ တည်နိုင်သည် အမှန်ဖြစ်၏၊ ရှမ်းပြည် ရှမ်းရွာတို့နှင့်တကွ အထက် အောက်မြန်မာနိုင်ငံ၌ နွားသတ်ရုံပေါင်း တစ်ထောင်မက များပြား၏၊

တစ်နှစ်တစ်နှစ်လျှင် နွားကောင်ရေပေါင်း အသိန်းများစွာသေဆုံး၏၊ ဝယ်၍ စားသူတို့၏ ငွေကြေးနှင့် သေဆုံးရသော အမှုအမှန်ဖြစ်၍ တစ်နိုင်ငံလုံးမှာ ဤနွားသတ္တဝါတို့၌ နေ့မစဲ ညမစဲ တိုက်၍ နေသော သတ္တန္တရကပ်ကြီးသည် နွားသားစားသူတို့က ထူထောင်၍ ထားကြသော ကပ်ဥပဒ်ကြီးပင်ဖြစ်သတည်း။

ကျွဲ, နွားသတ္တဝါတို့က လူသတ္တဝါတို့ကို ဒုဗ္ဘိက္ခန္တရကပ်ကြီး မထိမခိုက်ရအောင် အမြဲစောင့်ရှောက်၏၊ လူသတ္တဝါတို့က ကျွဲ, နွား သတ္တဝါတို့ကို နေ့မစဲ-ညမစဲ သတ္တန္တရကပ်ကြီးနှင့် အတွင်တိုက်သတ်၏၊ တစ်နေ့တစ်နေ့လျှင် နွားသတ္တဝါပေါင်း အထောင်မက သေဆုံးရှာကြ၏။

၅-အမှတ် အကျယ်ပြဆိုချက် ပြီး၏။

----------

## ၆-အမှတ်အကျယ် ပြဆိုချက်

ဝိနည်းတော်၌ နွားသား ကျွဲသားကို မစားအပ်ဟု ပညတ်တော် မရှိ၊ ရဟန်းတော်တို့အဖို့ သတ်သည်ကိုမြင်မှု, ကြားမှု, ယုံမှားမှု မရှိ၍ တိကောဋိ ပရိသုဒ္ဓဖြစ်ခဲ့သော် နွားသား ကျွဲသားကို စားအပ်၏၊ အာပတ်မရှိရုံမျှနှင့် သူတော်ကောင်းအင်္ဂါ ပြည့်စုံသေးသည် မဟုတ်၊ ဝိနည်းတော်မည်သည် အလွန်ရုန့်ရင်းသော ကာယကံ, ဝစီကံတို့ကိုသာ ပယ်၏၊ စတုပါရိသုဒ္ဓိသီလ ၄-မျိုးတို့တွင် ပါတိမောက္ခသံဝရသီလ တစ်မျိုးသာ လုံခြုံ၏၊ ကြွင်းသော ပါရိသုဒ္ဓိသီလ ၃-မျိုးတို့သည်မူကား သုတ္တန်ဒေသနာတော်နှင့် ညီညွတ်မှ လုံခြုံကုန်၏။

# ရဟန်းနှင့် သီလဝန္တ, ပဏ္ဍိတအင်္ဂါ

စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံရုံရှိသောသူသည် သီလဝန္တ အင်္ဂါနှင့် ပြည့်စုံရုံရှိသောသူသည် သီလဝန္တအင်္ဂါနှင့် ညီညွတ်ရုံသာ ရှိသေး၏၊ ကတညုတ-ကတဝေဒီ အစရှိသော မနောကံအရာဖြစ်သော စိတ်နှလုံး ကောင်းမှု သပ္ပုရိသအင်္ဂါ လိုသေး၏၊ အဘိဓမ္မာကျမ်းဂန်တတ်၍ ဓမ္မဝိနိစ္ဆယဉာဏ်နှင့် ပြည့်စုံရုံရှိသောသူသည် ပဏ္ဍိတအင်္ဂါနှင့် ညီညွတ် ရုံသာရှိသေး၏၊ ပြဆိုခဲ့ပြီးသော သပ္ပုရိသအင်္ဂါ လိုသေး၏။

## အကျယ်ပြဆိုချက်

ဤလောက၌ အချို့သော ရဟန်းသည် ဝိနည်းတတ်၏ သိက္ခာ ပုဒ်ကိုအလေးပြု၏၊ သီလဝန္တဖြင်၏၊ စိတ်နှလုံးကြမ်း၏၊ မာန ခက်ထန်၏၊ ဆရာကိုတော်လွန်၏၊ ဆင်းရဲသော အမိအဖကိုလုပ် ကြွေးတမူ မပြု၊ မြည်တွန်ငေါက်ငန်းလေ့ ရှိ၏၊ ပညာရှိတစ်ပါး၏ဂုဏ် ကိုပြုစု၏၊ ပုတ်ခတ် ၏၊ ကုလမဒ္ဒေရ, လာဘမဒ္ဒေရ, ဝဏ္ဏမဒ္ဒေရ အားကြီး ၏၊ ပညာမဲ့၍ သဒ္ဓါလွန်သူ လူတို့ကြည်ညိုဖွယ်ဖြစ်သော အပေါ်ရံ အမူအရာတို့ကို တံခွန်ပြု၍ ဘုန်းတန်ခိုး လာဘ်လာဘကို အားထုတ်၏၊ ပါတိမောက္ခသီလ တစ်စိတ်နှင့်ပြည့်စုံသည်ဖြစ်၍ သီလဝန္တသာဆိုရ၏၊ “**ကရဏီယမတ္ထကုသလေန**”အစချီသော မေတ္တာသုတ်ပရိတ်တော် ဒေသနာတော် များနှင့် အလွန်ဝေးကွာလျက်ရှိသောကြောင့် ရဟန်းသူတော်ကောင်း မဟုတ်သေး၊ ပဏ္ဍိတအင်္ဂါနှင့်ပြည့်စုံလျက် စိတ်နှလုံး ကြမ်းတမ်းခြင်း, မာနခက်ထန်ခြင်း စသည်ရှိနေသော ရဟန်းကိုလည်း ပညာရှိရဟန်းဟူ၍ ဆိုရ၏၊ ရဟန်းသူတော်ကောင်း မဟုတ်သေး။

## လူနှင့် သီလဝန္တ, ပဏ္ဍိတအင်္ဂါ

လူတို့၌လည်း အချို့သောသူသည် ၅-ပါးသီလကို စောင့်ထိန်း၍၊ ပါဏာတိပါတမှု၌ မိမိ၏ပယောဂကြောင့် သတ္တဝါတစ်ပါး သေဆုံးသော်လည်း မိမိက သေစေလိုသော စိတ်စေတနာမရှိခဲ့လျှင် ကံမမြောက် ဟုဆိုသောကြောင့် သတ္တဝါအများသေဆုံးရန် အခွင့်ကိုမြင်သော်လည်း သေစေလိုသောစိတ်စေတနာကို ရှောင်ကြဉ်၍ ကိစ္စတစ်ပါးကို အကြောင်းပြုသဖြင့် ထိုထိုပယောဂကိုပြု၏၊ အဘယ်သို့ ပြုသင့်သနည်း၊ မိမိလယ်တော၌ မြက်တို့ကို ရှင်းလင်းစေရန် အခွင့်ရှိ၏၊ ခြုံအမှိုက်တို့ကို ရှင်းလင်းစေရန် အခွင့်ရှိ၏၊ ပိုးမွှားတိရစ္ဆာန် အမြောက်အများ သေဆုံးမည်ကိုလည်းမြင်၏၊ ပိုးမွှားတိရစ္ဆာန်တို့ကို သေစေလို၍ ပြုသည်မဟုတ် မြက်ခြုံ အမှိုက်တို့ကို ရှင်းလင်းစေလို၍ပြုပါသည်ဟု မီးတိုက်လေ၏၊ အသိန်း, အသန်း, ပင်သေသော်လည်း ထိုသူမှာ ကံမမြောက်၊ ပါဏာတိ-ပါတ သိက္ခာပုဒ်မပျက်၊ ဒုဿီလမဖြစ် သီဝလန္တပင်ဖြစ်၏၊ မီးတိုက်မှုပယောဂကို ငါပြုလိုက်သည်ရှိသော် ပိုးမွှားတိရစ္ဆာန် အမြောက်အမြား ကေန်သေလိမ့်မည်ဟု သိမြင်လျက်နှင့် ကရုဏာ မရှိသည့်အတွက် မီးတိုက်နိုင်လျက်ရှိသောကြောင့် ထိုသူကို သူတော် ကောင်းဟူ၍ကား မဆိုရ။

အချို့သောသူတို့သည် ၅-ပါးသီလကို လုံခြုံစွာထိန်းသိမ်း၏၊ ဆင်းရဲသော မိဘကိုပစ်ထား၏၊ မိဘကို အရိုအသေမရှိ၊ လုပ်ကျွေး တာမှုမပြု၊ ပညာရှိကို ပုတ်ခတ်၏၊ မျက်နှာကြီးငယ်လိုက်၏၊ အောက်လူကို နှိပ်စက်၏၊ ထိုသူသည် ၅-ပါးသီလ လုံခြုံသည်ဖြစ်၍ သီလဝန္တဟုတ်၏၊ ကတညုတာစသော သူတော်ကောင်းအင်္ဂါ မရှိသောကြောင့် သူတော် ကောင်း ဟူ၍ကား မဆိုရ။

# တိကောဋိ ပရိသုဒ္ဓ

လူတို့က ငွေကြေးပေး၍ နွားသား, ကျွဲသားတို့ကို စားကြသည့်အတွက် နွားသတ်ရုံပေါင်း တစ်ထောင်မက တည်ရှိ၍ နေ့မစဲ ညမစဲ ကျွဲ, နွားသတ္တဝါပေါင်း သိန်းသောင်းများစွာ သေကျေပျက်စီး၍ နေသည်ကို ကြောင်ကြောင်ကြီး သိမြင်ကြပါကုန်လျက် ငွေကြေးကို အတွင်ပေး၍ အတွင်စားသောက်၍ နေကြသောသူတို့မှာ တိကောဋိ ပရိသုဒ္ဓ ရှိနေသည့်အတွက် သီလကား မပျက်၊ မြက်ခြုံအမှိုက်တို့ကို မီးတိုက်သောသူနှင့် အလားတူကြကုန်၏၊ ကတညုတာ, ကရုဏာ ဟူသောသူတော်ကောင်းတရားနှင့် အလွန်ဝေးကွာလျက်ရှိကြ၏၊ စားမှုပယောဂထက် အမဲကုန်သည် ကုမ္ပဏီတို့အား ငွေကြေးပေးမှုသည် သာ၍နက်နဲ၏၊ ထိုငွေကြေးကြောင့် နွားသတ်ရုံတွေ နေ့-ရှည် လ-ရှည် တည်နေသည်အမှန်ဖြစ်၏၊ ထိုငွေကြေးကြောင့် တစ်နေ့တစ်နေ့လျှင် နွားပေါင်း ထောင်, သောင်း နေ့မစဲ-ညမစဲ အမြဲသေ၍နေသည် အမှန်ဖြစ်၏၊ သီလဝန္တလယ်လုပ် ယောက်ျား၏ မီးဘေးကြောင့် ပိုးမွှား တိရစ္ဆာန် သတ္တဝါပေါင်း အသိန်းအသောင်း သေဆုံးရသည်နှင့် အလားတူ၏၊ ဝိနည်း ပညတ်တော်မည်သည် သဗ္ဗညုတမြတ်စွာဘုရားတို့၏ အာဏာမှုကြီးဖြစ်၏၊ လွန်ကျူးသောသူတို့မှာ အာဏာဝီတိက္ကမန္တရာယ်ကြီးထိုက်၏၊ ရဟန်းတို့မည်သည် လူတို့လှူဒါန်းရာကို စားသောက်ကြရကုန်သည်ဖြစ်၍ လူတို့နှင့် အိုးစားမကွဲသာ ရှိကြကုန်၏။

# အာဏာဝီတိက္ကမန္တရာယ်

လောက၌ သက်သတ်ရှောင်သောလူမျိုး, နွားသား, ကျွဲသား ရှောင်သော လူမျိုးနည်းပါး၏၊ အာပတ်ကိုပညတ်ခဲ့သည်ရှိသော် မရှောင်

နိုင်သူတို့မှာ အာဏာဝီတိက္ကမန္တရာယ်မှ အလွန်များပြားရာ၏၊ ရှောင်သူတို့မှာ လူတို့နှင့်အိုးစားကွဲလျက်ရှိသောကြောင့် စားရေး, သောက်ရေး အသက်မွေးမှု ကြပ်တည်း၍နေရာ၏။

## ဝေဖန်ချက်

ထို့ကြောင့် ဝိနည်းတော်၌ အာပတ်ကို ပညတ်တော် မမူပေသတည်း၊ ဒုစရိုက် ၁၀-ပါးတို့တွင် သီလ၏နယ်သည် ကာယဒုစရိုက်ကြမ်း, ဝစီဒုစရိုက်ကြမ်းတို့ကိုသာ ခြုံမိ၏၊ မနောဒုစရိုက်သို့ မရောက်၊ သုတ္တန်၌ ဒေသနာသည် မနောဒုစ္စကို ခြုံမိ၏၊ မနောဒုစရိုက် ကင်းရှင်းမှ သူတော်ကောင်း ပြီ၏၊ ကတညုတာတရား, ပြဟ္မစိုရ်တရားတို့သည် မနောဒုစရိုက် ကင်းရှင်းသူမှာမှ ဖြစ်နိုင်ကြကုန်၏။

[ထို့ကြောင့် ၆-ဂဏန်းအမှတ်မှာ သီလဝန္တအင်္ဂါ, ပဏ္ဍိတအင်္ဂါ သူတော်ကောင်းအင်္ဂါ ဟု ပဓာနအင်္ဂါ တခြားစီဖြစ်ကြောင်း ပြဆိုခဲ့ပေသတည်း၊ ပညာ, သတိရှိကြစေကုန်။]

၆-အမှတ် အကျယ်ပြ ဆိုချက်ပြီး၏။

--------------

## ၇-၈-အမှတ်အကျယ် ပြဆိုချက်

မိမိကိုကျွေးမွေးသောသူ၏ ဂုဏ်ကျေးဇူးကို တိရစ္ဆာန် သတ္တဝါတို့ပင် သိကြကုန်၏၊ ရိုင်းစိုင်းလှသော တောတိရစ္ဆာန်တို့သည်ပင်လျှင် ကျွေးမွေးသောသူကို ယဉ်ကြကုန်၏၊ ခင်မင်ကြကုန်၏၊ ကျေဇူးသိကြကုန်၏၊ ကျွဲသား, နွားသားကို စားသောက်ကြသောသူတို့သည် မိမိတို့ကို နေ့စဉ်ကျွေးမွေးကြပေကုန်သော ကျွဲ, နွား သတ္တဝါမျိုးတို့ကို မယဉ်နိုင်ကြ ကုန်၊ မခင်မင်နိုင်ကြကုန်၊ ကျေးဇူးမသိနိုင်ကြကုန်၊ အံ့ဩဖွယ်ကြီး ကောင်းလှ၏။

မိမိကို ကျွေးမွေးသူ၌ ဖြစ်ပွားတတ်သော ကတညုတ တရား၊ မေတ္တာ, ကရုဏာ တရားများသည် ရိုင်းစိုင်းလှစွာသော ခွေးသော့, သစ်, ကျား, မြွေ, နဂါးစသော တောတိရစ္ဆာန်တို့မှာပင် တည်ရှိကြကုန်၏၊ ရွာတိရစ္ဆာန်တို့၌ ဆိုဖွယ်မရှိ၊ ဗုဒ္ဓဘာသာဆိုသူ လူတို့၌ ထိုတရား ၃-ပါး မကပ်နိုင်ရှိနေသည်ကား အလွန်အံ့ဩဖွယ် ကောင်းလှ၏၊ ကျွဲ, နွားတို့၏လုပ်စာ ထမင်းအာဟာရကို စားသောက်ကြသူတို့မှန်လျှင် ကျွဲ, နွားသတ္တဝါမျိုးတို့၌ ထိုတရား ၃-ပါး အမြဲတည်ထိုက်လှ၏။

## ကတညုတ တရား

ကတညုတတရားသည် သဒ္ဓါနည်းပါး၍ အမိုက်တရား အားကြီးသူတို့၌ ဂုဏ်ရှိ, ဂုဏ်မဲ့သို့လိုက်၍ လှုပ်ရှားတတ်၏၊ ဂုဏ်ရှိ၍နေသောသူ ပြုသောကျေးဇူးမှုမှာ တစ်မတ်တန်ကို တစ်ရာတန်ပြောချင်တတ်၏၊ ထို့ထက် ဂုဏ်ရှိပြန်လျှင် တစ်မတ်တန်ကို တစ်ထောင်တန် ပြောချင်တတ်၏၊ ကျေးဇူးပြုသူဂုဏ်ကြီးလေလေ, ကျေးဇူးလုံးကြီးလေလေ, ဖော်ချင်လေလေဖြစ်၏။

ဂုဏ်မရှိသောသူပြုသော ကျေးဇူးမှာ တစ်ရာတန်ကို တစ်မတ်တန်မျှပြောချင်၏၊ ထိုအောက် ဂုဏ်မဲ့ပြန်လျှင် တစ်ထောင်တန်ကိုတစ်မတ်တန်မျှပြောချင်၏၊ ပြောမှုမပြောချင်ဘဲသော်လည်း ရှိတတ်၏၊ ကျေးဇူး ပြုသူဂုဏ်မဲ့လေလေ ကျေးဇူးကိုချေဖျက် ရှုတ်ချလေလေဖြစ်၏၊ လူ့အလယ်၌ ကျေးဇူးဖေါ်မည်ကိုပင် စိုးရိမ်၏၊ ကျေးဇူးပြုဖူးသူ ယခုမှုပြစ်ရောက်သည် ပျက်စီးသည်ဆိုလျှင် မိမိအိမ်သို့ လာမည်ကိုပင် ကြောက်ကြ၏၊ လမ်းမှာတွေ့ရမည်ကိုပင် စိုးရိမ်၏၊ သေ၍သွားပြီဆိုလျှင် ဝမ်းမြောက်၏၊ အဘယ့်ကြောင့်နည်းဆိုသော် ကျေးဇူးဆပ်ရမည်ကို စိုးရလျက်ရှိသောကြောင့်တည်း။

ကျွဲ, နွားတို့၏ အနန္တ ကျေးဇူးများကိုမူကား တစ်ပဲတန်မျှ မမြင်ကြကုန်ပြီ၊ အဘယ်ကြောင့်နည်းဆိုသော် ဂုဏ်မရှိသောကြောင့်လည်းကောင်း, ပြန်လှန်၍ မပြောတတ် မဆိုတတ်သောကြောင့်လည်းကောင်းတည်း၊ ဤသို့လျှင် ကတညုတတရားသည် သဒ္ဓါနည်းပါး၍ အမိုက်တရား အားကြီးလှသော လူတို့၌ လှုပ်ရှား၏၊ ဂုဏ်ရှိ, ဂုဏ်မဲ့သို့ လိုက်၍ စောက်ထိုးကျွမ်းပြန် မှောက်လှန်တိမ်းစောင်း၏၊ ထိုသို့ လှုပ်ရှားတတ်သောကြောင့် မလှုပ်မရှား ထက်ကြောင်းကို ထင်ရှားစေခြင်း၊ “**ယဿ ရုက္ခဿ ဆာယာယ**”အစရှိသည်ဖြင့် အသက်မရှိသော သစ်ပင်၏ ကျေးဇူးကိုပင် မချေဖျက်ထိုက်, မရှုတ်ချထိုက်ကြောင်းကို အလောင်းတော် ပညာရှိကြီးတို့သည်လည်းကောင်း၊ မြတ်စွာဘုရားတို့သည်လည်းကောင်း၊ ဟောတော်မူကြပေကုန်သည်။

လောကကျေးဇူးမျိုးတို့တွင်လည်း အသက်ကိုမွေးမြူ၍ပေးသော ကျေးဇူးသည် အကြီးကျယ်ဆုံးဖြစ်၏၊ ထို့ကြောင့် လူတို့၌ နွားတို့၏ ကျေးဇူးကို, အမိကျေးဇူး, အဖကျေးဇူးနှင့် အလားတူပြု၍လာပေသည်၊ ထိုကဲ့သို့ကြီးကျယ်လှသော အသက်သခင် စည်းစိမ်သခင်မျိုး ဖြစ်ကြရာကုန်လျက် ကျွဲရှင်, နွားရှင်ဖြစ်သူ လူတို့သည် မိမိတို့အိမ်မှာ နှစ်ရှည်လများ ခိုင်းစေ၍လာခဲ့သော ကျွဲ,နွားတို့၏အသားကိုပင် စားနိုင်ကြကုန်၏၊ တိရစ္ဆာန်သတ္တဝါတို့မှာပင်ရှိကြသော ကတညုတ တရားတည် ထိုသူတို့မှာ မရှိကြကုန်၊ သဒ္ဓါတရား နည်းပါးမှု, အမိုက်တရား အားကြီးမှုသည် ဤမျှလောက် နက်နဲ၏၊ အသားကို စားနိုင်ကြသည်ကို မျိုနိုင်ကြသည်ကို မြင်သဖြင့် ကျွဲ, နွားတို့၌ မေတ္တာ, ကရုဏာ မရှိကြကြောင်း ထင်ရှား၏၊ မေတ္တာ, ကရုဏာမရှိကြသည်ကိုမြင်သဖြင့် ကတညုတ တရားမရှိကြကြောင်းထင်ရှား၏။

## မေတ္တာ, ကရုဏာစိတ်

အကယ်၍ကတညုတစိတ် ကပ်လာသည်ဖြစ်အံ့၊ မေတ္တာစိတ် ကရုဏာစိတ် ဧကန်ကပ်လာလတ္တံ့။ အမိအသား, အဖအသားနှင့် အတူ စိတ်မှာထင်မြင်လာ လတ္တံ့၊ အစ်ကို, ညီသား, သားရင်း, သမီးရင်းတို့၏ အသားနှင့်အတူ စိတ်မှာထင်မြင်လာလတ္တံ့၊ စားနိုင် မျိုနိုင်မည်ဝေးစွ၊ နှစ်ရှည်-လများ ခိုင်းစေ၍ မိမိတို့မှာ ခံစံ၍လာခဲ့သော ကျွဲ, နွား၏ ကျေးဇူး ဟောင်းတွေ စိတ်ထဲမှာ ပေါ်၍လာသဖြင့် ဝမ်းနည်းပက်လက် မျက်ရည် စက်နှင့် လက်နှင့်မျှ မတို့ချင် မမြင်နိုင် မရှုနိုင်ဖြစ်လာလတ္တံ့၊ ထိုသို့မဖြစ် လာ သမှု၍လာခဲ့သော ကျွဲ, နွား၏အသားကို လှီးဖြတ် စဉ်းခုတ် ချက်ပြုတ် ကြော်လှော်၍ မြိန်ရှက်နှစ်သက်စွာ စားနိုင်ကြသော သူတို့၌ သေဆုံး ရာသော ကျွဲ,နွားတို့၏ အနန္တဂုဏ်ကျေးဇူးသည် တစ်မှုးတန်မျှ မပေါ် လာပြီ၊ တဏှာအမိုက်တွင်းမှာ မြုပ်ဆုံးလေတော့သည်၊ အရိပ်ခို ဖူးသော သစ်ပင်၏ ကျေးဇူးကိုပင် မတိမ်ကောစေရဟု ပြခဲ့သောဒေသနာနှင့် ထောက်စာ၍မြော်လိုက်လျှင် ထိုသူတို့၌ ကတညုတတရား လျှပ်ရှားမှု အလွန်နက်နဲလှ၏။

၈-ဂဏန်းအမှတ်မှာ ပြခဲ့သော အကျိုးတစ်ပါး ရှိမည်ဆိုလျှင် **[ဘ၏နဖူးမှာ သိုက်တူးရာ၏]** ဟူသော ခတ္တဝိဇ္ဇာဒိဋ္ဌိ အယူရှိသော လူမျိုးတို့နှင့်ထပ်တူကြလေ၏၊ ကတညုတတရား မလျှပ်ရှားနိုင်အောင် ဟောကြားတော်မူသော ဒေသနာတော် အလိုအားဖြင့်မူကား မိမိတို့၌ ကျွဲ, နွားတို့၏ ကျေးဇူးသည် အဘယ်မျှလောက်ကြီးသည်ဟု အကုန် မြော်ရှု၍ထားပြီးလျှင် ဤမျှလောက် ကျေးဇူးကိုပြုပေသောသူသည် ဂုဏ်ရှိသောသူဖြစ်ခဲ့အံ့။ ငါသည် ထိုသူ၏ ကျေးဇူးကို အဘယ်မျှလောက် တင်လိမ့်မည်နည်း၊ ထိုသူ၌ မေတ္တာတရား, ကရုဏာတရား အဘယ်မျှ

လောက် တင်လိမ့်မည်နည်း၊ ထိုသူကို သူတစ်ပါးတို့ နှိပ်စက်ညှဉ်းပန်း ပြုခဲ့သော်, သတ်ဖြတ်ခဲ့သော် အဘယ်မျှလောက် ကြင်နာလိမ့်မည်နည်း၊ သတ်၍သေသော အလောင်းကိုလည်းကောင်း, လှီးဖြတ် ခုတ်စဉ်း၍ ထားသော ထိုသူ၏ အသားပုံ အသားစုကိုလည်းကောင်း တွေ့မြင်ရသော် အဘယ်မျှလောက် ကြင်နာစိတ် ရှိမည်နည်း-ဟု ဆင်ခြင်စဉ်းစား၍ ကျွဲ, နွားတို့မှာ ထို့ထက် အဆထမ်းပိုးသာသော ကတညုတစိတ်၊ မေတ္တာ, ကရုဏာစိတ်ကို ခိုင်မြဲစွာ ထားရာ၏၊ ဤသို့ထားနိုင်မှ **“ယသ္မိရက္ခသ ဆာယာယ”** ဟူသော သူတော်ကောင်းအင်္ဂါနှင့် ကောင်းမွန်စွာ ညီညွတ်ရာသတည်း။

[ထို့ကြောင့် ၇-၈ဏန်း အမှတ်မှာ ထိုဂါထာ၏ အဓိပ္ပါယ်ကို အကျယ်ပြထားခဲ့ပေသတည်း၊ သတိရှိကြစေကုန်]

## တဏှာရာဂ သတ္တိ

ခွေးသား, ကြီးသားတို့၌ စားစ မရှိသည့်အတွက် မစင်ကိုစား သည်ဟု စက်ဆုပ်၏၊ စားစ ရှိသည့်အတွက် မစင်ကိုစားသော ဝက်သား ကြက်သားတို့၌ မြိန်ရှက်ကြ၏၊ ထို့အတူ စားစမရှိသည့်အတွက် လူသား၌စက်ဆုပ်ကြ၏၊ စားစ ရှိသည့်အတွက် နွားသား, ကျွဲသားတို့၌ မြိန်ရှက်ကြ၏၊ စားစ ရှိခဲ့မူ လူသား၌လည်း မြိန်ရှက်ကြကုန်လတ္တံ့၊ စားစ ရှိခဲ့လျှင် မိမိ၏ အမိအသား , အဖအသား၌ပင် မြိန်ရှက်ကြကုန်လတ္တံ့၊ မိမိ၏သားသမီး၏ အသား၌ပင်မြိန်ရှက်ကြကုန်လတ္တံ့၊ စားစ ရှိခဲ့လျှင် မစင်ခွေး ပုပ်တို့၌ပင် မြိန်ရှက်ကြကုန်လတ္တံ့၊ တဏှာ, ရာဂတရားမည် သည် ဤမျှလောက် ယုတ်ကန်းညစ်ညမ်း၏၊ တဏှာ, ရာဂတရား မည်သည် စည်းကမ်းရှိသော တရားမျိုးမဟုတ်၊ ပေါက်လွှတ် အလို

လိုက်ခဲ့လျှင် ခွေး, ဝက်တို့၏ တဏှာရာဂနှင့် ထပ်တူဖြစ်၍ သွားလတ့်၊ ခွေး, ဝက်တို့၌ ညစ်ညမ်းမှုသည် တဏှာ, ရာဂ၏ အတတ်ပင်တည်း၊ တဏှာ, ရာဂကို ပေါက်လွှတ် အလိုမလိုက်ကြကုန်ရာ၊ ကတညုတာ မင်္ဂလာတရားကို ပွားများ၍ နွားသား, ကျွဲသားတို့၌ မြိန်ရှက်နိုင်သော တဏှာ, ရာဂတရားကိုဝေးစွာ ရှောင်ခွါကြကုန်ရာ၏။

## ကတညုတာမင်္ဂလာ ပွားများပုံ

**ယထာ မာတာ ပိတာ ဘာတာ၊**
**အညေ ဝါ ပိစ ဉာတကာ။**

ဟူသော သုတ္တနိပါတ် ပါဠိတော်၌ ဟောတော်မူလျက်ရှိ၏၊ အသက်သခင် စည်းစိမ်သခင်ဖြစ်ပေ၍ ကျွဲ, နွားတို့သည် လူတို့၏ အမိနှင့်တူကုန်၏၊ အဖနှင့်တူကုန်၏၊ လူတို့သည် အမိ, အဖအသားကို စားနိုင်ကြကုန်လျှင် ကျွဲ, နွားတို့၏အသားကို စားနိုင်ကြကုန်ရာ၏၊ အမိ, အဖတို့၏အသားကို မစားနိုင်ကြကုန်လျှင် ကျွဲ, နွားတို့၏ အသားကိုလည်း မစားနိုင်ကြကုန်ရာ။

မည်သူသည် အမိ, အဖတို့၏ အသားကို စားသည်ဟု ကြားသိရလျှင် လူမဟုတ်၊ ဘီးလူး သားဘက် ခွေး, ဝက်, တိရစ္ဆာန်တကား ဟု တံတွေး ထွေးကြကုန်လတ္တံ့၊ ထို့အတူ ကျွဲသား, နွားသားကို စားသည်ဟု ကြားသိရလျှင်ပင် လူမဟုတ်၊ ဘီလူး သားဘက် တကားဟု တံတွေး ထွေးထိုက်ကုန်၏၊ အဘယ့်ကြောင့်နည်းဆိုသော် အမိ, အဖတို့လည်း အသက်သခင်၊ ကျွဲ, နွားတို့လည်း အသက်သခင်မျိုးဖြစ်ကြကုန်သော ကြောင့်တည်း။

မည်သူသည် အစ်ကိုညီသားတို့၏ အသားကိုစားသည်, နှမ ပေါက်ဖော်တို့၏ အသားကိုစားသည်, မိမိ၏သားသမီးတို့၏ အသားကို စားသည်ဟု ကြားသိရလျှင် ထို့အတူ တံတွေး ထွေးကြကုန်လတ္တံ့၊ ကျွဲ, နွားတို့၏အသားကို စားသည်ဆိုလျှင် ထို့အတူ တံတွေးထွေးထိုက်ကုန်၏၊ အဘယ့်ကြောင့်နည်းဟူမူ အစ်ကို ညီသား နှမ ပေါက်ဖော် သားသမီး တို့လည်း အလွန်ချစ်ခင် ကြင်နာအပ်သော သူတို့ဖြစ်ကြကုန်၏၊ ကျွဲ, နွားတို့ကိုလည်း အလွန်ချစ်ခင်ကြင်နာ အပ်သောသူတို့ ဖြစ်ကြပေကုန် သောကြောင့်တည်း။

[ကတညုတာ မင်္ဂလာတရားပွားများပုံကို ၁-ဂဏ္ဍန်းအခိပ္ပါယ် အမှတ်၌လည်း ဖော်ဆိုခဲ့ပေပြီ။]

## ညွှန်ကြားချက်

ဤသို့အစရှိသည်ဖြင့် ကျွဲ, နွားသတ္တဝါတို့၌ ကတညုတာ မင်္ဂလာ တရားကို မျက်မြင်ဒိဋ္ဌ ညာဏ်ရှိသမျှ ပွားများ၍ ကျွဲသား, နွားသားတို့၌ စွဲလမ်းသောတဏှာကို ဝေးစွာရှောင်ခွါကြကုန်ရာ၏၊ သုတ္တနိပါတ် ပါဠိတော်, တေမိယဇာတ်ပါဠိတော်, နာရဒဇာတ်ပါဠိတော်များကို ထိုကျမ်းဂန်များမှာ ကြည့်ရှု၍ယူကြလေကုန်။

၇-၈-အမှတ်အကျယ်ပြဆိုချက်ပြီး၏။

နွားတရားအကျယ် အခိပ္ပါယ်ပြီး၏။

-------------

# သေအရက်တရား

## အကျဉ်းချုပ်စကား

သေရည်သေရက်တရားကို အတန်ငယ်ပြဆိုအံ့။

**သုရာပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယ သံဝတ္တနိကံ တိရစ္ဆာနယောနိ သံဝတ္တနိကံ ပေတ္တိဝိသယ သံဝတ္တနိကံ၊ ယောစ သဗ္ဗလဟုကော သုရာပါနဿ ဝိပါကော၊ သော ဥမ္မတ္တကသံဝတ္တနိကော။**

[ ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်။]

ဘိက္ခဝေ=ရဟန်းတို့၊ သုရာပါနံ=သုရာပါန ကံသည်၊ အာသေ ဝိတံ= ထုံအပ်သည်ရှိသော်၊ နိသေဝိတံ=မှီဝဲအပ်သည်ရှိသော်၊ နိရယ သံဝတ္တနိကံ=ငရဲ၌ဖြစ်စေတတ်၏၊ တိရစ္ဆာနယောနိ သံဝတ္တနိကံ=တိရစ္ဆာန် မျိုး၌ဖြစ်စေတတ်၏၊ ပေတ္တိဝိသယ သံဝတ္တနိကံ=ပြိတ္တာဘုံ၌ ဖြစ်စေ တတ်၏၊ သဗ္ဗလဟုကော=အလုံးစုံတို့အောက် အပေါ့ဆုံးဖြစ်သော၊ သုရာပါနဿ=သုရာပါနကံ၏၊ ယော ဝိပါကော=အကြင်ဝဋ်ဝိပါက် အကျိုးသည်၊ အတ္ထိ=ရှိ၏၊ သောဝိပါကော=ထိုဝဋ်ဝိပါက်အကျိုးသည်၊ ဥမ္မတ္တက သံဝတ္တနိကော=အရူးအမျိုးမျိုး, အရိုင်းအမျိုးမျိုး, အကြမ်း အမျိုးမျိုး, အနှမ်းအမျိုးမျိုးကိုဖြစ်စေတတ်၏။

[ပါဠိတော်အနက် ]

**သုရာပါနကံ၏ အကျိုးသည်-**

၁။ ပဋိသန္ဓေအကျိုး,
၂။ ပဝတ္တိအကျိုး,

ဟူ၍ ၂-ပါးရှိ၏၊ အပါယ်အကျိုး, ဝဋ်ဝိပါက်အကျိုး ဟူ၍လည်း

ဆိုရ၏၊ ထို-၂-မျိုးတို့တွင်-

အပါယ်အကျိုးကိုပြတော်မူခြင်းငှာ-

**“နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိ သံဝတ္တနိကံ ပေတ္တိ ဝိသယသံဝတ္တနိကံ”**

**ဟူ၍ဟောတော်မူ၏။**

[ဤပါဠိတော်၌ အသုရကာယ်ဘဝသည် ပြိတ္တာဘဝ၌ အတွင်းဝင်၏ အပါယ် -၄-ပါး၌ ဖြစ်စေတတ်၏ဟူလိုသည်။]

ဝဋ်ဝိပါက်အကျိုးကို ပြတော်မူခြင်းငှာ-

**“ယော စ သဗ္ဗလဟုကော သုရာပါနဿ ဝိပါကော၊ သော ဥမ္မတ္တက သံဝတ္တနိကော”**

ဟူ၍ဟောတော်မူ၏။

[သုရာပါနကံ၏ ဝဋ်ဝိပါက် အကျိုးကား အရူးအမျိုးမျိုး, အရိုင်းအမျိုးမျိုး, အကြမ်းအမျိုးမျိုး, အနှမ်းအမျိုးမျိုးကို ဖြစ်စေတတ်၏ ဟူလိုသည်]

## ပဋိသန္ဓေအကျိုး

ထို ၂-မျိုးသော အကျိုးတို့တွင် သုရာပါနကံသည် အပါယ်အကျိုးကို အဘယ်သို့ဖြစ်စေတတ်သနည်းဟူမူကား အကုသိုလ်ကံသစ်တို့ကိုဖြစ်စေသောအားဖြင့်လည်းကောင်း, အကုသိုလ်ကံဟောင်းတို့ကို အခွင့်ပေးသော အားဖြင့်လည်းကောင်း အပါယ်အကျိုးကို ဖြစ်စေတတ်၏။

## အကုသိုလ်ကံသစ်

သုရာပါနကံသည် အကုသိုလ် ကံသစ်တို့ကို အဘယ်သို့ ဖြစ်စေတတ်သနည်းဟူမူကား သုရာပါနကံသည် လောဘ, ဒေါသ, မောဟ

ဟူသော အမိုက်တရားတို့ကို လွန်စွာပွားစီးစေနိုင်၏၊ နီဝရဏ တရားတို့ကို လွန်စွာပွားစီးစေနိုင်၏၊ လူမှန်းသူမှန်း မသိအောင် အလွန်နက်နဲသော အမူးအယစ် အညစ်မှုတို့ဖြင့် စိတ်ကို လောင်ကျွမ်းစေ၏၊ ထိုတရားတို့သည် မနောဒုစရိုက်တရားတို့တည်း၊ သေရည် သေရက် မူးယစ်လျက် ပြုအပ်သော ကိုယ်အမူအရာ ဟူသမျှတို့သည် ကာယဒုစရိုက်တို့သာတည်း၊ သေရည်သေရက် မူးယစ်လျက်ပြောဆိုသော စကားတို့သည် ဝစီဒုစရိုက်တို့သာတည်း။

သေရည်သေရက် ချိုးစွဲသောသူ၏ ကိုယ်အမူအရာ, နှုတ် အမူအရာ, စိတ်အမူအရာတို့သည် ယေဘုယျအားဖြင့် ဒုစရိုက်အမှု တို့သာတည်း၊ တနေ့ထက်တနေ့ အပါယ်ဝန်, သံသရာဝန်လေး၍ သွားတော့သည်၊ သေလွန်သောအခါ၌ ထိုဒုစရိုက်တို့တွင် တစ်ခုခုသော ဒုစရိုက်သည် ဇနကကိစ္စနှင့်အကြီးအမျူးဖြစ်၍ ကြွင်းသော ဒုစရိုက်တို့သည် အားပေးကူညီ ဖြစ်ကြကုန်၍ ထိုသူသည် အပါယ်ငရဲသို့ မလွဲနိုင်ပြီ၊ ဤသို့လျှင် သုရာပါနကံသည် အကုသိုလ်ကံသစ်တို့ကို ဖြစ်စေ၍ အပါယ်သို့ချတက်၏။

## အကုသိုလ် ကံဟောင်း

သုရာပါနကံသည် အကုသိုလ်ကံဟောင်းတို့ကို အဘယ်သို့ အခွင့်ပေးသောအားဖြင့် အပါယ်သို့ချနိုင် သနည်းဟူမူကား သံသရာ၌ ကျင်လည်၍ နေကြကုန်သော သတ္တဝါတို့အား သူတော်ကောင်းတရားနှင့် တွေ့ကြုံရသောဘဝ အလွန်နည်းပါးကြ၏၊ ဘဝတစ်ထောင်မှာ တစ်ခါတစ်ရံမျှ မတွေ့မကြုံကြရ၊ ဘဝတစ်သောင်းမှာ တစ်ခါတစ်ရံမျှ မတွေ့မကြုံကြရ၊ ဘဝတစ်သိန်းမှာ တစ်ခါတစ်ရံမျှ မတွေ့မကြုံကြရ၊ ဒုစရိုက် အမိုက်အမဲတို့နှင့်ကုန်ခဲ့သောဘဝတို့သာ အလွန်များကုန်၏၊ တစ်

ယောက် တစ်ယောက်သော သတ္တဝါ၏သန္တာန်မှာ အပါယ်ငရဲသို့ ပစ်ချရန် အကုသိုလ်ကံဟောင်းတို့သည် အသင့်ယျ အနန္တ ပါရှိ၍နေကြကုန်၏။

သုရာပါနမှုသည် ထိုအကုသိုလ်ကံဟောင်းတို့ကို အားပေးအားမြှောက် အထောက်အကူကြီးဖြစ်၏၊ အကုသိုလ်ကံဟောင်းတို့သည် အရပ်ရပ် အရွာရွာ၌ ရှိနေကြကုန်သော သူခိုး, ဓားပြတို့နှင့် အလားတူကြကုန်၏။

သုရာပါနံကံသည် တစ်ခုသော ရွာအလယ် ရပ်အလယ်၌ ရှိနေသော သူခိုးလက်ခံကြီး ဓားပြလက်ခံကြီး ရှိနေသမျှ ကာလပတ်လုံး သူခိုး, ဓားပြတို့သည် ထိုရွာ၌ ခိုးခွင့်တိုက်ခွင့် ကောင်းကောင်းရကြကုန်၏။

## နှိုင်းယှဉ်ချက်

ထို့အတူ သုရာပါနမှု ရှိနေသမျှကာလပတ်လုံး ထိုသတ္တဝါသန္တာန်မှာ အကုသိုလ်ကံဟောင်းတို့သည် အကျိုးပေးခွင့် ရကြကုန်၏၊ အပါယ်ငရဲသို့ ပစ်ချခွင့်ရကြကုန်၏၊ ထိုသတ္တဝါသန္တာန်မှာ ကုသိုလ်ကံဟောင်းတို့သည် လှုပ်ရှားခွင့် မရရှိကြကုန်၊ သုရာပါနမှုကို မစွန့်မူ၍ သေခဲ့သည်ရှိသော် ထိုသူသည် ဒုစရိုက်ကံဟောင်းတို့လက်မှ မလွတ်နိုင်ပြီ၊ ဧကန် အပါယ်ငရဲသို့ ကျရောက်လတ္တံ့၊ ဤသို့လျှင် သုရာပါနကံသည် အကုသိုလ်ကံဟောင်းတို့ကို အခွင့်ပေးသောအားဖြင့် အပါယ်ငရဲသို့ ပစ်ချတက်၏၊ အဘယ်မည်သော အပါယ်ငရဲသို့ ပစ်ချသနည်းဟူမူကား ရောရုဝငရဲကြီးသို့ ပစ်ချ၏။

ထိုရောရုဝ ငရဲကြီးသည်-

၁။ ဇာလရောရုဝငရဲကြီး

၂။ ဓုမရောရုဝငရဲကြီး

ဟူ၍ ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင်-

## ဇာလရောရုဝ ငရဲကြီး

ဇာလရောရုဝငရဲကြီးဆိုသည်ကား ငရဲကြီး ၈-ထပ်တို့တွင် စတုတ္ထ ငရဲကြီးပေတည်း၊ ထိုငရဲကြီးသည် ဇမ္ဗူဒီပါကျွန်း၏ အောက်၌ ဤလူ့ပြည်မှသည် ယူဇနာပေါင်း ၆-သောင်း ဝေးကွာသောအရပ်၌ ဇမ္ဗူဒီပါကဲ့သို့ ကျယ်ဝန်းစွာသော မြေဥမင်တွင်း၌ တည်ရှိ၏၊ ရဲရဲညီသော သံမြေပြင်ရှိ၏၊ ယဇ်မျိုးအပေါင်းတို့တွင် အရည်ယဇ်မျိုးတို့ကို သောက်မျိုကြကုန်သော သူတို့သည် သေသည်၏အခြားမဲ့၌ ထိုငရဲသို့ ကျရောက်ကြကုန်၏၊ ကိုယ်ကောင်တို့သည် တောင်ပမာဏရှိကြကုန်၏၊ ခံတွင်းပေါက် အစရှိကုန်သော ဒွါရကိုးပေါက်တို့သည် ချောင်းမြောင်း သဏ္ဌာန်ရှိကြကုန်၏၊ တောင်တွင်းသို့ စီးဝင်ကုန်သော ချောင်းရေ မြောင်းရေတို့ကဲ့သို့ မီးတောက်မီးလျှံနှင့်တကွကုန်သော သံပူရေတို့သည် ထိုဒွါရကိုးပေါက်တို့မှ ကိုယ်ခန္ဓာအတွင်းသို့ အမြဲစီးဝင်၍ နေကြကုန်၏၊ ထိုသတ္တဝါတို့သည် အနှစ်တစ်သိန်းစသည်ဖြင့် ပြင်းထန်လှစွာသော ဒုက္ခဝေဒနာတုံးကြီးဖြစ်၍ ခံနေကြရကုန်၏၊ ထိုငရဲသို့ ကျရောက်သောအခါမှစ၍ အသက်တစ်ခါရှူမျှ သက်သာရာ မရကြကုန်ပြီ။

[သေရည်သေရက် သောက်စားကြသူတို့သတိမူကြလေကုန်]

## ခုမရောရုဝ ငရဲကြီး

ခုမရောရုဝငရဲကြီးဆိုသည်ကား ထိုဇာလရောရုဝ ငရဲကြီးမှ အောက်၌ ယူဇနာတစ်သောင်း ငါးထောင် ကွာခြားသော မြေဥမင်ကြီး အတွင်း၌ ရဲရဲညီးသော သံမြေအပြင်ရှိ၏၊ ယဇ်မျိုး ၅-ပါးတို့တွင် ဘင်ဘိန်း စသော အခိုးအရှု ယဇ်မျိုးတို့ကို သောက်ရှုကြကုန်သော သူတို့သည် သေရည်၏အခြားမဲ့၌ ထိုငရဲသို့ကျရောက်ကြကုန်၏၊ ကိုယ်ကောင် တို့သည် တောင်ပမာဏရှိကြကုန်၏၊ ခံတွင်းအပေါက် အစရှိကုန်သော ဒွါရကိုးပေါက်တို့သည် ချောင်းမြောင်း သဏ္ဍာန်ရှိကြကုန်၏ တောင်သို့စီး ဝင် သော ချောင်းရေ, မြောင်းရေတို့ကဲ့သို့ အလျှံနှင့်တကွ အလွန်ပူလောင် ခါးငန်လှစွာသော အခိုးတို့သည် ထိုဒွါရ ၉-ပေါက်တို့မှ ကိုယ်ခန္ဓာ အတွင်းသို့ အမြဲစီးဝင်၍ နေကြကုန်၏ ထိုသတ္တဝါတို့သည် အနှစ် တစ်သိန်းစသည်ဖြင့် အလွန်ပြင်းထန်လှစွာသော ဒုက္ခဝေဒနာတုံး ကြီးဖြစ်၍ ခံနေကြရကုန်၏၊ ထိုငရဲသို့ကျရောက်သော အခါမှစ၍ အသက်တစ်ခါရှူမျှ သက်သာရာ မရကြကုန်ပြီ။

[ဘင် ဘိန်း သောက်ရှုသူတို့ သတိမူကြလေကုန်။]

[ဤကား 'နိရယသံဝတ္တနိကံ' ဟူ၍ ဟောတော်မူသော သုရာပါနကံ၏ ပဋိသန္ဓေအကျိုးကို ပြဆိုခန်းတည်း]

ပဋိသန္ဓေအကျိုး ပြီး၏။

-------------

## ပဝတ္တိ အကျိုး

ယခုအခါ ဝဋ္ဋဝိပါက် အကျိုးကို ပြဆိုအံ့၊ ဗုဒ္ဓဘာသာ လူမျိုးတို့မှာ ဒါန, သီလ, ဘာဝနာ တရားတို့ကို အားကိုးကြရကုန်၏၊ အဘယ်အကျိုးငှါ

အားကိုးကြရကုန်သနည်းဟူမူ နောင်ပွင့်တော်မူလတ္တံ့သော အရှင်မေတ္တေယျ မြတ်စွာဘုရားကြီးကို ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ရ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တရားတော်မြတ်ကို မချွတ်မလွဲ ဧကန် အမှန် ထုတ်ချောက် ရောက်ပါရခြင်းအကျိုးငှာ ဒါနကိုပြုကြရကုန်၏၊ ဥပုသ် သီလကို စောင့်ထိန်းကြရကုန်၏၊ အရှင်မေတ္တေယျ မြတ်စွာဘုရား၏ နောက်မှာ ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင် ကမ္ဘာတစ်သောင်းအတွင်း၌ ဘုရားပွင့်ခြင်း မရှိပြီ၊ သုညကမ္ဘာခေါ်သော ကမ္ဘာအမိုက်တောကြီးတွေ သွားတော့မည်၊ ယဇ်မျိုး ၅-ပါးကို မကြဉ်ရှောင်ကြသော သူတို့သည် မေတ္တေယျ မြတ်စွာဘုရားကို တွေ့မြင်ရလိမ့်မည်ဟု မထင်စားကြ ရကုန်ပြီ။

## ထင်ရှားစေအံ့

ထိုစကားကို ထင်ရှားအောင် ဖော်ပြအံ့၊ ယစ်မျိုး ၅-ပါးကို စားသောက်မှုမည်သည် မိမိတို့စိတ်ကို အရှုးတိုက်မှုသက်သက်, အရိုင်း တိုက်မှုသက်သက်, အနှမ်းတိုက်မှု သက်သက်, အကြမ်းတိုက်မှု သက် သက်သာဖြစ်၏၊ နေ့ရှည်ရက်များ ထုံ၍သွားသည်ရှိသော် ကိုသန္တာန်, စိတ်သန္တာန် ၂-ပါးတို့တွင် ကိုယ်သန္တန်တစ်ခုလုံးသည် ယစ်မျိုးတုံး ယစ်မျိုးခဲကြီးဖြစ်၍နေ၏၊ စိတ်သန္တာန်သည် မစင်ပုပ်တွင်းမှ ထွက်သော အခိုးကဲ့သို့ ယစ်မျိုးတုံး ယစ်မျိုးခဲကြီးမှ ထွတ်ရသည်ဖြစ်၍ အလွန်ညစ် ထေး၏၊ ကာမဂုဏ် အညစ်တွင်းသို့သာ ညွတ်ကိုင်း၏၊ ရင်တွင်း ဝမ်းတွင်းမှာ သေရည်ခိုး, သေရက်ခိုး, ဘင်းခိုး, ဘိန်းခိုး ပွက်ပွက် ဆူ၍ နေမှ စိတ်ကြည်၏၊ ရင်တွင်း ဝမ်းတွင်းမှာ ထိုအခိုး စဲခန် ရှိခဲ့လျှင် စိတ်နောက်၏၊ သေရည်သေရက်ကို အမြဲမှီဝဲသောသူတို့မှာ တစ်သက် လုံးပြု၍ထားသော ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်

တို့သည် သေရည်သေရက်မူးယစ်သောအခါ အကျိုးအာနိသင် ယုတ်ညံ့၍ ကုန်ကြကုန်၏၊ အဘယ်ကြောင့်နည်းဆိုသော် ထိုကုသိုလ်တို့သည် သွားလေရာရာ အစဉ်ပါ၍ ချမ်းသာအမျိုးမျိုးတို့ကို ပေးစေခြင်းငှါ စိတ်အစဉ်၌ အမွှမ်းတင်၍ထားကြသော အရည်ကောင်း, အရောင်ကောင်းတို့ပေတည်း။

## သေအရက်သောက်စားမှု

သေရည်သေရက် သောက်စားမှုသည်ကား စိတ်အစဉ်ကို အညစ်အညမ်းဖြစ်အောင် ဖျက်ဆီးမှုပေတည်း၊ စိတ်ကို အရှုးတိုက်မှုပေတည်း၊ အရိုင်းတိုက်မှုပေတည်း၊ အနှမ်းတိုက်မှုပေတည်း၊ အကြမ်းတိုက်မှုပေတည်း၊ စိတ်အစဉ်မည်သည် သတ္တဝါတစ်ယောက်၏ သန္တာန်မှာ ၂-စဉ် ရှိသည်မဟုတ်၊ ၁-စဉ်သာရှိ၏၊ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုတို့သည်လည်း ထိုစိတ်အစဉ်၌ ရှိနေရကုန်၏၊ သောက်သောက်သမျှသော သေရည်သေရက်မှုတို့သည်လည်း ထိုစိတ်အစဉ်ကို ဖျက်ဆီးကုန်၏၊ စိတ်ရှုး, စိတ်ရိုင်း, စိတ်နှမ်း, စိတ်ကြမ်းဖြစ်အောင် ပြုရသော မကောင်းမှုကြီးဖြစ်၏၊ ထိုကုသိုလ်ကောင်းမှုတို့သည် သေရည်သေရက်ဖျက်ဆီးမှုကြောင့် အကျိုးအာနိသင် ယုတ်ညံ့၍ ကုန်ကြကုန်၏။

# ယုတ်ညံ့ပုံ

ယုတ်ညံ့ပုံကား၊ **“ဥမ္မတ္တက သံဝတ္တနိကော”** ဟူသော ပါဠိတော်နှင့်အညီ သုရာပါန ဖျက်ဆီးမှုကြောင့် ထိုကုသိုလ်တို့သည် လူကောင်းဘဝ, နတ်ကောင်းဘဝကို မပေးနိုင်ကြကုန်ပြီ၊ လူ့ဘဝကိုရသော် လူရှုးလူနှမ်းဘဝကို ပေးကြကုန်၏၊ ချင်းရိုင်း, ကချင်ရိုင်း, ကရင်ရိုင်း ဗမာရိုင်း အစရှိသော လူရိုင်းဘဝကိုပေးကြကုန်၏၊ ထိုသူတို့သည် ထိုကုသိုလ်တို့

ကြောင့် တောသူတောင်သူ လူရိုင်းမျိုး လူကြမ်းမျိုး၊ သမုဒ္ဒရာအလယ် ကျွန်းငယ်သူ လူရိုင်းမျိုး လူကြမ်းမျိုးဖြစ်ကြကုန်၏၊ နတ်ဘ၀ကိုပေးသည် ရှိသော် သမ္မာဒေ၀နတ်ကောင်းဘ၀ကို မပေးနိုင်ကြကုန်ပြီ၊ နတ်ရူး၊ နတ်ရိုင်း၊ နတ်နှမ်း၊ နတ်ကြမ်းဘ၀ကိုသာ ပေးနိုင်ကြကုန်၏။

## နတ်ရူးနတ်ရိုင်း

နတ်ရူး၊ နတ်ရိုင်း၊ နတ်နှမ်း၊ နတ်ကြမ်းဆိုသည်ကား လောက၌ အစိမ်းသူရဲ သားဘက် တစ္ဆေ မြေဘုတ် ကျတ် အစရှိသည်တို့တည်း၊ သမုဒ္ဒရာအလယ် ကျွန်းငယ်တို့၌ ဘီလူးအမျိုးမျိုး၊ ရက္ခိုသ်အမျိုးမျိုး၊ ကုမ္ဘဏ်အမျိုးမျိုး၊ ဂန္ဓဗ္ဗနတ်ကြမ်းအမျိုးမျိုးတို့တည်း၊ ထိုသူတို့သည် ဤကဲ့သို့သော လူရိုင်းနတ်ရိုင်း၊ လူကြမ်းနတ်ကြမ်း ဘ၀တို့မှ တစ်ဖန် ရွေ့လျောကြကုန်သည်ရှိသော် အပါယ် ၄-ပါးတို့သို့ စုံးစုံးမြုပ်ကြလေကုန်တော့သည်၊ မေတ္တေယျမြတ်စွာဘုရားနှင့် အဝေးကြီး ဝေးကြကုန်တော့သည်၊ အကွာကြီး ကွာကြလေကုန်တော့သည်၊ ဤသို့လျှင် ယစ်မျိုး ၅-ပါးကို မရှောင်ကြဉ်ကြသော ဗုဒ္ဓဘာသာလူမျိုးတို့သည် မေတ္တေယျမြတ်စွာဘုရားကို တွေ့ကြလိမ့်မည်ဟု မထင်စားကြရကုန်ပြီ၊ မေတ္တေယျမြတ်စွာဘုရားနှင့်လွဲကြလျှင်လည်း နောက်သံသရာဒလဟော အမိုက်တော၌ မျောမြဲမျော မြုပ်မြဲမြုပ် မျောလေ မြုတ်လေတော့မည်၊

[ဤကား သုရာပါနကံ၏ ဝဋ္ဋဝိပါက်အကျိုးကို ပြဆိုခန်းတည်း။]

## ကိစ္စ ၂-ပါး

ယခုအခါ သုရာပါနမှုကို မှီဝဲမိကြကုန်သောသူတို့အား ထို အကုသိုလ်ခမ္မကို ပပျောက်စေခြင်းငှါ အားထုတ်ရန် နည်းလမ်းကို ပြဆို ပေအံ့။

# အားထုတ်ရန် ကိစ္စ

ကြည်ရှောင်သောနေ့မှစ၍ စိတ်သန္တာန်၌ သမာဓိနှင့်ဝိရတိတရား ကို နေ့စဉ်ပွားများစေခြင်းအကျိုးငှာ **"သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"** ဟူသော သိက္ခာပုဒ် ဆောက် တည်မှု ကို တစ်နေ့တစ်နေ့လျှင် အခါများစွာ ရွတ်ဆိုဆောက်တည်ရမည်။

# တစ်နည်း အားထုတ်ရန်ကိစ္စ

သင်္ဂြိုဟ် ၉- ပိုင်း၏ သရုပ်, အဓိပ္ပါယ်ကို မြန်မြန် တတ်မြောက် စေတတ်သော ပရမတ္ထသံခိပ်ကျမ်းကို အကုန်တတ်မြောက်အောင် အားထုတ်၍ အဘိဓမ္မာ ပရမတ်စကားကို များစွာပြောဟောလေ့ ရှိ စေရမည်၊ ၉-ပိုင်းလုံး မတတ်နိုင်ရှိခဲ့သော် ၈-ပိုင်းကိုသော်လည်းကောင်း, ၇-ပိုင်းကိုသော်လည်းကောင်း, ၆-ပိုင်းကိုသော်လည်းကောင်း၊ ဝိထိပိုင်းကို ချန်လှပ်၍ ရုပ်ပိုင်းထိ ၅-ပိုင်းကိုသော်လည်းကောင်း၊ စိတ်ပိုင်း, စေတသိက်ပိုင်း, ရုပ်ပိုင်း ဤ ၃-ပိုင်းကိုသော်လည်းကောင်း အားထုတ်ကြ ရမည်၊ သို့မဟုတ် သတိပဋ္ဌာန်ပါဠိတော်ကြီးကိုအရကျက်၍ ဆောင်ရွက်ရ မည်၊ အသက်အရွယ်ကြီးရင့်၍ မတတ်နိုင်ရှိခဲ့လျှင် ဓမ္မစကြာသုတ်ပါဠိ အနက်ကိုဖြစ်စေ၊ အနတ္တလက္ခဏာသုတ် ပါဠိအနက်ကို ဖြစ်စေ၊ အရ ကျက်၍ တစ်သက်လုံး ဆောင်ရွက်ရမည်။

ဤကိစ္စ ၂-ပါးတို့ကို အသက်ထက်ဆုံး အားထုတ်နိုင်ပါမူကား ရှေးအခါ၌ သောက်စားခဲ့သော သုရာပါန အကုသိုလ်ဓမ္မသည် ရေနှင့် ဆေးကျော်ဖွပ်၍ ပစ်သကဲ့သို့ ပပျောက်လေ၏၊ သုရာပါနကံသည် ကမ္မပထ အမှုရင်းမျိုး မဟုတ်လေသောကြောင့် နေရာကျ ကုစားခဲ့လျှင် ပပျောက် လွယ်သော တရားမျိုးဖြစ်၏၊ ပဋိသန္ဓေအကျိုး, ပဝတ္တိဝင်ဝိပါက်အကျိုး

တို့မှ ကင်းလွတ်စေနိုင်ရန် လွယ်သောအခွင့်ရှိ၏။

သေရည်သေရက်တရား ပြီး၏။

-------*-------

## နွားမြင်းပြိုင်ပွဲ တရား

နွားပြိုင်ပွဲ, မြင်းပြိုင်ပွဲတရားကိုလည်း အတန်ငယ်ပြလိုက်အံ့။

## ယာဉ်မောင်းသူတို့ သတိပြုရန်

အာဝုသော= ငါ့ရှင်၊ ဣဓ= ဤအရပ်၌၊ အဟံ= ငါသည်၊ ဂိဇ္ဈကူဋ ပဗ္ဗတာ=ဂိဇ္ဈကုဋ်တောင်မှ၊ ဩရောဟန္တော=ဆင်းသက်သည်ရှိသော်၊ ဝေဟာသံ=ကောင်းကင်၌၊ ဂစ္ဆန္တံ= သွား၍နေသော၊ သူစိလောမံ= သံချွန် သံစူးလျှင် အမွေးရှိသော၊ ပုရိသံ=ယောကျ်ားကို၊ အဒ္ဒသံ=မြင်ရ၏၊ တဿ=ထိုယောကျ်ား၏၊ ကာယေ=တစ်ကိုယ်လုံး၌၊ တာသူစိယော= ထိုသံချွန်သံစူးတို့သည်၊ ဥပ္ပတိတွာ-ဥပ္ပတိတွာ=ပျံတက်၍ ပျံတက်၍၊ နိပ္ပတန္တိ=ကိုယ်ပေါ်၌ အမြဲကျရောက် စူးဝင်ကုန်၏၊ သော=ထိုပြိတ္တာသည်၊ အဋ္ဌဿရံ=အပြင်းအထန် ကျင်နာသံကို၊ ကရောတိ=ပြု၏။

ဘိက္ခဝေ=ရဟန်းတို့၊ ဧသော သတ္တော=ဤသတ္တဝါသည်၊ ဣမသ္မိံယေဝ ရာဇဂဟေ= ဤရာဇဂြိုဟ်ပြည်၌ပင်လျှင်၊ သာရထိကော= မြင်း, နွားတို့ကို သံချွန်သံစူးတို့ဖြင့် ထိုး၍ မောင်းနှင်သော ယောကျ်ားသည်၊ အဟောသိ=ဖြစ်၏။

[ဝိနည်း ပါဠိတော်အနက်။]

တဿ=ထိုယောကျာ်းအား၊ ပတောဒ သူစိယာ=နှင်တံဖျား၌ တပ်အပ်သော သံချွန်သံစူးဖြင့်၊ ဝိဇ္ဈနဘာဝေါယေဝ=ထိုးသောအခြင်း အရာသည်ပင်လျှင်၊ နိမိတ္တံ=သေခါနီးတွင် နိမိတ်ထင်သည်၊ အဟောသိ= ဖြစ်လေ၏၊ တသ္မာ=ထို့ကြောင့်၊ သူစိလောမပေတော=သံချွန် သံစူး အမွေးရှိသော ပြိတ္တာသည်၊ ဇာတော=ဖြစ်လေ၏။

[ပါရာဇိကကဏ်အဋ္ဌကထာအနက်။]

[မြင်းပြိုင်ပွဲ, နွားပြိုင်ပွဲတို့၌ မြင်း, နွားမောင်းနှင်သူတို့ သတိပြုကြရန် ကျမ်းဂန်အထွက်ကို ဖော်ပြချက်တည်း။]

## လောင်းကစားပွဲကြည့်သူတို့ သတိပြုရန်

တစ်ခုတစ်ခုသော ဒုစရိုက်၌ ဒုစရိုက်အပွား ၄-ပါး, ၄-ပါးစီ ထွက် သည်ကို ဒသင်္ဂုတ္တရ ပါဠိတော်၌ ဟောတော်မူသည်ကား-

**အတ္တနာစ ပါဏာတိပါတီ ဟောတိ၊ ပရေ စ တတ္ထ သမာဒပေတိ၊ ပါဏာတိပါတဿ စ ဝဏ္ဏံ ဝါဒီ ဟောတိ၊ တတ္ထ စ သမနုညော ဟောတိ။**

## ၄-ပါး ပွားပုံ

၁။ ထိုအမှုကို ကိုယ်တိုင်ပြုသူ တစ်ယောက်။
၂။ ထိုအမှုကို ပြုဖြစ်လေအောင် နှိုးဆော်တိုက်တွန်း ဝိုင်းဝန်း ကူညီသူ တစ်ယောက်။
၃။ ထိုအမှုကို အလုပ်ကောင်းပြု၍ ချီးမွမ်းစကားနှင့် အားပေး ထောက်ပံ့ပြုသူ တစ်ယောက်။

၄။ ထိုအမှုမှာ စိတ်တူသဘောတူ ပါဝင်သူ တစ်ယောက်။

[ဤကား ထိုပါဠိတော်အရ ၄-ပါး ပွားပုံတည်း]

နွား, မြင်းတို့ကို အဆမတန် ညှဉ်းဆဲသော နွားပြိုင်ပွဲ, မြင်းပြိုင်ပွဲများသည် ပြဆိုခဲ့ပြီးသော ပါဠိတော်မြတ်၌ တိုက်ရိုက်လာရှိသော ဒုစရိုက်မှုကြီး တစ်မျိုးဖြစ်၏၊ နွားလောင်းသူ, မြင်းလောင်းသူတို့သည် ထိုဒုစ္စရိုက်မှုကြီး၏ အပွား ၄-ပါးတို့တွင် ပါဝင်လျက်ရှိကြကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရား၏တပည့်သား ပြီလိုကုန်သော သူအပေါင်းတို့သည် ပြိတ္တာဖြစ်မှု ဝတ္ထုသက်သေ ဒေသနာတန်းလန်း ထိုမျှလောက် ကြမ်းတမ်းသော ဒုစရိုက်မှုကြီးများ အပွါးအင်္ဂါတွင် မပါမဝင် ရှောင်ကြဉ် လွတ်ကင်းကြစေကုန်ရာသတည်း။

[မြင်းပြိုင်ပွဲ, နွားပြိုင်ပွဲတို့၌ လက်ရင်း လက်ဖျား နွားလောင်း မြင်းလောင်းသူ ပွဲကြည့်သူတို့ သတိပြုကြရန် ကျမ်းဂန်အထွက်ကို ဖော်ပြချက်တည်း။]

## ကျက်မှတ်ရန် ပါဠိအနက်များ

၁။ ယထာ မာတာ ပိတာ ဘာတာ၊
အညေ ဝါပိစ ဉာတကာ။
ဂါဝေါ နော ပရမာ မိတ္တာ။
ယာသု ဇာယန္တိ ဩသဓာ။ ။

၂။ အန္နဒါ ဗလဒါ စေတာ၊
ဝဏ္ဏဒါ သုခဒါ စ တာ။
ဧတမတ္ထဝသံ ဉတွာ၊
နာဿု ဂါဝေါ ဟနိံသု တေ။ ။

**၃။ တတော ဒေဝါ ပိတရော စ၊**
**ဉာတကာ အသုရ ရက္ခသာ။**
**အဓမ္မော ဉာတိ ပက္ခန္ဒို၊**
**ယံ သတ္တံ နိပ္ပတိ ဂဝေ။ ။**

**၄။ တယော ရောဂါ ပုရေ အာသုံ၊**
**ဣစ္ဆာ အနသနံ ဇရာ။**
**ပသူနဉ္စ သမာရမ္ဘာ၊**
**အဋ္ဌ နဝုတိ အာဂမုံ။ ။**

[သုတ္တနိပါတ် ပါဠိတော်]

၁။ ဂါဝေါ=နွားတို့သည်၊ နော=ငါတို့၏၊ မာတာ ယထာစ= အမိကဲ့သို့လည်းကောင်း၊ ပိတာ ယထာစ= အဘကဲ့သို့လည်းကောင်း၊ ဘာတာ ယထာစ= မောင်ကြီး မောင်ငယ်ကဲ့သို့လည်းကောင်း၊ အညေ ဝါပိ=တစ်ပါးလည်းဖြစ်ကုန်သော၊ ဉာတကာ ယထာစ= ပေါက်ဖော်သားချင်း ဆွေရင်းမျိုးရင်းတို့ကဲ့သို့လည်းကောင်း၊ နော=ငါတို့၏၊ ပရမာ= အလွန်ဆုံးဖြစ်ကုန်သော၊ မိတ္တာ= အသက်ထက်ဆုံး ချစ်ခင်အပ်ကုန်သော မိတ်ကြီး ဆွေကြီးတို့ပေတည်း၊ ယသု=အကြင်နွားတို့၌၊ ဩသဓာ= ထောပတ်, ဆီဦးအစရှိကုန်သော အသက်ရှည်ကြောင်း, အနာကင်းကြောင်း ဆေးကောင်းဆေးမြတ်တို့သည်၊ ဇာယန္တိ=ဖြစ်ပေကုန်၏။

၂။ ဧတာ=ထိုနွားတို့သည်၊ နော=ငါတို့၏၊ အန္နဒါစ=အစာထမင်းကိုလည်း ပေးကြပေကုန်၏၊ ဗလဒါစ=အားခွန်ဗလကိုလည်း ပေးကြပေကုန်၏၊ တာ= ထိုနွားတို့သည်၊ နော= ငါတို့အား၊ ဝဏ္ဏဒါစ= အရောင်အဆင်းကိုလည်း ပေးကြပေကုန်၏၊ သုခဒါစ= ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခကိုလည်း ပေးကြပေကုန်၏၊ ဧတံ အတ္ထဝသံ= ဤသို့သော

နွားတို့၏ အကျိုးကျေးဇူးဂုဏ်အထူးကို၊ ဉတွာ= မြော်မြင်သိရှိကြကုန်သည်ဖြစ်၍၊ တေ=ထိုရှေးသူတော်ကောင်း လူအပေါင်းတို့သည်၊ ဂါဝေါ= နွားတို့ကို၊ န ဟနိံသု=ရိုက်ပုတ်ညှဉ်းဆဲခြင်းကိုမျှ မပြုကြပေကုန်။

၃။ ယဒါ=အကြင်အခါ၌၊ ဂဝေ=နွားတို့၏ အပေါ်၌၊ ယံ သတ္တံ=အကြင်သတ်ဖြတ်သော ဓားလက်နက်သည်၊ နိပ္ပတိ=ကျရောက်၏၊ တတော=ထိုနွားတို့ကို သတ်ကြသော အခါမှစ၍၊ ဒေဝါစ=လူ့လောကကို စောင့်ရှောက်ကြကုန်သောနတ်တို့သည်လည်းကောင်း၊ ပိတရောစ= လူ့လောကကို စောင့်ရှောက်ကြကုန်သော ပြဟ္မာတို့သည်လည်းကောင်း၊ ဣန္ဒောစ=သိကြားမင်းကြီးသည်လည်းကောင်း၊ အသုရ ရက္ခသာစ= အသုရာနတ်, ရက္ခိုသ်နတ်တို့သည်လည်းကောင်း၊ အဓမ္မော ဣတိ= လူ့လောကမှာ အယုတ်တမာ မိစ္ဆာတရားကြီးဖြစ်ပေါ်၍လာပြီဟု၊ ပက္ကန္ဒုံ= လူ့လောကကို မမြင်လိုဘဲ ရှောင်လွှဲပစ်ခွာ၍ သွားကြလေကုန်၏။

၄။ ပုရေ=နွားသတ်ယောကျ်ား နွားသားစားတို့မပေါ်မီ ရှေးကာလ၌၊ တယော ရောဂါ=အနာရောဂါ ၃-မျိုးတို့သည်သာလျှင်၊ အာသုံ= လူ့လောက၌ ရှိကြကုန်၏၊ ဣစ္ဆာ=မရှိလျှင် လိုချင်တောင့် ရခြင်းတစ်ပါး၊ အနသနံ= စားချိန်ကျ၍ မစားရခဲ့လျှင် ဆာလောင်ရခြင်းတစ်ပါး၊ ဇရာ= အိုချိန်ကျလျှင် အိုရခြင်းတစ်ပါး၊ [ဤကား အနာ ၃-မျိုးတည်း။] ပသူနံ= နွားသတ္တဝါတို့ကို၊ သမာရမ္ဘာ=သတ်ဖြတ်စားသောက်ကြသော အခါမှစ၍၊ အဋ္ဌနဝုတိ=၉၈-ပါးသော အနာဆိုး ရောဂါဆိုး ကပ်ဥပဒ်မျိုး တို့သည်၊ အာဂမုံ=လူ့လောက၌ ဖြစ်ပေါ်၍လာကုန်၏။

[ပါဠိတော်အနက်။]

## အရိပ်နေလျက် အခက်မချိုးရ

**ယဿ ရုက္ခဿ ဆာယာယ ၊ နိသီဒေယျ သယေယျဝါ။**
**န တဿ သာခံ ဘဉ္ဇေယျ၊ မိတ္တဒ္ဒုဗ္ဘော ဟိ ပါပကော။**

ယဿ ရုက္ခဿ=အကြင်သစ်ပင်၏၊ ဆာယာယ=အရိပ်၌၊ နိသီဒေယျ ဝါ=ထိုင်မူလည်းထိုင်ဖူးရာ၏၊ သယေယျဝါ=အိပ်မူလည်း အိပ်ဘူးရာ၏၊ တဿ=ထိုသစ်ပင်၏၊ သာခံ=သစ်ခက်ကို၊ န ဘဉ္ဇေယျ= မချိုး မဖျက်ရာ၊ ဟိ-သစ္စံ=မှန်၏၊ မိတ္တဒ္ဒုဗ္ဘော=မိတ်ခင်ပွန်းကို ဖျက်ဆီး ခြင်းသည်၊ ပါပကော=ယုတ်မာလှ၏။

နွား, မြင်းပြိုင်ပွဲတရား ပြီး၏။

--------------

## နွားမေတ္တာစာ

[၁၂၄၇-ခု၊ အင်္ဂလိပ်မင်းဝင်စတွင်၊ မုံရွာမြို့၊ လူကြီး-လူကောင်းအပေါင်းတို့၊ တောင်းပန်ချက်အရ၊ ရေးသားတော်မူအပ်သော မေတ္တာစာ]

စက်လေးစုံလွင်သာ မင်္ဂလာသမိုက် အလုံမြို့အောက်တိုက်ဝယ် သိုက်မြိုက်သည့်ဌာန မုံရွာမြို့ဒေသဟု ပါကဋကြေညာသော ရွာမဟေ ရပ်ကြီးက နတ်တီးသည့် စည်မုရိုးကဲ့သို့ ရှည်အကျိုးဖြစ်ပွားရန် တရားရင်း သုတ္တန်ကို ထုတ်ပြန်ကာလင်းလိုက်မည် နားသွင်း၍ ထောင်ကြပါ။

## ဝိဋ္ဋမျုပ ထုံး

ခေတ်ကာလယခု ဖြစ်လာရအမှုမှာ ဘယ်သူ့ကိုကိုးစား ဘယ်သူ့ ကိုပြုံးထားမည် ရိုးမှားလို့မသင့် စဉ်းစားဖို့အခွင့်မှာ ချိန်သင့်ခါမှုန်းမည်ဟု တစ်တိုင်းလုံးကြမ္မာ ဝိပါက်ရင်းပါသောကြောင့် သာကီနွယ်သိမ်းခြောက်

အစသို့


သောင်း ဆွေတော်များအပေါင်းတို့ သူမကောင်း မိစ္ဆာဉာဏ် ဝိဋ္ဋူဍ
ဘေးရန်ကြောင့် ဂွမ်းပြန်အောင်ပျက်ပြားရာ မြတ်ဘုရားဘုန်းလှိုင်လည်း
ကိုယ်တော်တိုင်မားမား သုံးကြိမ်တိုင်ကြွသွား၍ တားသော်လည်း မရ
မ, သော်လည်း မတတ်သာ နတ်, သိကြား, ဗြဟ္မာတို့ နေအားသည့်
တွက်တာနှင့် ဆိုစရာမရှိပြီ။

ဝိဋ္ဋူဍဘုရင် သာဝတ္ထိပြည့်ရှင်လည်း သာကီဝင် တစ်ပြည်လုံးကို
ဖျက်မှုန်းသည့်ကံသစ်ကြောင့် စစ်ရဲမက်ဗိုလ်ပါနှင့် မြစ်ဂင်္ဂါ ရေစခန်းတွင်
ပရမ်းပတာပျက်ပြား၍ ငါးလိပ်တို့အစာ ဖြစ်ဖူးသည့်ကျမ်းလာ ဒေသနာ
အထွက်နှင့် ချိန်စက်ကာ ယူရလျှင် "ပျက်သူမှာ ဖြစ်လမ်း၊ ဖျက်သူမှာ
နစ်မွန်းဖို့" စခန်းလမ်းဆိုက်လေသည်။

ထိုက်သက်ရင်းတရား ခုဖြစ်ပုံအလားကို ဘုရားဟောကျမ်း
ထွက်နှင့် အချက်ကျ ညှိလိုက်သော်-

၁။ ဘာရံ ဝဟတိ ယော ယဿ၊ နိဗဒ္ဓော အတ္တသော သဒါ။
မာတာပိတာစ ဘာတာစ၊ ဉာတိမိတ္တာစ တဿ သော။ ။

၂။ ယေ တာဒိသေ နုကမ္ပန္တိ၊ ကတညူ ကတဝေဒိနော။
ဝဏ္ဏေန္တိ ယသဘောဂေဟိ၊ သုက္ကပက္ခေ၀ စန္ဒိမာ။ ။

၃။ ယေ စ တေ နာနုကမ္ပန္တိ၊ သံမုဠှာ မိတ္တဒုဗ္ဘိနော။
ဟာယန္တိ ယသဘောဂေဟိ၊ ကာဠပက္ခေ၀ စန္ဒိမာ။ ။

## စကားကျအဓိပ္ပါယ်

ဤပါဠိပဒ အဓိပ္ပါယ်ကျမှာ မိဘနှင့်ဆရာ ဉာတကာတစ်စု
ကျေးဇူးပြုစီးပွားဖက် ခြောက်ဦးသားအနက်ဝယ် တစ်သက်နှင့်တစ်ကိုယ်
မပျက်ဖူး အလိုနှင့် ဖြုတ္တစိုရ်တရား လက်မကွာထားနိုင်မှ စီးပွားဟောင်း

မပျက် စီးပွားသစ်တိုးတက်၍ ချမ်းသာသက်ရှည်ရာသည်။

ခြောက်ဦးသား ထိုသူကို မကြည်ဖြူမသနား အလေးမဲ့ ပေါ့စား လျှင် စီးပွားသစ်မတိုး စီးပွားဟောင်းညှိုးသည့်ပြင် ဘေးမျိုးစုံ သောကနှင့် မောရမည်တကယ်ဟု အဓိပ္ပါယ်အပြ အနက်သွားကျချေသည်။

## ကမ္ဘာစောင့်တရား

မြန်မာ့နယ်တရိုး အကျွန်ုပ်တို့လူမျိုးမှာ ရှေးအရိုးပြဟ္မစိုရ် ကမ္ဘာစောင့် တရားကိုယ် ယွင်းယိုသည့်အမှုသည်အချက် တစ်ခုနှင့်ပင် ယခုလိုဖြစ်ရေး တစ်တိုင်းလုံးခေတ်ဘေးကို နှစ်မဝေးဆက်လက်ကာ တွေ့ကြလျက်နေပါသည် မိတ်သဟာပျံ့ပျူး ဆိုခဲ့သည့်ခြောက်ဦးတွင် အထူးပင်ကွက်ကျား၍ တရားပျက်နာသည်မှာ ကမ္ဘာနှင့်အမျှ မြန်မာတို့ ဒေသသည် ဇင်လပြီပြီ နွား ကျွဲကို အားမှီလျက် ဘိုး, ဘေး, ဘီအစဉ် သက်မွေးမှုတွင်သည်ကို မျက်မြင်ပင်ဖြစ်ပါသည်။

သို့သနစ်ကြောင်းရင်း သိကြလျက်အခင်းပါကို သနားခြင်း ကွာဝေးသည့် ငရဲခွေးအစာ လူဒုသီပြိတ္တာတို့ မာန်မိစ္ဆာယှဉ်ပူး၍ ကျေးဇူးပြုစီးပွားဖက် မြန်မာနွယ်အဆက် ကမ္ဘာကဖက်ခဲ့၍ အသက်၏ သဏ္ဍာန် မိတ်ရင်းစစ်မှန်လှသော တိရစ္ဆာန် ကျွဲ-နွားကို သားမယား မွေးမှုနှင့် ကရုဏာမကပ်ဘဲ သတ်ဖြတ်၍ရောင်းသူမှာ လမ်းနှစ်ကြောင်း မရှိ အဝီစိအောက်ရွာမှာ ကမ္ဘာကိုရက်တွက်၍ ထောင့်တစ်သက် သွားတော့မည်။

တရားကိုယ်ထင်လင်းမို့ စဉ်းစားခွင့်မလိုပြီ ဝယ်ကြသူတခိုကိုသာ တရားကိုယ်ထင်လင်းအောင် သတင်းစာကမ်းလိုက်ပါသည်။

# ဒိဋ္ဌမျက်မြင်

ကျမ်းဝိဘင်း ဋ္ဌကထာ တိုက်ရိုက်ကြီး အလာမှာ ပါဏာတိပါတ ပြုလုပ်သည့် ဌာနဝယ်-

- ကာယကံရှင် တစ်ခန်း
- ချီးမွမ်းသူ တစ်ယောက်
- ဝမ်းမြောက်သူ တစ်ဖက်
- သုံးဦးသားအနက် အကျိုးဆက်မတူကြ
- ကာယကံရှင်ဗာလမှာ နိရယတာလမ်း
- ချီးမွမ်းသူ ပြိတ္တာရောက်
- ဝမ်းမြောက်သူအနေမှာ တိရစ္ဆာန်ဖြစ်စေ-ဟု

ဝေပုံကျအပြီး ဆုံးဖြတ်ချက်သင်းသီးတွင် ပစ္စည်းရှင် ဝယ်လူစုမှာ ချီးမွမ်းမှုတစ်စိတ်ပါ ဝမ်းသာမှုတစ်သွယ်ထွက် နှစ်ပါးစုံရောယှက်သော် လက်သည်ထက် အပြစ်ကြီးမည်ဟု ယူမှီးရန်ကျသော်လည်း ကာယကံ အရှင်နှင့် တူလျှင်ပင်မနဲပြီ၊ နောက်ဆွဲကလိုက်ရကြောင်းမှာ တစ်ခုကောင်း အတွက် ဝမ်းသာသည့်အချက်နှင့်ပင် ဆက်ဆက်ကြီးပါရမည်ဟု ဋ္ဌကထာ ရှိသည်ပင်။

ယုတ္တိနှင့်စဉ်းစားလျှင် ရောင်းသမား ဝယ်သမား နှစ်ဦးသား သဘောတူ-

- ဝယ်သူက မူလ
- ရောင်းသူမှာ ဘူတ
- ဝယ်သူပေါ်မှ ရောင်းသူ့ရှင်
- ရောင်းသူ့ရှင်မှ တွင်တွင်သတ်

- နဘောထပ် လွန်းပေါင်းတင်

သည်အတိုင်းမြင်ကြလျက် ဇွတ်ငင်သည့်တဏှာကြောင့် ဟင်းလျာသည် ဆိုလျှင်ပင် ခိုပြုသည်အတိုင်း-

- ဝိုင်းကြသည် ကြွက်ကြွက်ဆူ
- သူမရ ငါမရ
- ငွေစကို တပြင်ပြင်
- ချိန်ခွင်ကို တစ်ခါခါ
- နက်ဖြန်လည်း လာပါနော်
- သန်ဘက်လည်း မျှော်ပါမည်
- ခေါ်လိုက်သူ အချို့
- လက်တို့၍ မှာသူမှာ
- ဟင်းလျာသည် လာခဲ့ဟု
- စိတ်ထဲက တ, သူတ

သို့ဖြစ်၍နေကြလျက် ပါးစပ်ကပရိယာယ် "ရောင်းလာလို့ဝယ်ပါသည် ဘယ်အပြစ်မရှိပေါင်"ဟု ယောင်လို့များမဟနှင့် ဝမ်းထဲက သဘောကို မပြောဘဲ ကုန်စင်အောင် မြင်ရင်းစွဲ ဖြစ်ကြသည်။

ပစ္စည်းရှင် ဝယ်သူတို့ ကူပံ့သည့်အလား ပေးလိုက်သည့် ဒင်္ဂါးလည်း နွားရှာ၍သွင်းသူနှင့် စီးပွားတူလုပ်ဖက် ငွေမြင်သည့်အတွက်ကြောင့် သွက်သွက်လည် အတွင်ခိုး လှည်းတောင်သူ တရိုးမှာ နွားမျိုးများ ပြတ်မတတ် သားမယား အငတ်တွင် မတ်တတ်မှိုင် ကြံမရ၍ ခါးပြသို့ ဝင်သူဝင် သို့ဖြစ်အင် မူလမှာ ဝယ်သူကအခြေရင်း ဟုတ်, မဟုတ် မငြင်းနှင့် ထင်အလင်းဒိဋ္ဌ မျက်မြင်ပင်ဖြစ်ကြသည်။

## တရားသားသက်သက်

သည်ရသတဏှာမွဲ သူအတင့်ရဲတိုင်းကို အကဲကမသန် ဇွတ်လှဲ၍ ခံကြလျှင် ပါယ်လေးတန်ဒုက္ခမှာ မြုပ်ကြမည်စင်းစင်း သည်တဏှာ ကင်းလျှင်ပင် တတောလင်းအမိုက် သည်လောဘစရိုက်ကို အမြိုက်သီး အလား အလိုက်ကြီး မှားကြလျှင် ပါယ်လေးပါး ယမ, ဘုံတွင် အိမ်ထောင်စုံ ဆေးတော်ထိုး ရိုးအမျိုးစာရင်းမှန် ရွှေတိုက်တော် လက်ခံနှင့် မပြန်တမ်း အဟုတ် ကမ္ဘာနှင့်စာချုပ်၍ စုံးစုံးကြီး မြုပ်ကြမည် မဟုတ်ဘူး မထင်နှင့် မယုံလျှင်ကိုယ်တွေ့မှ ဆိုသရွေ့မကဟု လှလှကြီးသိလိမ့်မည်။

ဇာတ်နိပါတ် သက်သေကို ရှာဖွေကာထုတ်ဆိုလျှင် ပိုအမိုများမည်ကြောင့် တရားသားသက်သက် စကားသွားညက်ညက်နှင့် နား, မျက်စိ မခိုသာအောင် လိုရာတွင်ဖြောင့်လိုက်သည်။

## ထုံးဟောင်း သာဓက

ရောင့်တက်သည့်လောဘ မနောကံဇောကြွ၍ ဂေါမံသဟင်းလျာကို မြိန်ရှက်စွာစားရမှ ဆီအသားဖွံ့ဖြိုး ဉာဏ်ပညာတိုးသည်ဟု နှလုံးဆိုး စကားတတ် ကပ်လျှင်သာကပ်ရမည် သုတ်နိပါတ်ကျမ်းဂန်တွင် နာဖျားရန် အကြောင်းဟု ထုံးဟောင်းကိုတွေ့ရသည်။

အလေ့ဆိုးဝသီဉာဉ် သည်တဏှာသူငင်၍ လူအရှင်ငုတ်တုတ်နှင့် ပြိတ္တာရုပ်ဇာတ်ပေါ်၍ တအော်အော်နေရကြောင်း၊ ၎င်းပြင်အပါယ်ကျ ဇာတ်ဝတ္ထုသာဓကမှာ ကျောင်းတကာ့ကျောင်းတိုင်းတွင် ကိုးကြောင်းရေး ဆယ်ကြောင်းရေး စာတိုက်ချင်းယှက်ထွေး၍ မကွေးသာမဆန့်သာ ပေါ များလှပါတော့သည်။

သည်တဏှာစရိုက်ကို အလိုလိုက်မှားကြလျှင် နွားသတ်တို့သွားရာ နောက်တော်ကလိုက်ပါပြီးလျှင် နွားရုပ်သွင်အထူးနှင့် တဘူးဘူး တဘဲဘဲ မစဲအောင်တွန်မြည်၍ နှစ်အရှည်မောကြမည်။

သို့သဘောတန္တိ အမှန်ကိုသိကြ၍ ပကတိအရိုး ဟင်းသီးမျိုး ဟင်းရွက်မျိုး ကောင်းနိုးရာရှာကြံ၍ ဆီအတန်ဆားအထိုက် မွမ်းမံဖွယ် အလိုက်နှင့် သိုက်မြိုက်အောင်စီရင်၍ သူတော်စင်အနှုန်း စိတ်သတ်၍သုံးပါလျှင် အဆုံးတိုင်မြိန်ရှက် ဘေးရောဂါမဖက် ဆီအသား ပွားတက်၍ အသက်လည်းရှည်ပါသည်။

သန္တုဋ္ဌိအချက်မှာ စက္ကဝါက်ငှက်မင်း အလောင်းတော် ကျေးသင်းတို့ ခင်းခဲ့သည့်စံထုံးနှင့် လုံးလုံးကြီးမထပ်ငြားသော်လည်း တတ်အားသမျှ ခြိုးခြံလျှင်ပင် အကျိုးတန်ပေးပါသည်။

ကျေးသူတော်ထုံးဟောင်းကို ကောင်းကောင်းကြီးအားပြု၍ သည်ဝတ္တု အသားထူးကို မစားဘူးဧကန်ဟု ဓိဋ္ဌာန်၍ပြီပြီ သည်အတိုင်း ညီပါလျှင် ပါရမီဆယ်ဖြာလည်း အလွယ်သာရမှု အကုန်လုံးစုပါသည်။

## အကြောင်းအရင်း စဉ်စားဖွယ်

ယခုခါခေတ်အတွင်းမှာ နွားသားဟင်း ကျွဲသားဟင်း အသန့်ပင်လွတ်ကင်းအောင် ရှင်းရှင်းကြီးစင်ပြောင် ကျွန်ုပ်တို့ရှောင်ပါသည် နောင်လာရန်အဖို့ ကြားသမျှကရို့ရယ် ကျွန်ုပ်တို့ထပ်တူ သဘောထားဖြူကြပါ။

လူတို့လို တီတီတာတာ မပြောတတ်ရှာကြလို့ ငုတ်တုတ်သာ မပြန်လှန် ပြုသမျှခံရသည်၊ ဌာန်ကရိုဏ်းပြတ်သား နှုတ်လျှာများတတ်အားလျှင် နွားတို့ကဆိုရန် ခွင့်ရှိသည်အမှန်မှာ မြန်မာနှင့်ကုလား နှစ်ပြည်ထောင်တိုင်းသားတို့ ဖြစ်ပွားသည့်တွက်တာသည် ငါတို့မှာသေတ္တာ အကုန်လုံးစုချေသည်။

- သူတို့ဘေး သူတို့ဘိုး သူတို့နွယ်တရိုး တစ်မျိုးလုံး တစ်ဆွေလုံး သူတို့တိုင်မဆုံး၊
- တို့တစ်တွေ ပခုံးမှာ မီးဟုန်းဟုန်း ထ မတတ်၊
- တို့လုံ့လ တို့စွမ်းအန် တို့အပန်းခံနိုင်လို့၊
- ဆန်စပါး ပြောင်း နှမ်း ပူး ခရမ်း ပဲ အမျိုး
- မြေပြင်လုံး မောက်ဖြိုးအောင် တိုးတက်သည့် ဘဏ္ဍာနှင့်၊
- လိုရာတိုင်းပြည့်စုံ ကုံလုံကြွအသီးသီး၊
- ကျောင်းကြီးဆောက် ဘုရားတယ်
- တစ်တိုင်းလုံးကြွယ်သည်မှာ၊

ဘယ်သူက အရင်းဟု စဉ်းစားဖွယ်မရှိ ထင်အလင်းသိပါလျက် သတိပင်မပေါ် ကျေးဇူးကိုမမျှော်၊ စိတ်အချော် တိမ်းပါး မိတ်မတော် စိမ်းကားလျက်-

- တို့အသား တို့အသဲ တို့အဆီ ရွှဲရွှဲကို၊
- ထမင်းပွဲအလယ် အနင့်သား တယ်ပြီးလျှင်၊
- ရယ်ကာနှင့် ပြုံးကာ အရသာ ခံစား၍၊
- လင်မယားတစ်တွေ မြုံ့ကြသည့် အနေမှာ၊
- မြိန်နိုင်ပေ့ သူတို့ကိုယ် မျိုရက်ပေ့ သူ့ခံတွင်း၊
- တို့လုပ်သည့် ထမင်းကို တို့ဟင်းလျာ အသားနှင့်၊
- စားကြသည့် ဖြစ်နဲ့ကို တို့အသဲ နာလိုက်ကဲ့၊

ကမ္ဘာဦးစတင် ထက်ကာရီ ယခင်က ချေ-သမင်တောသား အများတို့ထုံးစံ တိရစ္ဆာန်စရိုက် တို့ဘာသာတစ်သိုက် အလိုက်များ နေခဲ့ကြလျှင် မသေမီ စပ်ကြား အိပ်ချင်အိပ် စားချင်စား သွားချင်သွား လာချင်လာ အပုံကြီးချမ်းသာမည်။

## အမေ့လူသား

- ယခုမှာ လားလား အမေ့ လူသားနှင့်၊
- စီးပွားတူ ချမ်းသာဖက် ခိုမိသည့် အတွက်ကြောင့်၊
- တက်တက်ကြီး အကုန်မှား၊
- ငါးပါးမှောက် ခြောက်ပါးမှောက်၊
- မှားသလောက် မပြောသာ၊
- သက်ခန္ဓာ ရှိစဉ်လည်း မချိအောင်စေစား၊
- တို့ကိုယ်ကောင့်အသားကို ဟင်းတစ်ပါးသတ်၍ လုပ်၊
- ဘယ်သင်းက ဟုတ်သေးတုန်း ယုတ်မာသည့် အဖြစ်လား၊
- သည့်လောက်တောင် ရိုင်းပြားသည့် လူသားတို့ လက်ထဲ
  တွင်၊
- ဖွဲ့, ပြောင်း ရိုး မြက် ရေ သုံးစား၍ နေရသည်ထက်၊
- တောကျွားတွေ ပါးစပ်မှာ ခေါင်းပြုတ်၍ သေရခြင်းသည်၊
- လွန်အမင်း မြတ်သေး၏။

## အဟောဒုက္ခ

ရှေးအထက်ကာရီ ပဝေဏီအခြေက ရေလိုက်ကြီး မှောက်မှား၍ တို့နောက်သား တစ်စုမှာ-

- လူ့ဘီလူးအစာ ဟင်းလျာဖို့ အပြီး၊
- ဗူးသီးနှင့် ကြုံလိုကြုံ ဖရုံနှင့် ငြားလိုငြား၊
- သခွားနှင့် တွဲလိုတွဲ ချိုတနဲ ချဉ်တထွေ၊
- တို့ဖြစ်ပုံ အနေနှယ်၊
- သေလျှင်လည်း လက်တလော ရှင်စဉ်လည်း ဖတ်ဖတ်မော၊

- အဟောဒုက္ခ ဘယ်အခါတွင်မှ၊
- သက်သာရာ မရအောင် တို့ကြမ္မာပြုနဲ့ကို၊
- အသဲထိ နာလိုက်ပါဘိ၊
- ဉာတကာတစ်သင်း မိတ်ဆွေရင်းတို့-ဟု၊
- နွားချင်းချင်း ဆိုကြရန် ခွင့်ရှိသည်အမှန်ပင်။

သနားရန်တာလမ်း ရှိသမျှစခန်းကို ဆုံးကမ်းရောက်မျှော်ခေါ်၍ မသူတော်စရိုက် ထွန်းကားသည့်အခိုက်ကို အလိုက်သင့် အရှောင် ကောင်းနိုင်မှ နောင်နှောင်းကို ချမ်းသာ၍ နတ်ရွာမှာ အတူတွေ့ကြ ရအောင် အလေ့ကောင်း ရှင်းရှင်း ဇောသဒ္ဓါစင်းစင်းနှင့် သတင်းစာပါး လိုက်ပါသည် ကြားကြားသမျှ မိတ်ဆွေအပေါင်း သူတော်ကောင်း ပညာရှိတို့။

နွားမေတ္တာစာပြီး၏။

[ဤနွားမေတ္တာစာကို အကြိမ်ကြိမ်ရိုက်နှိပ်၍ ထက်အောက်နှစ်ဖြာ မြန်မာနိုင်ငံတော်၌ ကမ်းလှမ်းဖြန့်ဖြူးစေတော်မူရာ များစွာသော သူတော်ကောင်းအပေါင်းတို့သည် နွားသား-ကျွဲသားများကိုမစားဘဲ ရှောင်ကြည်ကြကုန်သည်၊ အချို့သောပုဂ္ဂိုလ်များကလည်း ဤနွား မေတ္တာစာကို အရကျက်ဆောင်၍ တစ်ဆင့်ဟောပြောကြရာ များစွာသော သူတော် ကောင်းအပေါင်းတို့သည် နွားသား-ကျွဲသားများကို မစားဘဲ ရှောင်ကြည်ကြလေသည်။]

* * *

[သက္ကရာဇ် ၁၂၄၇-ခုနှစ်တွင် မုံရွာမြို့နေ လူ သူတော်ကောင်း အပေါင်းတို့က အရပ်ရပ် မြို့ ရွာသို့ ကြေငြာဝေငှသော ဂေါမံသ မေတ္တာစာ။]

နွားမေတ္တာစာပြီး၏။

## ဤတွင် ဂေါဏသုရာဒီဒီပနီ ပြီး၏။

ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး
စီရင်တော်မူသော

# မိုးပရိတ်တော်ကြီး

နှင့်

# မိုးကမ္မဝါစာ

စသည့်အစီအစဉ်များ

လယ်တီရောင်ခြည် ကွန်ပျူတာစာပေ
**လယ်တီဒီပနီ ကျမ်းစာပြန့်ပွားရေးအဖွဲ့**
မဟာလယ်တီတိုက်၊ မုံရွာမြို့။

# မိုးကမ္ဘဝါ စာတမ်း

## မာတိကာ

လူတို့ဆောင်ရွက်ရန် စီမံချက်

မိုးပရိတ်ရွတ်ရန် စီမံချက်

ငါးရံ့မင်း ပရိတ်တော်ကြီး

မိုးကမ္ဘဝါကြီး

မိုးကမ္ဘဝါ ဖတ်ပွဲ အစီအစဉ်

မိုးအမိန့်တော်ပြန်တမ်းကြီး

ပဋ္ဌာဇနိယ ကမ္ဘဝါစာ

သတိပြုရန်

မိုးကမ္ဘဝါစာ စာတမ်း,
အန္တရာယ်ကင်း ကမ္ဘဝါစာကျမ်း မာတိကာ ပြီးပြီ။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး
စီမံတော်မူအပ်သော

# မိုးကမ္ဘဝါ စာတမ်း

## လူတို့ဆောင်ရွက်ရန် စီမံချက်

မုံရွာမြို့နယ်မှာ မိုးအလွန်ခေါင်နေသည်ဟု ဆရာတော် ကြားသိရသောကြောင့် ဝါဆိုလပြည့် စနေနေ့တွင် မိုးပရိတ်တော်ကြီး ရွတ်ကြရန် စီမံချက်ကို မုံရွာမြို့ (လယ်တီတိုက်) သို့ ပေးပို့လိုက်သည်။

ထိုနေ့သို့ ရောက်သောအခါ မြို့ရွာနေ လူအများတို့က မိုးနတ်များကို ပူဇော်ပသကြကုန်ရမည်။

**ပသပုံကား-**

၁။ သက်သတ်မပါသော ထမင်း, ဟင်း, မုံ့ ပဲ သရေစာ၊ အုန်း, ငှက်ပျော, ဆေး, ကွမ်း, လက်ဖက်, သစ်ဝလံ, ပန်းမာလ်များစုံလင်စွာနှင့် ပွဲ-၇-ခု ပြုလုပ်၍ တစ်ပွဲမှာ ဘုရားပူဇော်ရန်။

၂။ တစ်ပွဲမှာ သီတ ဝလာဟကနတ်များ ပူဇော်ရန်။

၃။ တစ်ပွဲမှာ ဥဏှ ဝလာဟကနတ်များ ပူဇော်ရန်။

၄။ တစ်ပွဲမှာ အဗ္ဘ ဝလာဟကနတ်များ ပူဇော်ရန်။

၅။ တစ်ပွဲမှာ ဝါတ ဝလာဟကနတ်များ ပူဇော်ရန်။

၆။ တစ်ပွဲမှာ ဝဿ ဝလာဟကနတ်များ ပူဇော်ရန်။

၇။ တစ်ပွဲမှာ ပဇ္ဇုန္န နတ်များပူဇော်ရန်။

ဟု အသီးအသီး လိပ်ကမ္ပည်းရေးထိုး၍ ဘုရားရှေ့မှာ ခင်းကျင်းကြပြီးလျှင် ထိုနတ်များကို ပင့်ခေါ်ကြရမည်။

**ပင့်ခေါ်ပုံကား-**

“အို-မိုး၏ဆိုင်ရာ ဝလာဟကနတ်, ပဇ္ဇုန္နနတ်, မိုးရပ် ပျော်ပါး နတ်မင်းများတို့--အကျွန်ုပ်တို့က ပင့်ခေါ်ကြပါကုန် သည်၊ ညီညာဖြဖြ လာရောက်ကြပါကုန်လော၊ အကျွန်ုပ်တို့က ပသပူဇော်ကြကုန်သော ပူဇော်သကာများကိုလည်း ကြည်ဖြူစွာ ခံယူသုံးဆောင်ကြပါကုန်လော၊ ရဟန်း သင်္ဃာတော်များ ရွတ် ဖတ်သော မိုးပရိတ်တော်ကြီးများကိုလည်း နာယူကြပါကုန်လော့၊ လယ်ယာ ချောင်းကန် တင့်ဖြိုးလျှံအောင် မိုးများကိုလည်း အရေထန်စွာ ရွာစေကြပါကုန်လော”

ဟု အသံကျယ်စွာနှင့် ဤစာကို ၃-ခေါက် ရွတ်ဖတ်ကြရမည်၊ ၎င်း နောက် ညနေ ၆-နာရီ အချိန်ကျမှ ထိုပူဇော်သကာပွဲများကို စုပေါင်း၍ လယ်တီတောရှိ အမနုဿများကိုပါ များစွာကျွေးမွေးကြရမည်။

**( ဤကား လူတို့ဆောင်ရွက်ရန်စီမံချက်တည်း။ )**

---------------

## မိုးပရိတ်ရွတ်ရန် စီမံချက်

တိုက်ရှိသင်္ဃာများမှာလည်း ထိုနေ့၌ ဆွမ်းခံ မသွားကြမူ၍ ကျောင်းတွင်သာ နံနက်ဆွမ်း နေ့ဆွမ်းများကို ပြီးစီးကြစေရမည်၊ တိုက်တွင်းရှိ ရဟန်းတော် သင်္ဃာတော်များသည် တိုက်လယ်ရှိ အုတ် ကျောင်းကြီးပေါ်မှာအကုန်စည်းဝေး၍ နံနက် ၈-နာရီတစ်ကြိမ်, နေ့လည် ၁၂-နာရီတစ်ကြိမ်, ညနေ ၄-နာရီတစ်ကြိမ် မိုးပရိတ်ကြီးရွတ်ဖတ် ကြရမည်။

အစသို့

**ရွတ်ဖတ်ပုံမှာ-**

“ဩကာသ ဩကာသ ဩကာသ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊” ချီသော မဟာဩကာသကြီးနှင့် ဘုရားရှိခိုးကြပြီးလျှင် “ဝိပဿိ ဗုဒ္ဓေါ ဘဂဝါ” မှစ၍ ၇-ဆူစက် ပရိတ်တော်ကြီး, နှစ်ကျိပ်ရှစ်ဆူစက် ပရိတ်တော်ကြီးများကို ညီညာစွာ ရွတ်ဆိုကြပြီးနောက်“အဌဝီသတိ သမ္ဗုဒ္ဓါ” ချီသော ဂါထာနှစ်ပုဒ်ကို “ပုရတ္ထိမာယ ဒိသာယ” စသည်ဆို၍“ဥပရိမာယ ဒိသာယ” အထိ အရပ် ၉-မျက်နှာစေ့အောင် ရွတ်ဆိုရမည်”။

ထိုနောက် “ပုနာပရံ ယဒါ ဟောမိ” အစရှိသော ငါးရံ့မင်းပရိတ်တော်ကြီးကို အခေါက်ပေါင်း ၃၀-စေ့အောင် ရွတ်ဆိုကြရမည်။

နံနက်အကြိမ်မှာ (၃၀) နေ့လည်အကြိမ်မှာ (၃၀) ညနေ အကြိမ်မှာ (၃၀) အခေါက်ပေါင်း (၉၀) ရ၏၊ မိုးသည် ၂-ရက်၊ ၃-ရက်အတွင်းမှာ ဧကန်ရွာလိမ့်မည်။

ဝါဆိုလပြည့်နေ့ မိုးပရိတ်ကြီးရွတ်ကြပြီးနောက် တန်ဆောင်မုန်းလပြည့်နေ့တိုင် မိုးလအတွင်းမှာ စနေနေ့-စနေနေ့တို့၌ ညဝတ်တက်ကြသောအခါ အခေါက်-၃၀-ကျ ရွတ်ကြရမည်၊ ကြွင်းနေ့တို့၌ တစ်ညလျှင် -၃- ခေါက်ကျ ရွတ်ကြရမည်။

ကဆုန်လ, နယုန်လတို့မှာ မိုးကြီးစွာ ခေါင်၍နေခဲ့လျှင်လည်း ထိုနည်းတူ ရွတ်ကြကုန်ရမည်။

မိုးသည် လုံလောက်စွာ ရွာသွန်းသောအခါ၌ ငါးရံ့မင်းပရိတ်ရွတ်မှုကို ချန်လှပ်၍ ကြွင်းပရိတ်များကိုသာ ရွတ်ကြရမည်။

ငါးရံ့မင်းပရိတ်မှာ စရိယပိဋကပါဠိတော်တွင် ရှိလေ၏၊ ပရိတ်ရွတ်ကြသောအခါ၌ အညီအညာလိုလျှ၏၊ စာကိုဖတ်၍ ကိုင်ပြီး ရွတ်ကြ

▲ အစသို့

လျှင် ညီညာတတ်၏၊ ပရိတ်ရွတ်ရာမှာ ရှင်သာမဏေများ မပါစေရ၊ ပရိတ်မရွတ်မီ တစ်ရက်က ညီညာအောင်ညှိ၍ ထားကြရမည်။

“မောင်သုန္ဒရ, မောင်ဉာဏောဘာသ, မောင်အာသဘ တို့က ပရိတ်ပွဲကြီး ချောမောစွာ ပြီးစီးအောင် အထူးကြောင့်ကြစိုက်ထုတ် ကုန်ရမည်”။

ပွဲပြီးသည်နောက် ၂-ရက်, ၃-ရက်လွန်သောအခါ မိုးရွာလျှင် ရွာကြောင်း မရွာလျှင် မရွာကြောင်း ဆရာတော်ထံ စာနှင့်လျှောက်ကြားရမည်။

**(ဤကား မုံရွာမြို့လယ်တီတိုက်ကြီးမှာ မိုးပရိတ်ရွတ်ရန် စီမံချက်ကြီးတည်း။)**

“တစ်နိုင်ငံလုံးမှာလည်း မိုးကြီးစွာခေါင်၍နေသော မြို့ရွာတို့၌ ထိုထိုမြို့ရွာရှိ ဆရာတော် သံဃာတော်တို့နှင့် သံဃသာမဂ္ဂီအသင်းကြီး များတို့သည် ထိုမုံရွာမြို့အတူ မိုးပရိတ်ကြီးများကို အားထုတ်၍ ရွတ်နိုင်ကြပါကုန်လျှင် (၈၅)ခုနှစ်၊ ဝါဆိုလမှ စ၍ (၈၈) ခုနှစ်၊ ဝါဆိုလပြည့်ထိ ၃-နှစ်တိုင်တိုင် တစ်ကမ္ဘာလုံး၌ မိုးကြီးစွာခေါင်လိမ့်မည်ဟု ယခုနှစ် နယုန်လဆုတ် ၇-ရက်နေ့ ထုတ်ဝေသော ပညာအလင်းသတင်းစာ တွင်ပါရှိသော (အင်, ကန္ဒာ ဆွာမိပုလဲ) ဆရာကြီး၏ ဟောကိန်းကြီးကို ငါတို့ မြန်မာနိုင်ငံအတွက် ဧကန်အမှန် ကွယ်ကာနိုင်ကြကုန်လတ္တံ့.”။

ထိုထိုမြို့ရွာရှိ ဆရာတော် သံဃာတော်တို့နှင့်တကွ သံဃ သာမဂ္ဂီ အသင်းကြီးများ၏ တာဝန်ကြီးပေတည်း။

## အဋ္ဌဝီသတိဂါထာ

* အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊ ဣဒ္ဓိမန္တော ဇုတိန္ဓရာ။
ဣဒ္ဓိယာ ဇုတိယာ တေသံ၊ အန္တရာယာ သမေန္တု မေ။

အစသို့

* သဗ္ဗေ ဒူရေ ပလာယန္တု၊ ပိသာစာ ယက္ခ ရက္ခသာ။ သမ္မာ
ဒေဝါ ပဝဿန္တု၊ မောဒန္တု သုခိတာ ဇနာ။

မှတ်ချက်။ ။ မိုးခေါင်မှုနှင့်ရွတ်သောအခါ၌ တစ်ခေါက် တစ်ခေါက်တွင် "သမ္မာ ဒေဝါ ပဝဿန္တု" ပုဒ်ကို ၃-ထပ် ၃-ထပ်စီ ဆိုရမည်။

## ငါးရံ့မင်း ပရိတ်တော်ကြီး

(၁) ပုနာပရံ ယဒါ ဟောမိ၊ မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယသန္တာပေ၊ သရေ ဥဒက ခီယထ။ ။

(၂) တတော ကာကာ စ ဂိဇ္ဈာ စ၊ ကင်္ကာ ကုလလ သေနကာ။
ဘက္ခယန္တိ ဒိဝါရတ္တိံ၊ မစ္ဆေ ဥပနိသီဒိယ။ ။

(၃) ဧဝံ စိန္တေသဟံ တတ္ထ၊ သဟ ဉာတီဟိ ပီဠိတော။
ကေန နု ခေါ ဥပါယေန၊ ဉာတိ ဒုက္ခာ ပမောစယေ။ ။

(၄) ဝိစိန္တယိတွာ ဓမ္မတ္ထံ၊ သစ္စံ အဒ္ဒသ ပဿယံ။
သစ္စေ ဌတွာ ပမောစေသိံ၊ ဉာတီနံ တံ အတိက္ခယံ။ ။

(၅) အနုဿရိတွာ သတံဓမ္မံ၊ ပရမတ္ထံ ဝိစိန္တယံ။
အကာသိ သစ္စကိရိယံ၊ ယံ လောကေ ဓုဝ သဿတံ။ ။

(၆) ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိဇာနာမိ သဉ္စိစ္စ၊ ဧကံ ပါဏမ္ပိ ဟိံသိတံ။ ။

(၇) ဧတေန သစ္စဝဇ္ဇေန၊ ပဇ္ဇုန္နော အဘိဝဿတု။
အဘိတ္ထနယ ပဇ္ဇုန္န၊ နိဓိံ ကာကဿ နာသယ။ ။

ကာကံ သောကာယ ရန္ဓေဟိ၊ မစ္ဆေ သောကာ ပမောစယ။

(၈) သဟ ကတေ သစ္စဝရေ၊ ပဇ္ဇုန္နော အဘိဂဇ္ဇိယ။ ။
ထလံ နိန္နဉ္စ ပူရေန္တော၊ ခဏေန အဘိဝဿထ၊
ဧဝရူပံ သစ္စဝရံ၊ ကတွာ ဝီရိယ မုတ္တမံ။ ။

(၉) ဝဿာပေသိ မဟာမေဃံ၊ သစ္စတေဇ ဗလဿိတော။
သစ္စေန မေ သမော နတ္ထိ၊ ဧသော မေ သစ္စပါရမီ။ ။

**[ဤကား ငါးရံ့မင်းပရိတ်တော်ကြီးပေတည်း]**

မိုးပရိတ်တော်ကြီးကို ရွတ်ကြရာ၌ ရတနသုတ်, မေတ္တသုတ်ပရိတ်များကို ရွတ်ပြီးမှ အဠဝီသတိဂါထာ, ငါးရံ့မင်းပရိတ်များကို ရွတ်ဆိုရမည်။

ဤစီမံချက်အတိုင်း မုံရွာမြို့မှာ ဝါဆိုလပြည့်နေ့တွင် မိုးပရိတ် ပွဲကြီးပြုလုပ်ကြသည့်အတွက် လပြည့်ကျော် ၈-ရက်နေ့တွင် မိုးအရေ ထန်စွာ ရွာသွန်းကြောင်း၊ ထို့နောက် ၂-ရက်နေ့, ၃-ရက်နေ့များတွင် ၂-ဆတက်တိုး၍ ရွာသွန်းကြောင်း၊ မုံရွာမြို့နယ် တဝှမ်းလုံးမှာ မိုးဦးစိုက်ပျိုးသော အသီးအပင်တို့ အောင်မြင် ချောမောသည်ဟု ဝမ်းသာအားရ ရှိကြကြောင်း၊ ဆရာတော်ဘုရားထံ မုံရွာမြို့က ပေးပို့သော လျှောက်လွှာကို တွေ့မြင်ရ၍ ဆရာတော်ဘုရားမှာ အလွန်ဝမ်းမြောက်ဝမ်းသာ ရှိရပေသည်။

**မိုးကမ္ဘဝါ စာတမ်းပြီး၏။**

အစသို့

# လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော မိုးကမ္မဝါကြီး

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣမသ္မိံ ဂါမခေတ္တေ ဝဿကာလေ သမ္မာ ဒေဝါ န ဝဿန္တိ၊ သမ္မာ မေဃာ န သိဉ္စန္တိ၊ မနုဿာ ကသိကမ္မာနိ ကာတုံ န လဘန္တိ၊ ဗီဇာနိ ဝပ္ပိတုံ န လဘန္တိ၊ ဝုတ္တာနိ စ ပုဗ္ဗဏ္ဏာပရဏ္ဏာနိ ဝုဒ္ဓိံ ဝိရုဠှိံ န ဂစ္ဆန္တိ၊ အန္တရာဝ သုဿိတွာ မရန္တိ၊ တဠာကေသု စ ပေါက္ခရဏီသု စ အာဝါဋ္ဋေသု စ သောဗ္ဘေသု စ ဥဒကာနိ ဆိဇ္ဇန္တိ၊ မနုဿာ စ တိရစ္ဆာနဂတာ စ ပါနီယဟေတု ပါနီယကာရဏာ အတိဒုက္ခပ္ပတ္တာ ဟောန္တိ၊ ဝဿကာရကာ ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ အတ္တနော ကိစ္စေသု ပမတ္တာ အဗျာဝဋ္ဋာ အပ္ပေါဿုက္ကာ ဘဝေယျုံ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဇ္ဇုန္နေ စ ဝလာဟကေ စ ဒေဝေ သမနုဘာသေယျ၊ သမနုသာသေယျ၊ ဧတေ ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ ဣဒ္ဓိမန္တာ ဟောန္တု၊ ဇုတိမန္တာ ဟောန္တု၊ ဝဏ္ဏဝန္တော ဟောန္တု၊ ယသဿိနော ဟောန္တု၊ ပိယေဟိ မနာပေဟိ ပုတ္တေဟိ စ ဒါရေဟိ စ ဉာတိမိတ္တေဟိ စ သဟ သမ္မောဒန္တု၊ ပမောဒန္တု။

သုဏန္တု မေ ဘောန္တော၊ ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ ဘာသိတံ မနသိကရောန္တု၊ ပဉ္စိမေ အနန္တဂုဏာ၊ ကတမေ ပဉ္စ၊ ဗုဒ္ဓဂုဏာ အနန္တာ၊ ဓမ္မဂုဏာ အနန္တာ၊ သံဃဂုဏာ အနန္တာ၊ မာတာပိတုဂုဏာ အနန္တာ၊ အာစရိယဂုဏာ အနန္တာ၊ ဣမေ ပဉ္စ အနန္တဂုဏာ ပဇ္ဇုန္နာနဉ္စ ဝလာဟကာနဉ္စ ဒေဝါနံ သီသေသု တိဋ္ဌန္တိ၊ ပဇ္ဇုန္နာ စ ဝလာဟကာ စ

ဒေဝါ ဣမေဟိ ပဉ္စဟိ အနန္တဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ ဗုဒ္ဓဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ ဓမ္မဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ သံဃဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ မာတာပိတုဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ အာစရိယဂုဏစက္ကေဟိ သမ္မာဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ န ပဇ္ဇုန္နေဟိ စ ဝလာဟကေဟိ စ ဒေဝေဟိ အတ္တနော ကိစ္စေသု ပမတ္တေဟိ အဗျာဝဋေဟိ အပ္ပေါဿုက္ကေဟိ ဘဝိတဗ္ဗံ၊ အယံ သံဃဿ အနုသာသနီတိ၊ ဧသော ဥတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣမသ္မိံ ဂါမခေတ္တေ ဝဿကာလေ သမ္မာ ဒေဝါ န ဝဿန္တိ၊ သမ္မာ မေဃာ န သိဉ္စန္တိ၊ မနုဿာ ကသိကမ္မာနိ ကာတုံ န လဘန္တိ၊ ဗီဇာနိ ဝပ္ပိတုံ န လဘန္တိ၊ ဝုတ္တာနိ စ ပုဗ္ဗဏ္ဏာပရဏ္ဏာနိ ဝုဒ္ဓိံ ဝိရူဠှိံ န ဂစ္ဆန္တိ၊ အန္တရာဝ သုဿိတွာ မရန္တိ၊ တဠာကေသု စ ပေါက္ခရဏီသု စ အာဝါဋေသု စ သောဗ္ဘေသု စ ဥဒကာနိ ဆိဇ္ဇန္တိ၊ မနုဿာ စ တိရစ္ဆာနဂတာ စ ပါနီယဟေတု ပါနီယကာရဏာ အတိဒုက္ခပ္ပတ္တာ ဟောန္တိ၊ ဝဿကာရကာ ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ အတ္တနော ကိစ္စေသု ပမတ္တာ အဗျာဝဋာ အပ္ပေါဿုက္ကာ ဘဝေယျုံ၊ သံဃော ပဇ္ဇုန္နေ စ ဝလာဟကေ စ ဒေဝေ သမနုဘာသတိ၊ သမနုသာသတိ၊ ဧတေ ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ ဣဒ္ဓိမန္တာ ဟောန္တု၊ ဇုတိမန္တာ ဟောန္တု၊ ဝဏ္ဏဝန္တော ဟောန္တု၊ ယသဿိနော ဟောန္တု၊ ပိယေဟိ မနာပေဟိ ပုတ္တေဟိ စ ဒါရေဟိ စ ဉာတိမိတ္တေဟိ စ သဟ သမ္မောဒန္တု၊ ပမောဒန္တု။

သုဏန္တု မေ ဘောန္တော၊ ပဇ္ဇုန္နော စ ဝလာဟကာ စ ဒေဝါ ဘာသိတံ မနသိကရောန္တု၊ ပဉ္စိမေ အနန္တဂုဏာ၊ ကတမေ ပဉ္စ၊ ဗုဒ္ဓဂုဏာ အနန္တာ၊ ဓမ္မဂုဏာ အနန္တာ၊ သံဃဂုဏာ အနန္တာ၊ မာတာပိတုဂုဏာ အနန္တာ၊ အာစရိယဂုဏာ အနန္တာ၊ ဣမေ ပဉ္စ အနန္တဂုဏာ ပဇ္ဇုန္နာနဉ္စ ဝလာဟကာနဉ္စ ဒေဝါနံ သီသေသု တိဋ္ဌန္တိ၊ ပဇ္ဇုန္နော စ ဝလာဟကာ စ ဒေဝါ ဣမေဟိ ပဉ္စဟိ အနန္တဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ ဗုဒ္ဓဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ ဓမ္မဂုဏစက္ကေဟိ သမ္မာဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ သံဃဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ မာတာပိတုဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ အာစရိယဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု၊ န ပဇ္ဇုန္နေဟိ စ ဝလာဟကေဟိ စ ဒေဝေဟိ အတ္တနော ကိစ္စေသု ပမတ္တေဟိ အဗျာဝဋေဟိ အပ္ပေါဿုက္ကေဟိ ဘဝိတဗ္ဗံ၊ အယံ သံဃဿ အနုသာသနီတိ၊ ယဿာယသ္မတော ခမတိ၊ ဧတေသံ ပဇ္ဇုန္နာနဉ္စ ဝလာဟကာနဉ္စ ဒေဝါနံ သမနုဘာသနာ သမနုသာသနာ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ၊ သုဏာတု မေ ဘန္တေ သံဃော၊ ဣမသ္မိံ ဂါမခေတ္တေ။ (လ) ။ သော ဘာသေယျ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ၊ သုဏာတု မေ ဘန္တေ သံဃော၊ ဣမသ္မိံ ဂါမခေတ္တေ။ (လ) ။ သော ဘာသေယျ။

အစသို့

သမနုဘဏ္ဍာ သံဃေန ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ န ပဇ္ဇုန္နေဟိ စ ဝလာဟကေဟိ စ ဒေဝေဟိ အတ္တနောကိစ္စေသု ပမတ္တေဟိ အဗျာဝဋ္ဌေဟိ အပ္ပေါသ္သုက္ကေဟိ ဘဝိတဗ္ဗန္တိ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

**မိုးကမ္ဘဝါကြီး ပြီး၏။**

--------------------

# မိုးကမ္ဘဝါ ဖတ်ပွဲ အစီအစဉ်

ဤမိုးကမ္ဘဝါကြီးကို ဖတ်ကြရာ၌လည်း မုံရွာမြို့ လယ်တီတိုက် မှာ မိုးပရိတ်ကြီးကို ဖတ်ကြရာ၌ကဲ့သို့ ဘုရားပူဇော် ပသပြီးမှ ဤ မိုး ကမ္ဘဝါကြီးကို ဖတ်ကြကုန်ရမည်၊ ဖတ်ကြကုန်ရာ၌လည်း မိုးပရိတ်ကြီး မှာ ရဟန်းသံဃာများ မပါဘဲ လူဖြစ်သူတို့ချည်းပင် ဖတ်ရ၏၊ ဤမိုး ကမ္ဘဝါ၌မူကား ရဟန်းသံဃာ ၄-ပါးထက် မနည်းစေရ၊ ရဟန်းသံဃာ များလျှင် များတိုင်း ကောင်း၏၊ ပုဒ် ပါဌ် အက္ခရာကို မှန်ကန်စွာ သိတတ် ဖတ်တတ်သော ရဟန်းတစ်ပါးက စာကိုကြည့်၍ တိုင်ရမည်၊ ကျန်ရှိသော ရဟန်းတို့က တညီတညာလိုက်၍ ရွတ်ဆိုကြကုန်ရမည်၊ အညီအညာ လိုလှ၏၊ ကြားနာသော သူတို့၏ နား၌ ပုဒ် အက္ခရာပီသစွာ ကြားနိုင် လောက်အောင် ညီညာကြစေရမည်။

မိုးကမ္ဘဝါကြီး ပြုလုပ်သောနေ့တွင် နံနက်တစ်ကြိမ်, နေ့လည် တစ်ကြိမ်, ညနေတစ်ကြိမ်ဖတ်ကြရာ၌ တစ်ကြိမ် တစ်ကြိမ်မှာ တစ်နာရီခွဲ မျှ ကြာစေရမည်၊ ၂-ခေါက်ထက်လည်း မနည်းစေရ၊ ထို့ထက် အခေါက် များနိုင်လျှင် သာ၍ကောင်း၏၊ ရဟန်းခံ ကမ္ဘဝါ-စသည်တို့၌ကဲ့သို့ ပြင်းထန်စွာ ရွတ်မှုမလိုလှ၊ အသံကျယ်စွာ ရွတ်မှုသာ လိုလှ၏။

**မိုးကမ္ဘဝါဖတ်ပွဲ အစီအရင် ပြီး၏။**

ထိပ်သို့

## ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
## စီရင်တော်မူသော

# မိုးအမိန့်တော်ပြန်တမ်းကြီး

“အို-အထက်တစ်ခွင် မိုးကောင်းကင်၌ အစဉ်ရှိနေကြကုန်သော ဝလာဟက ပဇ္ဇုန္နဟု နာမထင်ရှား နတ်မင်းများတို့ . . .

[မုံရွာမြို့ လယ်တီတိုက်] နေ ရဟန်းတော် သံဃာတော်များတို့၏ ထုတ်ဖော်မိန့်ကြား ဆိုစကားကို ထောင်နားကျကျ နာခံကြပါကုန်လော”-

ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမျှ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူ ပေသော သင်တို့ဆရာ ငါတို့ဆရာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားကြီးသည် ဟောကြားတော်မူအပ်ကုန်သော အနန္တ တရားကြီး ၅-ပါးတို့သည် ဗုဒ္ဓဘာသာ သာသနာအဝင်၌ ထင်ရှားရှိပေ ကုန်၏။

ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော၊

ဤ ၅-ပါးတို့ပေတည်း။

ဤ အနန္တတရားကြီး ၅-ပါးတို့သည် ငါတို့မြတ်စွာဘုရားကြီး၏ တပည့်သား ဖြစ်ကြကုန်သော ဗုဒ္ဓဘာသာ သာသနာဝင် ရှင်လူအများ တို့၏ အဆုတ်အသဲ နှစ်လုံးထဲမှာ အမြဲတည်ရှိကြပေကုန်၏၊ ငါတို့မြတ်စွာ ဘုရား၏ တပည့်သားတော်ဖြစ်ကြပေကုန်သော အထက်တစ်ခွင် ကောင်း ကင်တရှိုး နတ်အမျိုးတို့၏ အဆုတ်အသဲ နှလုံးထဲမှာလည်း အမြဲတည်ရှိ ကြပေကုန်၏။

ထိပ်သို့

ဤအနန္တတရားကြီး ၅-ပါးတို့၏ ကောင်းကျိုးဖလ အနန္တတို့ကိုလည်း ယခုဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် သင်တို့ ငါတို့ မချို့ အမှန် ခံစား စံစားကြရကုန်လတ္တံ့။

ထိုအနန္တဂုဏ်ထူး ကျေးဇူးတော်ကြီး ၅-ရပ်တို့ကို သိတတ်, မြင်တတ် မတိမ်မမြုပ် ဖော်ထုတ် ပြောဆိုတတ်ကြကုန်သော သူတို့သည် “ကတညုတ ကတဝေဒိတာ”သူတော်ကောင်းအင်္ဂါ မင်္ဂလာတရားကြီးနှင့် ပြည့်စုံသော သူတို့ပေတည်း။

ထိုအနန္တဂုဏ်ထူး ကျေးဇူးတော်ကြီး ၅-ပါးတို့သည်လည်း ထိုကျေးဇူးတော်တို့ကို အမြဲနိစ္စ ခံစံကြရကုန်သောသူတို့၌ ကျေးဇူးမြီ, ကျေးဇူးကြွေး ဝန်မလေးကြရအောင် တတ်အားသမျှ ပေးဆပ်ပူဇော်ကြရမြဲ ဝတ္တရားကြီးသည် ရှိကြကုန်၏။

အမိကျေးဇူး, အဘကျေးဇူးများကဲ့သို့၊ ဘုရားကျေးဇူးအနန္တ, တရားကျေးဇူးအနန္တ, သံဃကျေးဇူးအနန္တတို့၌ ကျေးဇူးမြီ, ကျေးဇူးကြွေး ဝန်မလေးကြရအောင် ဆပ်ပေးပူဇော်မှုကြီးဆိုသည်ကား ပိဋကတ်သုံးပုံနှင့်တကွ ဘုရားသာသနာတော်ကြီးကို ဆုတ်ယုတ်လျော့ပါး မရှိရအောင် ကြောင့်ကြစိုက်ထုတ်မှု တည်တန့်ခိုင်မြဲအောင် ကြောင့်ကြစိုက်ထုတ်မှုများပေတည်း။

ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့မှာ စာချပုဂ္ဂိုလ်, စာသင် ပုဂ္ဂိုလ်များကို ပစ္စည်း ၄-ပါးထောက်ပံ့မှု၊ ဝိနည်းစာပြန်ပွဲ အဘိဓမ္မာ စာပြန်ပွဲကြီးများ ပြုလုပ်မှု၊ လက္ခ ကံကြွေး, ကြေးငွေပေး၍ ပိဋကတ်စာအုပ်, ပိဋကတ်စာထုပ်တို့ကို တည်ထောင်မှု ပိဋကတ်ကျောက်စာတို့ကို ရေးထုတည်ထောင်မှုများပေတည်း။

အစသို့

ယခုအခါ၌ ငါတို့မြန်မာနိုင်ငံမှာ ထိုအမှုများကို ပြုလုပ်အားထုတ်လျက် ရှိကြပေကုန်၏၊ ငါတို့မြတ်စွာဘုရား၏ တပည့်သားတော်ဖြစ်ကြပေကုန်သော နတ်အများတို့၏ဆိုင်ရာ ကျေးဇူးမြီ, ကျေးဇူးကြွေးဝန်မလေးကြရအောင် ဆပ်ပေးမှုမှာမူကား ပိဋကတ်သုံးပုံနှင့်တကွ ဗုဒ္ဓဘာသာ သာသနာတော်ကြီးတည်ရှိရန် နိုင်ငံမြို့ရွာတို့၌ ဘီးလူးမျိုး, သားရဲ သားဘက်မျိုး, နတ်ဆိုး နတ်ဝါးမျိုးတို့ ထကြွသောင်းကျန်းမှုကြောင့် လူတို့၌လည်းကောင်း၊ ကျွဲ, နွားစသောတိရစ္ဆာန်သတ္တဝါတို့၌လည်းကောင်း ကျရောက် ဖြစ်ပွားတတ်သော ရောဂါဆိုး, အနာဆိုး, ကပ်, ဥပဒ်မျိုးတို့မှ ကင်းလွတ်ကြအောင် စောင့်ရှောက်ကွယ်ကာမှုကြီးတစ်ပါး၊ မိုးအခါ၌ မိုးလုံလောက်စွာ မရွာသည့်အတွက်ကြောင့် ဖြစ်တတ်သော ငတ်မွတ်ခေါင်းပါးခြင်းဘေးတို့မှ ကင်းလွတ် စောင့်ရှောက်ကြရအောင် ကာကွယ်မှုကြီးတစ်ပါး၊ ဤအမှုကြီး ၂-ပါးတို့သည် နတ်များတို့၏ဆိုင်ရာ ဘုရားကျေးဇူး တရားကျေးဇူး, သံဃာ့ကျေးဇူးများကို ဆပ်ပေးမှုများပေတည်း။

ဤ ၂-ပါးတို့တွင်လည်း ရောဂါဆိုး, အနာဆိုး, ကပ်, ဥပဒ်မျိုးတို့မှ ကင်းလွတ်ကြအောင် စောင့်ရှောက်ကွယ်ကာမှုကြီးသည် စတုမဟာရာဇ် နတ်မင်းကြီးများနှင့် နတ်စစ်သူကြီးများတို့၏ ဆိုင်ရာပေတည်း။

မိုးမရွာသည့်အတွက် ငတ်မွတ်ခေါင်းပါးမှုတို့မှ ကင်းလွတ်ကြရအောင် စောင့်ရှောက်ကာကွယ်မှုကြီးသည် ဝလာဟကနတ် ပဇ္ဇုန္နနတ်များတို့၏ ဆိုင်ရာပေတည်း။

ယခုအခါ ဗုဒ္ဓဘာသာ သာသနာတော်ကြီး၏တည်ရှိရာ [မုံရွာမြို့] နယ်ပယ်အတွင်း၌ မိုးလအခါ မိုးလုံလောက်စွာ မရွာမှုကြီး ဆိုက်ရောက်လျက် ရှိနေချေပြီ။

အို--မိုး၏ဆိုင်ရာ ဝလာဟက ပဇ္ဇုန္နဟု နာမထင်ရှား နတ်မင်းများတို့- -မြတ်စွာဘုရား၏ ကျေးဇူးတော် ဂုဏ်မြီရပ်ကို ဆပ်ပေးကြကုန်လော့၊ မိုးတို့ကို ကောင်းစွာ ရွာစေကြကုန်လော့၊ တရားတော်မြတ်၏ကျေးဇူးတော် ဂုဏ်မြီရပ်ကို ဆပ်ပေးကြကုန်လော့၊ မိုးတို့ကို ကောင်းစွာ ရွာစေကြကုန်လော့၊ သံဃာတော်မြတ်တို့၏ ကျေးဇူးတော် ဂုဏ်မြီရပ်ကို ဆပ်ပေးကြကုန်လော့၊ မိုးတို့ကို ကောင်းစွာ ရွာစေကြကုန်လော့။

ရှေးအခါ ကမ္ဘာပေါင်း ၇-သင်္ချေအတွင်း၌ ငါးသိန်းကုန်သော ဘုရားရှင်တို့သည် ဖြစ်ပွင့်တော်မူပေကုန်၏၊ ငါတို့၏ ဘုရားအလောင်းတော်သူမြတ်သည် နုလှစွာသော မုဒုပုဂ္ဂိုလ်အဖြစ်၌တည်၍ ထိုငါးသိန်းကုန်သော ဘုရားရှင်တို့အထံ၌ သဗ္ဗညုဘုရားဆုကြီးကို ပန်ဆင်တော်မူ၏၊ ထို ငါးသိန်းကုန်သော ဘုရားရှင်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့် ဤ [မုံရွာမြို့] နယ်ပယ်တစ်ဝှမ်းလုံး၌ မိုးတို့သည် ကောင်းစွာရွာစေကုန်သတည်း။

ထိုမှနောက် ကမ္ဘာပေါင်း ၉-သင်္ချေအတွင်း၌ (၁၂၀၀၀) တစ်သောင်းနှစ်ထောင်ကုန်သော ဘုရားရှင်တို့သည် ဖြစ်ပွင့်တော် မူကြကုန်၏၊ ငါတို့၏ ဘုရားအလောင်းတော်သူမြတ်သည် အလတ်ဖြစ်သော မဇ္ဈိမပုဂ္ဂိုလ်အဖြစ်၌တည်၍ (၁၂၀၀၀) တစ်သောင်း နှစ်ထောင်ကုန်သော ဘုရားရှင်တို့၏အထံ၌ သဗ္ဗညုဘုရားဆုကြီးကို ပန်ဆင်တော်မူ၏၊ ထို (၁၂၀၀၀) တစ်သောင်း နှစ်ထောင်ကုန်သော ဘုရားရှင်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့် [မုံရွာမြို့]နယ် တစ်ဝှမ်းလုံး၌ မိုးတို့သည် ကောင်းစွာရွာစေကုန်သတည်း။

ထိုနောက် ၄-သင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း၌ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့သည် ဖြစ်ပွင့်တော်မူပေကုန်၏၊ ငါတို့ဘုရား

အလောင်းတော် သူမြတ်သည် ရင့်မာသောတိက္ခပုဂ္ဂိုလ်အဖြစ်၌တည်၍ ထိုနှစ်ကျိပ် ရှစ်ဆူကုန်သော ဘုရားရှင်တို့၏အထံ၌ သဗ္ဗညုဘုရား ဆုကြီးကို ပန်ဆင်တော်မူ၏၊ ထိုနှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့် [မုံရွာမြို့] နယ်တစ်ဝှမ်းလုံး၌ မိုးတို့သည် ကောင်းစွာ ရွာစေကုန်သတည်း။

ဤသို့လျှင် သင်္ချေ ၂၀-အတွင်း၌ ဖြစ်ပွင့်တော်မူကြကုန်သော (၅၁၂၀၂၈) ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့် [မုံရွာမြို့] နယ် တစ်ဝှမ်းလုံး၌ မိုးတို့သည် ကောင်းစွာရွာစေကုန်သတည်း။

“အို . . . မိုး၏ဆိုင်ရာ ဝလာဟက ပဇ္ဇုန္နဟု နာမထင်ရှား နတ်မင်းများတို့ . . . သီလ သမာဓိ ပညာ သိက္ခာသုံးဝ ပြည့်စုံလှ၍ တိက္ခ ဂမ္ဘီရ ဉာဏသခင် အကျွန်ုပ်တို့၏ ကျေးဇူးရှင်ကြီး ဖြစ်တော်မူသော ပထမ လယ်တီဆရာတော် ဘုရားကြီးသည် အနှစ် ၂၀-တိုင်တိုင် မယိုင်မယိမ်း မတိမ်းမတ်မတ် ဝီရိယဓာတ်ဖြင့် မြတ်စွာဗုဒ္ဓ အစရှိသား သံဃာတော်များ တို့အား ကြီးမားသောစေတနာ သဒ္ဓါဗလဝ အတိဉက္ကဋ္ဌ ဝီရိယဓာတ် တို့ဖြင့် ရေကုသိုလ်များကို ကြိုးစားအားထုတ် ပြုလုပ်ခဲ့ဘူးလေပြီ။

ထိုကျေးဇူးတော်ရှင် မဟာထေရ်မြတ်ကြီး၏ ကြီးမြတ်သော သီလတန်ခိုး, ကြီးမြတ်သော သမာဓိတန်ခိုး, ကြီးမြတ်သော ပညာတန်ခိုး တို့ကြောင့်လည်း အသင်နတ်မင်းတို့သည် ဤ [စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့] နယ် တစ်ဝှမ်းလုံး၌ မိုးရေအယဉ်တို့သည် သွင်သွင် ရိုက်ချိုး မိုးလုံးမဲမှောင် တိမ်တောင်တိမ်လိပ် ဖုံးပိတ်ကာလွှမ်း ( ရွာသွန်းကြပါစေ ကုန်လော့- ၃ ) ရွာသွန်းကြပါစေကုန်သတည်း။

ထိုကျေးဇူးတော်ရှင် လယ်တီဆရာတော်မြတ်ဘုရားကြီး၏ ကြီးမားသော ရေကုသိုလ်စု မြတ်ကောင်းမှု ကြောင့်လည်း အသင်နတ်မင်းတို့သည် ဤ [စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့] နယ် တစ်ဝှမ်းလုံး၌ မိုးရေအယဉ်တို့သည် သွင်သွင်ရိုက်ချိုး မိုးလုံးမဲမှောင် တိမ်တောင် တိမ်လိပ် ဖုံးပိတ်ကာလွှမ်း (ရွာသွန်းကြပါစေကုန်လော့-၃) ရွာသွန်းကြပါစေကုန်သတည်း။

ထိုကျေးဇူးတော်ရှင် လယ်တီဆရာတော်မြတ်ဘုရားကြီး၏ ကြီးမားသော ရေကုသိုလ်မှု အဖို့အစုတို့ကို မိုးရပ်ပျော်ပါး အသင် မိုးနတ်သားတို့အား မခြားကိုယ့်တူ ကြည်ဖြူစွာလှူ အမျှပေးဝေခဲ့ဖူးလေပြီ၊ ထိုကျေးဇူးတော်သခင် လယ်တီရှင်၏ သွင်သွင်ဝေငှ ပေးဝေသော အမျှကို ရခဲ့သောအား ရည်မှတ်သား၍ အသင်နတ်မင်းတို့သည် မြတ်ဖျား လယ်တီ ပျော်စံမှီ၍ ရွှင်ကြည်နှလုံး သီတင်းသုံးကာ နေခဲ့ဖူးရာဖြစ်သော ဤ [စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့] နယ် တစ်ဝှမ်းလုံး၌ ထန်ပြင်း တစ်ရပ် ကျေးဇူးဓာတ်ကို တုံ့ဆပ်သောထွေ မိုးရေအယဉ်တို့ကို သွင်သွင်ရိုက်ချိုး မိုးလုံးမဲမှောင် တိမ်တောင်တိမ်လိပ် ဖုံးပိတ်ကာလွှမ်း (ရွာသွန်းကြပါစေကုန်လော့- ၃ ) ရွာသွန်းကြပါစေကုန်သတည်း။

(ဤပြန်တမ်းကြီးကို မိုးပရိတ်ကြီး ရွတ်ပြီးအဆုံး၌လည်းကောင်း၊ မိုးကမ္ဘဝါစာကြီး ဖတ်ပြီးအဆုံး၌လည်းကောင်း၊ ကျယ်စွာသော အသံဖြင့် တစ်ကြိမ်ဖတ်ရမည်၊ မိုးပရိတ်ကြီး မိုးကမ္ဘဝါစာကြီးများကို မဖတ်မူ၍ ဤပြန်တမ်းကြီးသက်သက်ကို အခေါက်များစွာ ဖတ်ကြပါလျှင် မိုးသည် ဧကန်ရွာလိမ့်မည်။)

အမှာ။ ။ ဤ " " အတွင်းပါ စကားတို့သည် မူရင်းစာတို့၌ မပါချေ၊ အခါအားလျော်စွာ နောက်မှ ထည့်သွင်းသော စကားများ ဖြစ်သည်။

မိုးအမိန့်တော် ပြန်တမ်းကြီးပြီး၏။

------*------

အစသို့

# ပဗ္ဗာဇနီယ ကမ္မဝါစာ

နမော တဿ ဘ*ဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓ*ဿ။

(သုံးခေါက်ဆို)

သုဏာ တု မေ ဘ*န္တေ သံဃော*၊ ယေ တေ အမနုဿာ က္ကုမသိမ္မိံ ဂါမေ ဝသန္တာ ဗုဒ္ဓေ * အပ္ပသန္နာ ဓ*မ္မေအပ္ပသန္နာ သံဃေ*အပ္ပသန္နာ ဝိရူပါ ဝိဂစ္ဆာ* ဒုဒ္ဒသိကာ စဏ္ဍာ ဝါဠာ ဒုဋ္ဌာ* ဥံရုဒ္ဓါ *ဩရုဒ္ဓါ* အဝရုဒ္ဓါ *၊ တေ ဂါမံ ဝိဟေသေယျုံ, ဝိဟေဌေ*ယျုံ, ဝိနာသေယျုံ အပရဇ္ဈေ *ယျုံ၊ ယဒိ သံဃ*ဿ ပတ္တကလ္လံ၊ သံဃော* တေ အမနုဿေဟိ အဝရုဒ္ဓေ*ဟိ က္ကုမသိမ္မိံ ဂါမေ ဝတ္ထ*ဗ္ဗန္တိ၊ ဧသော ဉတ္တိ။

သုဏာတု မေ ဘ*န္တေ သံဃော*၊ ယေ တေ အမနုဿာ က္ကုမသိမ္မိံ ဂါမေ ဝသန္တာ ဗုဒ္ဓေ *အပ္ပသန္နာ ဓ*မ္မေ အပ္ပသန္နာ သံဃေ*အပ္ပသန္နာ ဝိရူပါ ဝိဂစ္ဆာ* ဒုဒ္ဒသိကာ စဏ္ဍာ ဝါဠာ ဒုဋ္ဌာ ဥရုဒ္ဓါ *ဩရုဒ္ဓါ* အဝရုဒ္ဓါ*၊ တေ ဂါမံ ဝိဟေသေယျုံ, ဝိဟေဌေ*ယျုံ, ဝိနာသေယျုံ, အပရဇ္ဈေ *ယျုံ၊ သံဃော* တေ, အမနုဿေ အဝရုဒ္ဓေ* ပဏာမေတိ, ပဗ္ဗာဇေတိ, ပဋိက္ကာမေတိ၊ န တေဟိ အမနုဿေဟိ အဝရုဒ္ဓေ*ဟိ က္ကုမသိမ္မိံ ဂါမေ ဝတ္ထ*ဗ္ဗန္တိ၊ ယဿာ ယသ္မတော ခ*မတိ တေသံ အမနုဿာနံ အဝရုဒ္ဓါ*နံ ပဏာမနာ, ပဗ္ဗာဇနာ, ပဋိက္ကာမနာ၊ န တေဟိ အမနုဿေဟိ အဝရုဒ္ဓေ*ဟိ က္ကုမသိမ္မိံ ဂါမေ ဝတ္ထ*ဗ္ဗန္တိ၊ သော တုဏှဿ၊ ယဿ နက္ခ*မတိ၊ သော ဘာ*သေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ* ဝဒါမိ၊ သုဏာ တု မေ ဘ*န္တေ သံယော*၊ (ပ) ။ သော ဘာ*သေယျ။

တတိယမ္ပိ ဧတမတ္ထံ* ဝဒါမိ၊ သုဏာ တု မေ ဘ*န္တေ သံယော*၊ (ပ) ။ သော ဘာ*သေယျ။

ပဏာမိတာ သံဃေ*န အမနုဿာ အဝရုဒ္ဓါ* န တေဟိ အမနုဿေဟိ အဝရုဒ္ဓေ*ဟိ ကမ္မသ္မိံ ဂါမေ ဝတ္ထ*ဗ္ဗန္တိ၊ ခ*မတိ သံဃ*ဿ၊ တသ္မာ တုဏှီ ဧဝမေတံ ဓာ*ရယာမိ။ ။ ပဗ္ဗာဇိတာ သံဃေ*န အမနုဿာ အဝရုဒ္ဓါ*၊ ပဋိက္ကာမိတာ သံဃေ*န အမနုဿာ အဝရုဒ္ဓါ*၊ ပက္ကမထ* တုမှေ အမနုဿာ အဝရုဒ္ဓါ*၊ ပဋိက္ကမထ* တုမှေ အမနုဿာ အဝရုဒ္ဓါ* နဿထ* တုမှေ အမနုဿာ အဝရုဒ္ဓါ* ဝိနဿထ* တုမှေ အမနုဿာ အဝရုဒ္ဓါ*၊ ပက္ကန္တာ ပက္ကန္တာဝ ဟောထ*၊ ပဋိက္ကန္တာ ပဋိက္ကန္တာဝ ဟောထ*၊ နဋ္ဌာ* နဋ္ဌာ*ဝ ဟောထ*၊ ဝိနဋ္ဌာ* ဝိနဋ္ဌာ*ဝ ဟောထ*။

**[(*) ပြသောအက္ခရာမှာ အသံပြင်းထန်စွာလွှတ်၍ဖတ်။]**

ပဗ္ဗာဇနီယကမ္မဝါစာပြီး၏။

--o--

# သတိပြုရန်

ရောဂါဆိုး, အနာဆိုး, ကပ်ဥပဒ်မျိုးတို့ကို ပျောက်ငြိမ်း စေတတ်သော ပဗ္ဗာဇနီယကမ္မဝါစာကြီးပေတည်း၊ ရောဂါဆိုး, အနာဆိုး သည်ကား- ပုလိပ်ဖျားရောဂါမျိုး, တုပ်ကွေးဖျားရောဂါမျိုး, ကာလဝမ်းရောဂါမျိုး, ကျောက်ဆိုး, ဝက်သက်ဆိုး ရောဂါမျိုးများပေတည်း၊ မြို့ရွာတို့၌ ထိုရောဂါဆိုးများ ကျရောက်ခဲ့သော် လူသန်လူမြန်တို့ကို အသင်းပေါင်း ၂-သင်း၊ ၃-သင်းဖွဲ့ရမည်။

တစ်သင်းလျှင် လူနှစ်ကျိပ်ထက် မနည်းစေရ၊ မြို့လမ်းမ, ရွာလမ်းမတို့၌ မတ်တတ်လျှောက်သွား၍ တစ်ယောက်က စာကိုကြည့် လျက်တိုင်ရမည်၊ အများတို့က တညီတညာတည်း ကျယ်စွာသော အသံတို့ဖြင့် လိုက်၍ ဆိုကြရမည်။

ရဟန်းဖြစ်သူ တိုင်လျှင် သာ၍ကောင်း၏၊ နေ့ချင်း, ညချင်း ပျောက်ငြိမ်းလိမ့်မည်၊ နွားခြံ, ကျွဲခြံတို့၌ နွားနာဆိုး, ကျွဲနာဆိုး ကျရောက်ခဲ့သော် နွားခြံ, ကျွဲခြံတွင်းသို့ဝင်၍ ဖတ်ရမည်၊ ကျောင်းတို့၌ လည်းကောင်း, အိမ်တို့၌လည်းကောင်း အခြောက်အခြိမ်းရှိနေခဲ့သော် ထိုကျောင်း ထိုအိမ်အတွင်း၌ ဖတ်ရမည်။

ဒုတိယ, တတိယ ကမ္မဝါစာတို့၌ ပေယျာလ၊ ထိုး၍ ရေးလိုက်သည်၊ ပေယျာလကိုတွေ့လျှင် ပဌမ ၁-ဂဏန်းအတိုင်း အကျယ်ထုတ်ဖော်၍ ဖတ်ရမည်။

အန္တရာယ်ကင်း ကမ္မဝါစာ ပြီး၏။

-------------

ဤတွင်ရွှေ့ကား မိုးကမ္မဝါစာ စာတမ်း,

အန္တရာယ်ကင်း ကမ္မဝါစာကျမ်း ပြီးပြီ။